



http://www.cherrythitsar.org

ဝါ တို့
စာ ပေ


အမှတ် ၇၅ (ဒီ)၊ ဖိုးစိန်လမ်းနှင့် ဗျိုင်းရေအိုးစင်လမ်းထိပ်၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၇၂၁၃၄၅၊ ၅၅၉၇၇၃

မှ

ထုတ်ဝေသည်။

ပန်းရှက်ဝေစာပေ (၃၂–လမ်း)

မှ

တစ်ပြည်လုံးသို့ဖြန့်ချိသည်။


http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| မျက်နှာဖုံးခွင့်ပြုချက် | – | ၁၁၄၀/ ၂၀၀၃(၉) |
| အတွင်းစာသားခွင့်ပြုချက် | – | ၁၂၉၄/ ၂၀၀၃(၉) |
| အတွင်းပုံနှိပ် | – | ဦးကျော်ဌေးမင်း<br>အောင်သိန်းသန်းပုံနှိပ်တိုက် |
| မျက်နှာဖုံးပုံနှိပ်တိုက် | – | တွတ်ပီပုံနှိပ်တိုက် |
| ထုတ်ဝေသူ | – | ဒေါ်မိုးကေခိုင်<br>(ချိုတေးသံစာပေ) |
| မျက်နှာဖုံးဒီဇိုင်း | – | ဘိုဘိုထွန်း |
| အတွင်းဒီဇိုင်း | – | ကျော်ဇေ (**Hepta**) |
| ကွန်ပျူတာစာစီ | – | **Great Service** |
| ပုံနှိပ်ခြင်း | – | တတိယအကြိမ်<br>၂၀၀၃၊ အောက်တိုဘာလ၊ |
| တန်ဖိုး | – | ၉၀၀ |
| အုပ်ရေ | – | ၅၀၀ |


http://www.cherrythitsar.org



# ကျွန်တော်နှင့်ကြယ်ကြွေသတို့သမီး

http://www.cherrythitsar.org

တေလေမီးတောက်

ဆောင်းဦးပေါက် အရက်တစ်အိုး

မြူခိုးဝေဝေ.... ညများနဲ့

ကျွန်တော်လွယ်ချင်တဲ့ ဓားတစ်လက်အကြောင်း

http://www.cherrythitsar.org

## (၁)

မျက်စိဖွင့်ဖွင့်ချင်းမှာ မြင်လိုက်မိတာကတော့ ဆူဖြိုးဝအစ်နေတဲ့ ခရေပင်ကြီးကိုပါပဲ။ တိုက်နေတဲ့ လေစီးတအီအီမှာ ခရေရွက်တွေကလည်း စိမ်းမြလှိုင်းခတ်နေကြတယ်။ နေခြည်မျှင်တွေက ကျွန် တော့်ကိုယ်ပေါ်ကို ဝါကျင်ကျင် လွှင့်ဝဲကျလို့။

"ကောင်လေး နိုးပြီလား"

ကျွန်တော် လှည့်ကြည့်လိုက်တော့ မနေ့ကလူကို တွေ့ရတယ်။ နှစ်ခါ၊ သုံးခါ ထပ်စဉ်းစားလိုက်မှ သူ့နာမည်ကို ပြန်သတိရလာတယ်။

"ကိုရွှေဆုံ"

"အေး နိုးရင်လာ၊ လက်ဖက်ရည်သွားသောက်ကြမယ်"

"ဒီနားမှာ လက်ဖက်ရည်ဆိုင် ရှိသလား"

ရွှေစလွယ်၊ ငွေစလွယ်တွေ ချိတ်ထားတဲ့ ဒီဆိတ်ငြိမ်ရပ်ကွက်ထဲမှာ ကျွန်တော်တို့ ထိုင်စရာ လက်ဖက်ရည်ဆိုင် ရှိနေသလား။ ကျွန် တော်ဝေဝါး အံ့သြနေချိန်မှာ ကိုရွှေဆုံက မလှမပ ရယ်တယ်။

"မီးဖိုခန်းမှာ သွားသောက်ရမှာကွ၊ ဒီအိမ်မှာ တို့ အလုပ်သမား တွေကို မနက်တိုင်း လက်ဖက်ရည်တိုက်တယ်။ မင်းအတွက်လည်း ထည့်ဖျော်ထားတယ်၊ လာ. . . လာ"

ကျွန်တော်က သူ့နောက်ကို လိုက်ဖို့ ဝါးကြမ်းအိပ်စင်ပေါ်က ဆင်းလိုက်တယ်။ သူက ကျွန်တော့် တစ်ကိုယ်လုံးကို ခြုံရုံ အကဲခတ်ပြီး. . .

"မင်းအဝတ်အစားတွေကို သူတို့ လဲပေးလိမ့်မှာပါ"

"မလဲပေးလည်း ကိစ္စ မရှိပါဘူးဗျာ၊ ရပါတယ်"

"ဟေ့. . . ဟေ့. . . မရဘူးကွ"

သူက မျက်ကလူးဆန်ပြာဆိုတဲ့ သဏ္ဍာန်သရုပ်ကို အမူအရာနဲ့ လုပ်ပြတယ်။

"ဒီအိမ်က အင်မတန် မဟာဆန်တဲ့အိမ်ကွ၊ မင်းက ဒီအိမ်မှာ စုတ်စုတ်ပြတ်ပြတ်နဲ့နေရင် အိမ်ကြီးရှင်တွေ သိက္ခာကျလိမ့်မှာပေါ့၊

မင်း အဝတ်အစားတွေက မင်းအတွက် ကိစ္စမရှိပေမယ့် သူတို့အတွက် ကိစ္စ ရှိတယ်”

“ဪ. . . အဲဒီလိုလား၊ လဲပေးတော့လည်း ကောင်းတာပေါ့ဗျာ”

ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ပြီး ဘောင်းဘီက ဖုတ်တွေကို ခါလိုက်တယ်။ သူက ရှေ့က ဦးဆောင်သွားနေရင်း ကျွန်တော့်ကို မေး တယ်။

“ညက အိပ်ပျော်ရဲ့လား”

“ပျော်ပါတယ်ဗျာ”

“လမ်းပေါ်မှာ အိပ်ရတာထက်တော့ အဆင်ပြေမှာပေါ့”

“အဟင်း. . . ”

ကျွန်တော် ဘာမှမပြောလိုက်ပါဘူး။ မွေ့ရာပေါ်မှာ အိပ်မှ မဟုတ်ပါဘူး။ ကျောက်လမ်းပေါ်မှာ အိပ်သူကလည်း နတ်သမီးအိပ် မက် မက်ခွင့်ရှိတယ်။ ဒါတွေကို သူ သိပုံမပေါ်လို့ ကျွန်တော်လည်း ဘာမှ ပြန်ပြောမနေတော့ပါဘူး။

အိမ်၊ ခြံဝင်းနဲ့ ပန်းပင်အခင်းအကျင်းကို လေ့လာရင်း ဒီအိမ်ဂေဟာကြီးရဲ့ ခံ့ညားထည်ဝါမှုကို ကျွန်တော် အသိအမှတ်ပြုလိုက်တယ်။ လှပသေသပ်တဲ့ ဒီအဝန်းအဝိုင်းထဲမှာ ကျွန်တော်ဟာ ဆောင်း

ဘယ်နှစ်ခုတိုင်အောင် ခိုရမှာလဲ။ ကိုယ်တိုင်တောင် မဝေခွဲနိုင်ခဲ့ပါဘူး။

ရှေ့က သွားနေတဲ့ ကိုရွှေဆုံရဲ့ ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားတယ်။ သူ ရည်ရွယ်တဲ့ မီးဖိုခန်းဆိုတာကို ရောက်ဖို့ လိုပါသေးတယ်။ သူက ကျွန်တော့်ကို မရှင်းမလင်းဖြစ်နေတဲ့ မျက်နှာနဲ့ ကြည့်တယ်။

"ဘာဖြစ်လို့လဲ ကိုရွှေဆုံ"

"ငါ မင်းကို မေးမလို့၊ မင်းက သံလွင်နဲ့ ဘယ်လိုလုပ်သိတာလဲ"

"ဘယ်က သံလွင်လဲ"

"ဟင်. . . မင်းက နာမည်ကိုတောင် မသိသေးဘူးလား၊ သံလွင်ဆိုတာ မင်းကို ဒီအိမ်ခေါ်လာတဲ့ ငါတို့ အရှင်သခင် ကောင်မလေးပေါ့၊ နာမည် အပြည့်အစုံက "သံလွင်ရဲရင့်"တဲ့။

"ဩော်. . ."

ကျွန်တော်ရင်ထဲမှာ အပြာရောင်တွေ လင်းခနဲ ဝေသွားတယ်။ စကြဝဠာဆီ ပျံတက်ဖို့ ကမ္ဘာပေါ်မှာရှိသမျှ ငှက်တွေအားလုံး အတောင်ပံ တဖျန်းဖျန်း ခတ်ကြပြီ။ မိုးကောင်းကင်ကြီးသည် သူတို့ ကို ဖဲကြိုးဖြတ်ပေးဖို့ စောင့်နေပြီတဲ့။

* * * *

http://www.cherrythitsar.org

## (၂)

ဒီအဖြစ်အပျက်တွေ အားလုံးဟာ ပင့်ကူတစ်ကောင်က စလိုက်တာပါလို့ ကျွန်တော်ပြောရင် တချို့လူတွေက ယုံကြည်ချင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဒီစကားဟာ အမှန်တရားပါ။ လဆုတ်ရက်တစ်ရက်မှာ ကျွန်တော်တွေ့ခဲ့ဖူးတဲ့ ပင့်ကူတစ်ကောင်က ဒီဖြစ်စဉ်တွေ ကို ထွေးထုတ် အန်ချသွားတာပါ။

အဲဒီနေ့ ကျောင်းက ပြန်အလာမှာ တငြိမ့်ငြိမ့် တံခါးခိုစီးနေတဲ့ ပင့်ကူတစ်ကောင်ကို အလိုမတူဘဲ ကျွန်တော် သတ်ပစ်လိုက်ရပါတယ်။ ပင့်ကူက ကျွန်တော့်မျက်နှာပေါ် ဖျတ်ခနဲ ခုန်ချလာလို့ပါပဲ။ အဲဒီပင့်ကူ ကြမ်းပြင်ပေါ်ကျပြီး သေနေတဲ့အချိန်မှာ ကျွန်တော်

ဟာ မျက်နှာပေါ်က ပင့်ကူမျှင်တွေကို လက်နဲ့သပ်ချနေတယ်။ ပင့်ကူ တစ်ကောင်ရဲ့ အကျည်းတန်မှုကို အစုလိုက်အပြုံလိုက် မြင်တွေ့ရခဲ့ တဲ့ အချိန်ပဲပေါ့လေ။ အကျည်းတန်မှုဆိုတာ လှပတဲ့ ကြောက်စရာ ကောင်းမှုတစ်ခု ဖြစ်တတ်မှန်းလည်း တွေ့လိုက်ရတယ်။ အဲဒီပင့်ကူ ဟာ ကျွန်တော့်အမြင်မှာ သေပြီးမှ အစွယ်တွေနဲ့ ပြန်ထလာတဲ့ အနက် ရောင် ခရေပန်းတစ်ပွင့်နဲ့ တူနေပါတယ်။

နောက်ပိုင်း မကြာမီရက်တွေမှာ ကျွန်တော့်ကို မုန်းသွားတဲ့ အဲဒီပင့်ကူဟာ သူ့ခြေ၊ သူ့လက်က ထွက်လာတဲ့ အဖြူရောင် သွေးစီး ကြောင်းတွေနဲ့ ကျွန်တော့်ကို ပစ်ခတ် ဖမ်းဆီးလာပါတော့တယ်။

သူဟာ ကျွန်တော်တို့ရဲ့ အင်္ဂလိပ်စာသင်တန်းကို ကြားလယ်က ဖြတ်တက်တဲ့ ကျောင်းသူသစ်ပါ။ ခေတ်မီသွက်လက်ပြီး ငြင်းမရ အောင် လှတဲ့ ရုပ်ရည်ကလေး ရှိပါတယ်။ စာသင်ခန်းထဲမှာကို လိုတာ ထက် ပိုတဲ့ ဆက်ဆံရေးတွေ သူ ကျွန်တော့်ကို စနစ်တကျ ပေးလာ ပါတယ်။

ကိုယ့်နံဘေးမှာ ပင့်ကူမျှင်တွေ ကျလာမှ ကျွန်တော်က အလန့်တကြား မော့ကြည့်လိုက်ရတာပါ။ အဲဒီအခါ ကျွန်တော်ဟာ ပင့်ကူအိမ်ထဲ ရောက်နေခဲ့ပါပြီ။ ဒေါင်လိုက် တွယ်သပ်ထားတဲ့ ပင့်ကူအိမ်ထဲကနေ ပတ်ဝန်းကျင်ကို ကြည့်ရသလို မြင်သမျှအရာရာ

ဟာလည်း ပက်လက်မှောက်ခုံ လဲနေပါတော့တယ်။

လူတွေက သူနဲ့ကျွန်တော့်ကို ချစ်သူတွေကို ထင်လာကြတာပါ။ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို သူနဲ့ထားပြီး ထွက်ထွက်သွားကြတယ်။ သူ့ သူငယ်ချင်းတွေကလည်း သူနဲ့ကျွန်တော့်အကြောင်းကို ပန်းနဲ့လိပ်ပြာလို ပေါင်းပြီး ပြောကြတယ်။ အသိနောက်ကျသွားခဲ့လို့ သူ့ပင့်ကူအိမ်ထဲမှာ ကျွန်တော်ဟာ လှုပ်လေရှုပ်လေ ဖြစ်နေခဲ့ပါတယ်။

ဒီနေ့ထိတိုင်ပေါ့လေ။ ယောကျ်ားတစ်ယောက်ရဲ့ ဆောက်တည်ရမယ့် ကိုယ်ကျင့်တရားကို ကျွန်တော်အထားအသို မမှားခဲ့ပါဘူး။ တစ်ဖက်သားရဲ့ ဂုဏ်သိက္ခာကို ညှာတာစောင့်စည်းလွန်းခဲ့သူမို့ ကျွန်တော်ဟာ ကျင်းတစ်ခုမှာ မြှုပ်နှံခံရသူလို မွန်းကြပ်လာတယ်။ သူ့ကို ကျွန်တော် မချစ်ဘူး၊ ချစ်တယ်လို့လည်း တစ်ခါမှ မပြောဖူးဘူး။ အဲဒီအချိန်အထိ အချစ်ဆိုတဲ့အရာလည်း ကျွန်တော့်မှာ မရှိဘူး။

သူ့အကြောင်းလည်း ကျွန်တော် သိပ်မသိဘူး။ သူ ပြောပြပေမယ့် ကျွန်တော်က စိတ်မဝင်စားခဲ့လို့ မေ့သွားပါတယ်။ ဘာကြောင့် သူ ကျွန်တော့်ကို အခုလို ဆက်ဆံနေမှန်းလည်း ကျွန်တော်မသိဘူး။

လောကမှာ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော တွယ်တာစရာပုဂ္ဂိုလ်ဖြစ်တဲ့ ဖေဖေက တစ်နေ့မှာ ပြောလာပါတယ်။

http://www.cherrythitsar.org

"ဒီပစ္စည်းတွေကို မင်းတို့နှစ်ယောက် လက်ထပ်တဲ့အခါ ဖေဖေလက်ဖွဲ့မလို့ စိတ်ကူးထားတယ်"

ဘာပစ္စည်းတွေလည်းဆိုတာ စိတ်မဝင်စားပါဘူး။ ကြောင်ငေးပြီး ဖေ့ဖေ့မျက်နှာကို ကျွန်တော်စိုက်ကြည့်နေမိတယ်။ ဖေဖေက ကျွန်တော့်ကို ပြုံးပြပါတယ်။ ကျွန်တော့်ခေါင်းကို တစ်ချက်ပုတ်ပြီး. . .

"ကောင်မလေးက မဆိုးပါဘူး သားရဲ့၊ ဖေဖေ မင်းတို့ကို သဘောတူပါတယ်၊ ဟိုတစ်နေ့ကတောင် ကောင်မလေးရဲ့ မိဘတွေနဲ့ ဖေဖေနဲ့စကား အရိပ်အမြွက် ပြောဖြစ်ကြသေးတယ်၊ သူတို့ကလည်း မင်းကို သဘောကျပါတယ်"

ကျွန်တော် မင်သက်မိနေဆဲ ဖေဖေ ထွက်သွားပါတယ်။ ခဏကြာတော့ ကျွန်တော်လည်း ထိုင်ရာက ထထွက်လာခဲ့တယ်။ ကိုယ့်အခန်းဆီ ကိုယ်လျှောက်သွားရင်း စိတ်ထဲမှာ ခါးနေတယ်။

အခန်းထဲရောက်တော့ တံခါးပိတ်လိုက်တယ်။ ပွင့်နေတဲ့ပြတင်းပေါက်တွေကိုလည်း ပိတ်လိုက်တယ်။ အခန်းထောင့် ချောင်ကလေး အမှောင်ရိပ်မှာ ဒူးနှစ်ချောင်းကို လက်နဲ့ပိုက်၊ ခေါင်းငိုက်စိုက်ချ ကျွန်တော်ထိုင်နေလိုက်တယ်။ အဲဒီမှာ ကျွန်တော် သတိထားမိတာကတော့ ကျွန်တော့်ကို ပင့်ကူကြိုးမျှင်တွေက တစ်ရစ်ချင်း တင်းတင်း

နှောင်ပတ်လိုက်တယ်ဆိုတာကိုပဲ။

စိတ်ပျက်လက်ပျက်နဲ့ ဘယ်လောက်ကြာအောင် ကျွန်တော် နေမိတယ် မသိပါဘူး။ အာရုံဟာ တုန်ခါလွင့်မျောသွားတယ်။ မှုန်တလက်လက် အိပ်မက်ဆန်ဆန် နှင်းစက်ရစ်သမ်တွေ ယှက်ဖောက်လို့။

မိုးကောင်းကင်ဆီက မိန်းမပျိုတစ်ယောက် တစ်လှမ်းချင်း ဆင်းလာနေတာကို ကျွန်တော်မြင်တယ်။ မိန်းမပျိုရဲ့ ဆံနွယ်မျှင်တွေဟာ ကဗျာဆန်စွာ လွင့်မျောနေတယ်။ မြင်ကွင်းက ဝိုးတဝါးပါပဲ။ ဒါပေမယ့် ကျွန်တော့်နှလုံးမှာ ကြယ်တွေ ပွင့်ဝေဖြာထွက်သွားတယ်။ ကျွန်တော့်ရင်ခွင်ထဲကို မီးနဲ့ရေနဲ့ရောပြီး ကြပက်လိုက်သလို ပူလောင်အေးစက်သွားတယ်။

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၊ အာရုံတွေ ပေါက်ကွဲထွက်၊ အိပ်မက်တို့ ဆူပွက်ကော့လန်. . .

"အို. . ."

ကျွန်တော့်လက်တွေ ဒူးကိုပိုက်ထားရာက ဆတ်ခနဲ ပြုတ်ထွက်သွားတယ်။ ငုံ့ထားတဲ့ ခေါင်းကလည်း မော့တက်သွားတယ်။ နှုတ်ကနေ မပီမသ ရွတ်ဆိုမိတယ်။

"ချစ်သူ. . ."

အသက်ပြင်းပြင်းရှူရင်း မျက်လုံးထဲမှာ ဝင်းလာတယ်။ အရာရာကို ပြတ်သားကြည်လင်စွာ မြင်လာတယ်။ ကိုယ်ပေါ်မှာ တုပ်နှောင်ခံထားရတဲ့ ပင့်ကူကြိုးမျှင်တွေ အပိုင်းပိုင်းပြတ်သွားခဲ့ရပြီ။ မတ်တတ် ထ,ရပ်ရင်း ကျွန်တော် ထပ်ရေရွတ်မိတယ်။

"ချစ်သူ. . . "

ဟုတ်တယ်။ ကျွန်တော့်မှာ ခုချိန်ထိ ချစ်သူမရှိခဲ့။ ချစ်ရကောင်းမှန်းလည်း မသိခဲ့။ အကျပ်အတည်း ရောက်လာတဲ့ဘဝရဲ့ အခြေအနေတစ်ခုမှာ နှလုံးသားက ချစ်သူကို အလိုအလျောက် တမ်း တလာပါပြီ။ ချစ်သူကို တမ်းတညွတ်နူးမိရုံမျှနဲ့ပဲ ချည်နှောင်ခံခဲ့ရတဲ့ ကြိုးတို့ စင်းစင်းပြေကျခဲ့ပါပြီ။

အမှန်တကယ် ချစ်ရသူတစ်ယောက်နဲ့သာ ဘဝကို ရုန်းကန်ဖောက်ထွက်ရမယ်ဆိုရင် ပိတ်ထားခံရတဲ့ တံခါး အထပ်ထပ်လည်း ဖျပ်ခနဲပွင့်သွားကြမှာပါပဲ။ ကျွန်တော့်စိတ်ထဲမှာ ငြိမ်းချမ်းကြည်လင်လာတယ်။

ပိတ်ထားတဲ့ ပြတင်းတံခါးတွေကို ကျွန်တော်ပြန်ဖွင့်လိုက်တယ်။

အပြင်လေကို စူးစူးရှရှ ရှူလိုက်မိတယ်။ ပြီး အခန်းတံခါးကို ပြန်ဖွင့်တယ်။ ဖော့ဖော့စားပွဲမှာ စာကလေးတစ်စောင် ရေးထားခဲ့ပြီး

လမ်းပေါ်ကို ထွက်လာခဲ့တယ်။

လေတွေက ဝူးဝူးဝါးဝါး အော်ဟစ်တိုက်ခတ်နေတယ်။ မိုးပေါ်မှလည်း ငှက်တွေဟာ အတောင်ပံနဲ့ လျှော်ခတ်ကြ၊ ပန်းဆိုတာကတော့ သနပ်ခါးလိမ်းထားတဲ့ မြက်ပင်လှလှလေးတွေပါ။ ကျွန်တော် ကဗျာတစ်ပုဒ် စပ်ရလိမ့်မယ်။

အဲဒီလိုနဲ့ ဇာတ်လမ်းကတော့ စခဲ့ပါပြီ။ အိမ်က ထွက်လာ တော့ ကျွန်တော့်ခေါင်းပေါ်မှာ အပြာရောင် ခမောက်တစ်လုံးပါတယ်။

ကျွန်တော်။ အပြာရောင် ခမောက်ဆောင်းထားတဲ့ လူငယ် တစ်ယောက်။ လမ်းပေါ်မှာ လမ်းလျှောက်နေတယ်။

## (၃)

အောက်တိုဘာရဲ့ နောက်ဆုံး မိုးကောင်းကင်ဟာ မြင့်မြတ် သန့်စင်နေတယ်လို့ ထင်ခဲ့ရတယ်။ ဘယ်လို ကျမ်းအစောင်စောင် ကမှ ချစ်သူနဲ့ တွေ့ရှိချိန်ကို မိုးမျှော်ကြီးချ မပစ်ခဲ့ပါဘူး။ အဲဒီလိုပဲ ကျွန်တော်ထင်တယ်။ အဲဒီလိုပဲ ကျွန်တော့်ချစ်သူကို ကျွန်တော် စတင် တွေ့ရှိခဲ့ပါတယ်။

ချစ်သူကို ကျွန်တော် စတွေ့တော့ တိမ်တိုက်တွေဟာ လေစီး ကြောင်းမှာ ကျော့ကျော့မော့မော့ ရှပ်ပြေးနေကြတယ်။ ညနေဟာ ကြွေအံ့မှုးမှုးပါ။ ပြောရရင် အဲဒါကြောင့်ကို လှပါတယ်။ ကြယ်တွေ

ကလည်း ကောင်းကင်တော်ဆီဝင်ဖို့ ခြေကျင်းသံ တချွင်ချွင် ပေးနေကြပြီ။

လမ်းပေါ်မှာ လမ်းလျှောက်နေတဲ့ ကျွန်တော်ဟာ လှေကားထစ်က ဆင်းလာတဲ့ချစ်သူကို ဒဏ္ဍာရီလို ဖတ်လိုက်ရတာပါ။ တစ်ရံရောအခါက. . . လို့ စ,ခဲ့ပေမယ့် ညနေ့ထိတိုင် ရင်ထဲကို ငြိနိုင်စွမ်းလို့ပါပဲ။

ဒါပေမယ့် ချစ်သူရဲ့ မျက်တောင်တစ်ချက်အခတ်မှာ ဒဏ္ဍာရီပေါင်းများစွာ မှေးမှိန်ပျက်သွားပြန်တယ်။ အဲဒီလောက်ထိတောင်မှ ချစ်သူဟာ အပြာရောင်ခမောက်နဲ့ ကောင်လေးကို ညှို့ယူနိုင်ခဲ့ပါတယ်။

ပုစ္ဆာမဆန်ပါဘူး။ ပဟေဠိ မရှိပါဘူး။ ချစ်သူကို ကျွန်တော် ရိုးစင်းစွာ တွေ့ဆုံခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ချစ်သူက သူ ကျူရှင်တက်တဲ့မြို့ထဲ တိုက်ခန်းလေးတစ်ခုက ပြန်ဆင်းအလာမှာ ကျွန်တော်က လမ်းပေါ်မှာနေရင်း တွေ့လိုက်ရတာပါ။ သာယာတဲ့ လက်ာစောင်းညှင်းသံနဲ့အတူ မိုးပေါ်က အလင်းနတ်သမီးလေး ဆင်းချလာသလိုပါပဲ။ ကျွန်တော့်ရင်ကို ဆွတ်ပျံ့လှိုက်မောစေခဲ့တယ်။

ဘာအကြောင်းမှ မရှိသေးပါဘဲ သူ့ကိုတွေ့ရတာ သက်သက်နဲ့

တင် ကျွန်တော့်စိတ်ထဲမှာ ငိုချင်သလိုလို တုန်ယင်ဆို့နစ် ဖြစ်မိလာတာ ဘာကြောင့်ပါလဲ။ ခမောက်ပြာကို ရင်ခွင်ထဲပိုက်ရင်း လမ်းဘေးမှာ ကျွန်တော် ရပ်စဉ်းစားနေမိတာ ကျောက်ရုပ်တစ်ရုပ်ထက်တောင် ကြာလိမ့်မယ် ထင်တယ်။

ကျွန်တော် အိမ် မပြန်ဖြစ်တော့ပါဘူး။

ညမှောင်လာတဲ့အခါ လမ်းတကာ ဗေဒင်လှည့်ဟောတဲ့ ဂျစ်ပဆီအဘိုးကြီးတစ်ယောက်နဲ့အတူ ဈေးဆိုင်ပျက်တစ်ခုမှာ ဝင်အိပ်ပါတယ်။ တစ်ခါတစ်ခါ ဘာမဟုတ်တဲ့လူတွေနဲ့ ဘဝရဲ့ဒဿနတွေကို ဆွေးနွေးရတာ စိတ်ဝင်စားစရာကောင်းပါရဲ့။ အဘိုးကြီးနဲ့ ကျွန်တော်ဟာ နှစ်ယောက်ကြားမှာ အကြော်တစ်ထုပ်ကိုချပြီး အချစ်အကြောင်းကို ဆောင်းနှင်းတွေ အုံးခြိမ့်ခြိမ့်ဝေသလို ပြောခဲ့ကြတယ်။

"ချစ်မိသူ၊ ချစ်ဖူးသူတွေဟာ ရူးတတ်တဲ့နှလုံးသား ရှိတယ်ကွဟား. . . ဟား. . ."

သူ့စကားကို ကျွန်တော် မကန့်ကွက်ခဲ့ဘူး။ နောက်နေ့ညနေကျတော့ ကျွန်တော်ဟာ ချစ်သူကို တွေ့ခဲ့တဲ့ နေရာကလေးဆီ ရောက်ခဲ့ရပြန်ပါတယ်။ ပင့်သက်ကို နင့်နေအောင်ရှိုက်ယူရင်း သူမမြင်တဲ့ လမ်းနံဘေးကနေ သူ့ရဲ့ ရွှေမျက်နှာကို ကျွန်တော်ငေးနေမိခဲ့တယ်။

ငယ်ဘဝရဲ့ ညပေါင်းများစွာမှာ အဝေးဆုံးကကြယ်ကို ငေး

ကြည့်လာဖူးတဲ့ ကျွန်တော်ဟာ သူ့မျက်နှာလေးကို မျှော်ငေးရင်း မှိုင်း ညို့ရီဝေနေရတယ်။ သူ့ကို ကျွန်တော် သိပ်ချစ်တယ်ဆိုတာကတော့ သေချာလွန်းမက သေချာခဲ့တယ်။

သူ့မျက်နှာလေးကို ကျွန်တော် အမြဲမြင်နေချင်တယ်။ သူ့စကား ကို ကျွန်တော် အမြဲကြားနေချင်တယ်။ သူ့ကို ချစ်မြတ်ရဲရင့်တဲ့ လူငယ် တစ်ယောက်အဖြစ်နဲ့ သူ့သမိုင်းမှာ ကျွန်တော် ပါဝင်ချင်တယ်။ နောင် ခေတ်အဆက်ဆက်က လူတွေ ကမ္ဘာမြေကို ပြန်တူးဖော်တဲ့အခါ ကျွန်တော့်ရင်ဘတ်ဟာ သူ့အကြောင်းတွေ မှတ်တမ်းတင်ထားတဲ့ ခရမ်းပြာ ကျောက်စာတစ်ချပ် ဖြစ်ချင်တယ်။

အဲဒီလို ချစ်သူပါဝင်ခဲ့တဲ့ ကျွန်တော်ရဲ့ ဂျစ်ပဆီ နေ့ရက်တွေ ဟာ ရွှေရောင်တွေ ပေကျံ တောက်ပနေခဲ့တယ်။ သူ့မျက်နှာကို အလင်္ကာလို ဖတ်ရင်း (သူ မတွေ့အောင် ကျွန်တော့်မျက်နှာကိုလည်း ခမောက်ပြာနဲ့ ကွယ်ရင်း) ကျွန်တော်ချစ်ရတဲ့ လေပြည်ညင်းများစွာ ဟာ ပန်းရနံ့သစ်ကို ဖွင့်လှစ်ယူဆောင်လာကြတယ်။ အဲဒီလိုမျိုးပေါ့။ ကျွန်တော်ဟာ ဘဝမှာ မရှုမလှ ပျော်ခဲ့ရဖူးပါတယ်။

သစ်ကိုင်းတွေ အစိမ်းချိုး ချိုးခဲ့ရတဲ့အခါ သစ်ပင်ကြီး ကြိတ် မှိတ်နာကျင်ခဲ့ပါသလား။ ဘာပဲဖြစ်ဖြစ် သူ့သစ်ရွက်တွေ ကြွေတာ ကိုလည်း သစ်ပင်ကြီးက ဒီအတိုင်းရပ်ကြည့်နေခဲ့ရတာပါပဲ။ နောက်

တော့ ဒီကျူရှင်ကို ချစ်သူ လာမတက်တော့ပါဘူး။ ကျွန်တော်ဟာ လမ်းဘေးမှာ မတ်တတ်ရပ်ပြီး အိပ်မက်ကလေး သဲကြိုးပြတ်သွားပါတယ်။

ဖြစ်ချင်တော့ အဲဒီညနေမှာပဲ ကျွန်တော်ရဲ့ ခမောက်ကို ရထားကြိတ်သွားပါတယ်။ ကျွန်တော် အိမ်မပြန်ဖြစ်သေးပါဘူး။ လမ်းတကာလျှောက်ရင်း ချစ်သူကို လိုက်ရှာခဲ့တယ်။

ဆောင်းဝင်လာပါပြီ။ မိုးကောင်းကင်ကြီး ချောင်းတဟွတ်ဟွတ် မဆိုးတော့ဘူး။ အနောက်တောင်ထောင့်မှာလည်း ရေခိုးရေငွေ့ တွေပြယ်ခဲ့ပြီ။ အေးရှထုံဝေတဲ့ ဆောင်းညတွေမှာ ကျွန်တော်ဟာ စုံနံ့သာမြိုင်ပတ်ပျိုးနဲ့ ပြာနှမ်းနေတဲ့ လူငယ်လေးတစ်ယောက်ပဲ ဖြစ်ခဲ့တယ်။

စုတ်ပြတ်ဟောင်းနွမ်းလာတဲ့ ဂျာကင်ကို တင်းတင်းဆွဲစေ့ရင်း ရွှေမြို့ခေါင်ခေါင်မှာ ဒီကောင်ဟာ တစ်တောင်တက်၊ တစ်တောဆင်းခဲ့တယ်။ ညများစွာ ဖျတ်ခနဲ မိုးလင်းသွားတာ ကျွန်တော့်မှာ ကျိန်းစပ်လို့တောင် နေရပြီ။ ချစ်သူကိုတော့ ဘယ်ဝယ်ဘယ်ဆီ လိုက်မမီခဲ့ပါဘူး။

ကျွန်တော်ဟာ ဗေဒင်မဟောတတ်ပါဘူး။ ဒါပေမယ့် ဂျစ်ပဆီ ဖြစ်လာခဲ့တယ်။ ကျွန်တော်ဟာ ခေတ်ပညာတွေ တတ်ပါရဲ့၊ ဒါပေမယ့်

တေလေလို လမ်းမှာနေခဲ့တယ်။ မပြောင်းလဲတာကတော့ အေးစက်စက် ဆောင်းရာသီပါပဲ။ နှင်းတွေလေ နှင်းတွေ။ ဒီကောင်ရဲ့ အိပ်မက်ဂူမှာ တက်ကုန် ရွက်ကုန် ဝေလို့။

http://www.cherrythitsar.org

## (၄)

ကြမ္မာဆိုးရဲ့ သွားစွယ်ထိုးထောင် အာခံတွင်းကြီးထဲ ကျွန်တော့် ကို ဘယ်သူ မောင်းသွင်းသလဲ။ မီးခိုးတွေနဲ့ လူဆိုတာ ရင်တစ်ခုလုံး ပူပြီး ဖြစ်ခဲ့ရတာပါ။

တစ်နေ့မှာ သူ့ကို ကျွန်တော် ပြန်တွေ့ပါတယ်။ အဲဒီနေ့ဟာ လေငွေ့ကြောင့် တိမ်တွေ ကျွမ်းထိုးမှောက်ခုံ ရွေ့သွားရတဲ့နေ့ပါပဲ။ ဘာပဲပြောပြော ကျွန်တော့်ကိုယ်ကျွန်တော် လက်ဆွဲနှုတ်ဆက် လိုက်တယ်။ ချစ်သူကို ကျွန်တော် ပြန်ရှာခဲ့တယ်။

"ချစ်သူကို မြင်ရခြင်း၌ မျက်စိသည် ရောင့်ရဲခြင်းမရှိ" လို့ လောကနီတိမှာ ရေးထားပါတယ်။ တွေးရင်းတောင် ရယ်ချင်ပါသေး

တယ်။ အဲဒီပညာရှိကြီးလည်း ချစ်သူကိုဒေးရင်း ကျွန်တော့်လို ခလုတ်တိုက်လဲဖူးတယ် ထင်ပါရဲ့နော်။ ချစ်သူနဲ့ ပြန်ဆုံတော့ ကျွန်တော်ပျော်တယ်။

ချစ်သူနဲ့ သူ့အဖော်တွေက ရှေ့က လမ်းလျှောက်နေပြီး သူတို့နောက် မလှမ်းမကမ်းမှာ ကျွန်တော် ရှိနေပါတယ်။ ချစ်သူ့လွယ်အိတ်ကလေးရဲ့ ချြသံဟာ ပန်းကျောင်းတကာတို့ရဲ့ ခေါင်းလောင်းသံပါပဲ။ သူတို့သွားရာကို ကျွန်တော် နောက်က လိုက်သွားမိပါတယ်။

"ဟင်. . . ."

တစ်နေရာမှာ ချစ်သူဟာ ပိုက်ဆံအိတ်ကလေး ကျကျန်ခဲ့ပါတယ်။ ကျွန်တော် ငုံ့ကောက်ပြီး ဖြည်းဖြည်းချင်းပဲ နောက်က လိုက်သွားမိတယ်။ သူ့ရဲ့ ကိုယ်ပိုင်ကားလှလှလေး ရပ်ထားတဲ့ နေရာရောက်တော့ အဖော်တွေကို ရယ်မောနှုတ်ဆက်၊ လက်ကလေးဝှေ့ယမ်း၊ ကားထဲကို သူ တံခါးဖွင့်ဝင်တယ်။

ကားလေးက ဖြည်းဖြည်းချင်း ဘီးလှိမ့်ပြီး ကျွန်တော့်ဘေးကဖြတ်အသွား ပိုက်ဆံအိတ်ကလေး ထောင်ပြပြီး ကျွန်တော် လှမ်းတားလိုက်တယ်။

"ဟင်. . . ဦးကျောက်၊ ကားရပ် ကားရပ်"

သူက ကားဒရိုင်ဘာကြီးကို အသံသာသာလေးနဲ့ လှမ်းပြော

တယ်။ ကားက ကျွန်တော့်နံဘေးမှာ ရပ်တယ်။ သူ့ကိုကြည့်ပြီး ပိုက်ဆံအိတ်ကလေးကို ကျွန်တော်လှမ်းပေးတယ်။ နောက်ခန်း ကားမှန်ကလေး လျှောဆင်းသွားတယ်။ မျက်နှာဝင်းဝင်းကလေးက တအံ့တသြဖြစ်လို့။

ကျွန်တော် ဘာမျှမပြောဘဲ သူ့ဒရိုင်ဘာကြီးကို သူ လှမ်းပြောတယ်။

"ဦးကျော်၊ အဲဒါ သမီးပိုက်ဆံအိတ်ကလေး"

ကျွန်တော် သူ့ကို လှမ်းပေးတယ်။ ကျွန်တော့်လက်တွေနဲ့ မထိ ရအောင် သတိထားပြီး သူ့ပိုက်ဆံအိတ်ကို လှမ်းယူတယ်။ ကျွန်တော် လှည့်ထွက်ခဲ့တယ်။

"ဘယ်နေရာမှာ ကျကျန်ခဲ့တာလဲ မသိဘူး"

သူ့အသံလေး နောက်မှာ ကျန်ရစ်ခဲ့တယ်။ ကျွန်တော် လမ်းဆက်လျှောက်လို့ အတော်လေးရောက်တဲ့အထိ သူတို့ကားကလေး ထွက်မလာသေးပါဘူး။ စောစောက နေရာမှာပဲ ရပ်ကျန်ခဲ့တယ်။

နောက်တော့ ကျွန်တော့်အနားကို သူတို့ ကားကလေး ဘီးလိမ့်ပြီး ရောက်လာတယ်။

"ဟော့. . . သူငယ်"

ဦးကျော်ဆိုတဲ့ ဒရိုင်ဘာကြီးက ကျွန်တော့်ကိုလှမ်းခေါ်တာ

ပါ။ သူက ကားနောက်ခန်းကနေ ကျွန်တော့်ကို အကဲခတ်သလို ကြည့်နေတယ်။ (ကျွန်တော့်ကို အခုမှ မြင်ဖူးပုံရတယ်)

"သူငယ်. . . မင်းဘယ်မှာနေသလဲ"

ကျွန်တော် ဘာမှပြန်မပြောဘူး။ ကျွန်တော့်ရဲ့ လက်ရှိအသွင်အပြင်နဲ့ ဘာမှပြန်မဖြေတာကိုထောက်ပြီး သူတို့ သဘောပေါက်သွားတယ်။

သူက ကားနောက်ခန်းကနေ မသိမသာ ခေါင်းကလေးညိတ်ပြတော့ ဦးကျောက်က ဆက်ပြောလာတယ်။

"မင်းဟာ ရိုးသားတဲ့ တေလေလေးတစ်ယောက်ပဲ၊ လမ်းပေါ်မှာ လေလွင့်နေမယ့်အစား ငါတို့ဆီကို လိုက်ခဲ့၊ ခြံထဲမှာ ကူညီလုပ်ကိုင်ပြီး နေပေါ့၊ လာ. . . ပိုက်ဆံအိတ်ပိုင်ရှင်က မင်းကို ပြန်ကျေးဇူးဆပ်တာပဲ"

ကျွန်တော် တွေဝေစဉ်းစားနေတုန်းမှာပဲ ဦးကျောက်က ကားရှေ့တံခါးပေါက်ကို ဖွင့်ပေးတယ်။

"လာ. . . လာ"

ထပ်ခေါ်တယ်။ အသိမဲ့စွာ ကားလေးပေါ်ကို ကျွန်တော်တက်လိုက်လာခဲ့တယ်။ သူ့ဆီက သင်းမြတဲ့မွှေးရနံ့ဟာ ကားရှေ့ခန်းဆီ ဆွတ်ပျံ့နေတယ်။ ကျွန်တော့်ရင်ဟာ ခုန်လိုက်၊ ရပ်လိုက်။

ကျွန်တော့်ကိုယ်ထဲက သွေးအစက်စက်ဟာ ဒုန်းစိုင်းပြေးလိုက်၊ ခွာလိပ်လိုက်။

ကျွန်တော်ဟာ လူမိုက်လား။ ဒါမှမဟုတ်. . .။

## (၅)

မီးဖိုခန်းထဲမှာ လက်ဖက်ရည်သောက်တော့ ဒီအိမ်ကြီးရဲ့ ကူဖော်လောင်ဖက် အလုပ်သမားတွေက ကျွန်တော့်ကို ဝိုင်းကြည့်ကြတယ်။ ကိုရွှေဆုံက ကျွန်တော့်ကို သူတို့တွေနဲ့ မိတ်ဆက်ပေးတယ်။ လမ်းပေါ်က ခေါ်လာတဲ့လူဆိုတာ သိထားကြတော့ သူတို့ ကျွန်တော့် ကို ကြည့်ပုံဟာ တစ်မျိုးဖြစ်နေပါတယ်။

ဒီလူတွေထဲမှာ ဒရိုင်ဘာကြီး ဦးကျောက်ကိုတော့ မတွေ့ရဘူး။ ဦးကျောက်ဟာ ဒီလူတွေထက် ပိုပြီး အဆင့်မြင့်ပုံရပါတယ်။ လက်ဖက်ရည်သောက်ပြီးတော့ ကျွန်တော့်ကို ခြံထဲခေါ်လာတယ်။

"မင်းက ခြံစောင့်လုပ်ရမယ်"

ကိုရွှေဆုံက ကျွန်တော့်ကို ပြောတယ်။ ကျွန်တော်က မျက်ခုံး အတွန့်ချိုးပြီး သူ့ကို ပြန်မေးမိတယ်။

"ခြံစောင့်က ခင်ဗျားမို့လား"

ကိုရွှေဆုံက ရယ်ပါတယ်။

"အေး. . . အစကတော့ ငါက ခြံစောင့်ကွ၊ အခု မင်းရောက် လာတော့ ပုံစံတစ်မျိုးပြောင်းသွားပြီ၊ ဒါပေမယ့် သိပ်တော့ မထူးဘူး၊ မင်းက ခြံစောင့်၊ ငါက တံခါးစောင့်. . . တဲ့"

"အေးလေ ငါပြောသားပဲ၊ ဒီလိုကွ အမှန်တော့ ဒီအိမ်မှာ မင်း အတွက် အလုပ်မရှိဘူး။ အလုပ်သမားတွေက သူ့နေရာနဲ့သူ အပြည့် ရှိပြီးသား၊ ညစောင့်ကလည်း စောလေဘဲ ဆိုတဲ့ ကရင်တစ်ယောက် ရှိတယ်၊ မင်းကို ဒီခြံထဲမှာ အလုပ်သမားတစ်ယောက်အနေနဲ့ ထား နိုင်ဖို့ ကြံဖန် နေရာပေးလိုက်ရတာပဲ"

ကျွန်တော် နှုတ်က တီးတိုးရေရွတ်မိတယ်။

"ခြံစောင့်"

"အေး. . . ဟုတ်တယ်၊ ဒီခြံကြီးကို လူစိမ်း၊ သူခိုး အန္တရာယ် မင်း စောင့်ကြည့်ပေးလိုက်ပေါ့၊ သစ်ပင်တွေကလည်း သူ့ဘာသာ မာလီစိုက်လိမ့်မယ်၊ ခြံထဲမှာ မင်းလုပ်စရာ ဘာမှမရှိဘူး၊ နေသာသလို နေပေါ့ကွာ"

အဲဒီနောက်တော့ ကိုရွှေဆုံက ဒီအိမ်ကြီးရဲ့ အရှင်သခင်တွေအကြောင်း ကျွန်တော်သိထားသင့်သလောက် ပြောပြပါတယ်။ ကျွန် တော် မှတ်သားထားလိုက်တာကတော့ သုံးချက်ပါပဲ။ ဒီအိမ်ရဲ့ပိုင်ရှင် ကျောက်တွင်းအောင်ထားတဲ့ သူဌေးကြီးရယ်၊ သူ အင်မတန်ချစ်ပြီး ဒီအိမ်ကြီးရဲ့ အဓိကနေရာမှာရှိတဲ့ တစ်ဦးတည်းသော မြေးမလေး သံလွင်ရဲရင့်ရယ်၊ အေးဆေးတည်ငြိမ်တဲ့ သူတို့ရဲ့ အနေအထိုင်ရယ်၊ ဒါပါပဲ။

ခြံကြီးက တိတ်ဆိတ်ပါတယ်။ သူ့ဘာသာ ပုံမှန်လည်ပတ်သွားပြီး ကျွန်တော်ကတော့ မြေပေါ်မှာ ထီးတည်းရပ်လို့။ ရွက်ကျပင်ပေါက်တွေက ခြံအနောက်ဘက်ကနေ ကျွန်တော့်ကို သွေ့ခြောက်စွာကြည့်တယ်။ အလို. . . အိမ်ထဲမှာ သံလွင်ဆိုတဲ့ကောင်မလေး ရှိသလား။ သူ့အကြောင်း စဉ်းစားမိတော့ ကျွန်တော့်နှလုံးအိမ်မှာ ငြိမ်သက်ချမ်းမြေ့သွားတယ်။

ညနေမှာ ကိုရွှေဆုံက အလတ်စားဝတ်စုံတချို့ကို ယူလာပါတယ်။

"ကောင်လေး၊ မင်းအဝတ်တွေကို လဲလိုက်"

ခေါင်းညိတ်ပြပြီး အဝတ်တွေကို ယူထားလိုက်တုန်းမှာ သူက ထပ်ပြောလာတယ်။ အဲဒီစကားကို ကျွန်တော် ဘယ်လိုပြန်ဖြေရမလဲ

တောင် မသိဘူးဖြစ်သွားတယ်။

"မင်းမှာ နာမည်တော့ ရှိတယ်မို့လား"

"ဟင်"

"လမ်းပေါ်ကလူဆိုတော့ နာမည်ရှိပ့ါမလားလို့ ရှိတော့ ရှိမှာပေ့ါနော်၊ မင်းနာမည်ကို ပြောဦး၊ မှတ်ပုံတင်ရှိရင် နံပါတ်ပြော၊ ဒီခြံထဲမှာ မင်းနေဖို့အတွက် ငါတို့က လုပ်စရာရှိတာ လုပ်ထားရဦးမယ်"

ကျွန်တော် ခဏစဉ်းစားနေမိတယ်။ နောက်တော့မှ လေးတွဲ့တွဲ့အသံနဲ့ . .

"မှတ်ပုံတင်တော့ မပါဘူးဗျာ၊ နံပါတ်လည်း မမှတ်မိဘူး"

"အင်း. . . ."

"နာမည်ကတော့. . ."

ဆက်ပြောဖို့ရာ ဆွံ့အ,သွားသေးတယ်။ နောက်ဆုံးတော့လည်း ပြောလိုက်ပါတယ်။ ကျွန်တော့်နာမည်ထဲက တစ်လုံးကိုပေ့ါလေ။

"ကိုဝေ"

ကိုရွှေဆုံက ကျွန်တော့်ကို မျက်လုံးတစ်ချက် လှန်ကြည့်သည်။ ဘာမှတော့ မပြောဘူး၊ အသက် ထပ်မေးတယ်။ သူကောက်တိကောက်ကွေး လက်ရေးကြီးတွေနဲ့ ရေးမှတ်ပြီး ပြန်သွားတယ်။

အဲဒီနေ့မှာပဲ ဒီအိမ်ကြီးဟာ ကျွန်တော့်အတွက် နေရေး၊

စားရေး အဆင်ပြေအောင် ဖန်တီးပေးတာကို ကျွန်တော်တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ အဲဒါတွေ အားလုံး သာမညပါပဲ။ ချစ်သူရင်ငွေ့လှုံချင်လို့ ချစ်သူရှိရာ ကျွန်တော် လာပါတယ်။ အဆင်မသင့်ချင်တော့ အဲဒီနေ့တစ်နေ့လုံးမှာ သံလွင်ကို ကျွန်တော် မတွေ့ပါဘူး။

ညကျမှပဲ ခရေပင်ထိပ်ဖျားမှာ ရွှန်းရွှန်းလက်လက်သာတဲ့ လမင်းကို သူ့အမှတ်နဲ့ ငေးကြည့်နေလိုက်တော့တယ်။ ကိုယ့်ချစ်သူကို ချစ်တဲ့အကြောင်း ရှေးလူတွေ ဘယ်လိုများ စာလုံးပေါင်းခဲ့သလဲ။ ကျွန်တော့်လက်ဖျားမှာ သစ္စာတွေ မီးပွင့်ထွက်တော့မယ်။ အဲဒါတွေကို စည်စည်ဝေဝေ တွေးတောရင်း အိပ်ရာထဲ ကျွန်တော်လူးလိမ့်နေခဲ့တယ်။

သေချာတယ်။ ထပ်ပြောရင်လည်း ဒီစကားပါပဲ။ ကျွန်တော် သူ့ကို သိပ်ချစ်နေခဲ့ပြီ။

# (၆)

အချစ်ဆိုတာ နေနဲ့လမှာ ပန်းဘာသာနဲ့ ရေးထိုးထားတဲ့ အလှို့ဝှက်ဆုံး အက္ခရာတစ်လုံးပါပဲ။ ဒီကောင်သာ မိုက်ကန်းရဲတင်း မမြင်မချင်း ဖတ်ချင်ခဲ့မိတယ်။

ရန်ကုန်ဟာ နှင်းငွေ့တွေနဲ့ မှုန်မှိုင်းလာပါပြီ။ ဆောင်းဟာ သူ့ရင်ခွင်ထဲမှာ နှင်းတွေ တစ်စက်မှမကျန်အောင်ကို အဆက်မပြတ် ခါချနေတယ်။ ကျွန်တော်နဲ့ ခရေပင်ကြီးနဲ့ ချမ်းပါတယ်။ အဲဒီလို အေးစက်ချမ်းမြလာခဲ့ရင် ကျွန်တော်ဟာ သူ့လက်ချောင်းကလေး တွေကို စိတ်ထဲကနေ ဆုပ်ကိုင်ဖျစ်ညှစ်နေမိတယ်။ သူ့အကြောင်းတွေ တွေးရင်း ဖျိုးဖျစ်တောက်လောင်နေတဲ့ မီးပုံနံဘေးမှာ ကျွန်တော်

သက်ပြင်းတွေ ချရပါတယ်။

ဒီခြံကြီးထဲကို ရောက်ခါစ ပထမပိုင်းညတွေမှာ သူ့ကို ပိုချစ်လာတာကလွဲလို့ ကျွန်တော် ဘာမှမပြောင်းလဲပါဘူး။ နှင်းတွေကြားထဲမှာ သူဟာ နတ်သမီးလေးလို လှပပါတယ်။ သူ့အရိပ်၊ သူ့အရောင်တွေက ကောင်းကင်တစ်ထောင်ကို လင်းစေမယ် ကျွန်တော်ထင်ရဲ့။ ဒါပေမယ့် သူကတော့ ကျွန်တော့်ကို မေ့လျော့လို့တောင်နေခဲ့တယ်။

သူဟာ မနက်မိုးစောစောလင်းချိန်မှာ ခြံထဲက စပယ်ပွင့်ကြွေတွေ လိုက်ကောက်ပါတယ်။ ကျွန်တော် ကူညီကောက်ပေးချင်ပေမယ့် သူ့ရဲ့ ငြိမ်းချမ်းပျော်ရွှင်နေမှုလေးကို ကျွန်တော့်ကြောင့် ပျက်ပြိုသွားမှာ စိုးခဲ့တယ်။ မကောက်ပေးဖြစ်ခဲ့ပါဘူး။ သူ့ဘာသာ အဆင်ပြေသာယာပါတယ်။ လေညင်းကလည်း အေးပါတယ်။ ပန်းကြွေကလည်း မွှေးပါတယ်။ ခရေပင်အောက်က ငေးကြည့်ရင်း သူ့ဘဝမှာ ကျွန်တော့်အတွက် နေရာမရှိတာကိုလည်း မသိတသိ ဖြစ်နေပါတော့တယ်။

သူ ကျောင်းသွားတယ်။ ကျောင်းက ပြန်လာတယ်။ ကျူရှင်သွားတယ်။ ကျူရှင်က ပြန်လာတယ်။ တစ်ခါတစ်ခါ သူ့ဆီ သူငယ်ချင်းတွေလာပြီး တစ်ခါတစ်ခါ သူက သူငယ်ချင်းတွေဆီ သွားတယ်။ တံခါးတွေ ဖွင့်ကာ ပိတ်ကာ သူ့အရိပ်တွေ အခါခါ ဖြတ်သန်းခဲ့ပေ

မယ့် ကျွန်တော့်ကို တစ်ခါမှတောင် လှမ်းမကြည့်ပါဘူး။

ပိတ်ချည်၊ ဖွင့်ချည်ဖြစ်နေတဲ့ တံခါးကိုလည်း ငိုချင်နေတဲ့ မျက်လုံးကို ပုတ်ကာခတ်ကာ တားနေရတဲ့ တစ်ယောက်ယောက်ရဲ့ မျက်တောင်တွေလို့ ကျွန်တော် မြင်ယောင်ခံစားမိတယ်။

"ကောင်လေး၊ မင်း မပျင်းသေးဘူးလား"

ကိုရွှေဆုံက မေးတော့ ကျွန်တော်ပြုံးမိတယ်။

"ဘာဖြစ်လို့ ပျင်းရမှာလဲ"

"ဩော် . . . မင်းလဲ နေ့ရှိသရွေ့ တစ်ယောက်တည်း ထိုင် နေရတာကိုး၊ ဒီအိမ်က အလုပ်သမားတွေကလည်း ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ မင်းကို စကားလာမပြောနိုင်ဘူးလေ၊ မင်းများ ပျင်း နေမလားလို့"

"မပျင်းပါဘူးဗျာ၊ ကျွန်တော် ဒီလိုပဲ နေနေကျပါ"

"နေတတ်ရင်တော့ ကောင်းပါတယ်ကွာ"

ပြီးတော့ သူက ကျွန်တော့်ဘေးမှာ ခြေပစ်လက်ပစ် ဝင်ထိုင် တယ်။ ဆက်ပြောတယ်။

"မင်း ပြန်ပေးတဲ့ သံလွင်ရဲ့ ပိုက်ဆံအိတ်က တန်ကြေးအများ ကြီးတဲ့ဟေ့၊ ဦးကျော် ငါ့ကိုပြောတယ်"

ကျွန်တော် ဘာမှ ပြန်မပြောပါဘူး။

"ပိုက်ဆံအိတ်ထဲမှာ စိန်ပွင့်တချို့လည်း ပါတယ်။ သံလွင်ရဲ့ အမှတ်တရပစ္စည်း တချို့လည်းပါတယ်။ မင်းကောက်ရပြီး ပြန်ပေးလို့ တော်သေးတာပေါ့ကွာ"

ပြီး. . . သူ့စကားလမ်းကြောင်း မထင်မှတ်တဲ့ ထောင့်ကို ပြောင်းသွားပြန်တယ်။

"မင်းနဲ့ သံလွင်နဲ့က ရွယ်တူလောက်ပဲ ရှိမယ်ကွ၊ ဒါပေမယ့် သူက သူဌေးသမီးအဖြစ် မွေးခဲ့ပြီး မင်းက လမ်းပေါ် မွေးတယ်နော်၊ အင်း. . . အတိတ်ကံဟာ သိပ်ကြောက်စရာ ကောင်းတယ်ဟေ့"

သူ ပြောတာတွေကိုပဲ ကျွန်တော် ငြိမ်သက်နားထောင်နေလိုက်တယ်။ သူက ညည်းညူသလို ပြောလိုက်ပြန်သည်။

"ဒါပေမယ့် ငါမြင်ဖူးသမျှ ခြေသလုံးအိမ်တိုင်တွေထဲမှာတော့ မင်းက အသိမ်မွေ့ဆုံးပဲကွ၊ သေသေချာချာကြည့်မိရင် သိသာတာ လည်း ရှိသေးတယ်၊ ဖြစ်သလိုနေလွန်းလို့ ပေစုတ်စုတ်ပုံ ပေါက်နေပေ မယ့် မင်းရဲ့ ရုပ်ရည်က အတော့်ကို သန့်တာကွ၊ အေးလေ ဒါကြောင့် လည်း ဒီလိုပိုက်ဆံအိတ်ကို ပြန်ပေးနိုင်တဲ့ ရိုးသားမှု တွဲရှိနေတာပေါ့"

ဖွာဆန်ကြဲနေတဲ့ စကားတွေကို ဟိုဟိုသည်သည် လျှောက် ပြောပြီး အတော်ကြာမှ သူပြန်သွားပါတယ်။ သွားကာနီးမှာ ကျွန် တော့်ကို မှတ်ချက် ချသွားတယ်။

http://www.cherrythitsar.org

"မင်းက စကားတော့ တော်တော် နည်းတာပဲ"

တစ်ယောက်တည်း ကျန်ခဲ့တော့မှ ကျွန်တော် ပြန်ဆင်ခြင်ဖြစ်တယ်။ ကျွန်တော် ဘာကြောင့် စကားနည်းသလဲ။ တိကျတဲ့ အကြောင်းပြချက်က တစ်ခုတည်း ရှိပါတယ်။ သူ့ကို ချစ်တဲ့အကြောင်း မပြောနိုင်သေးသရွေ့မှာ တခြားအကြောင်းတွေကိုလည်း ကျွန်တော် မပြောချင်တာပါ။

ဒါ သဘာဝကျပါတယ်လေ။ ဘယ်လောက်ကြာအောင် ကျွန်တော် စကားဆက်နည်းနေရဦးမယ်ဆိုတာကိုတော့ ကံကြမ္မာက ပြဌာန်းသွားမှာပဲ။ ကံကြမ္မာနဲ့ ဆောင်းဟာ နှင်းတွေ တစိမ့်စိမ့် ဝေပြေရင်း ကျွန်တော့်ကို လှည့်ပတ် ချောင်းမြောင်းနေပါတော့တယ်။

# (၇)

ရှိသမျှ သစ်ပင်တွေအားလုံး တဝုန်းဝုန်း လဲပြိုနေတဲ့ တောအုပ်ကို မီးလက်တစ်ဆုပ်နဲ့သာ လှမ်းပက်လိုက်ပါတော့ တန်ခိုးရှင်။ ရပ်တန့်ခြင်းနဲ့ မခိုင်မာရင် လဲ့ပြီးသာ နေလိုက်ချင်တာ ကျွန်တော့်ရဲ့သဘာဝပါ။ သူ့ကို မြတ်နိုးမိကတည်းက ကိုယ့်ကိုယ်ကိုယ် မင်နီပြန်တားရင်း ရင်ထဲမှာ ရဲဗလောင်းခတ်နေခဲ့ပြီပဲ။

သူ့ကို ချစ်လို့ သီဝရီအသစ်တွေနဲ့ ပြန်ဆောက်ထားတဲ့လူ။ လေးကိုင်းမှာ စောင်းကြိုး အသွယ်သွယ်တပ်ပြီး မြားပလိုင်းမှာလည်း ပန်းတွေကို အပြည့်အမောက် ထည့်ခဲ့မိပေါ့။ အဲဒီလိုနဲ့ မော်တောင်ခါးပန်းမှာ ချစ်သူကို လွမ်းရင်း နေပျော်ခဲ့ပါပြီ။

စုတ်ပြတ်နေတဲ့ အတ္ထုပ္ပတ္တိကိုတော့ လူတကာသိအောင် ပြော ရလိမ့်ဦးမယ်။ ဒီအိမ်၊ ဒီခြံကို ကျွန်တော်ရောက်ခဲ့တာ ရက်တွေ စီရီ ကြာမြင့်လာတာတောင် ချစ်သူဟာ ကျွန်တော့်ကို စကားသဲ့သဲ့မပြော ခဲ့ဖူးပါဘူး။ နေရေး၊ စားရေး၊ လကုန်တဲ့အခါ သင့်တော်သလောက် ပေးတဲ့ ငွေကြေး၊ အဲဒါတွေအားလုံးကို သူ့ရဲ့အောက်လက်ငယ်သား တွေကပဲ ကျွန်တော့်အတွက် ဆုံးဖြတ်လုပ်ကိုင်သွားပါတယ်။

သူကတော့ သူ့ခြံထဲမှာ ကျွန်တော်ရောက်နေတာကို ခြံထောင့် မှာ ဆူးကိုင်းတစ်ပင်ပေါက်သလောက်ပဲ စိတ်ထဲထားပုံရပါတယ်။ [ဆူးပင်က ဆူးချွန်တွေမထွက်ဘဲ ပန်းတွေ တဖျစ်ဖျစ် ပွင့်ထွက်လာ တာကို မြင်ရင်တော့ သူ အံ့သြသွားနိုင်တယ်။]

သူက ကျွန်တော့်ကို အသိအမှတ်မပြုလွန်းတဲ့အတွက် တစ်ခါ တစ်ခါ ကျွန်တော် ဝမ်းနည်းတယ်။ လရောင်ဟာ မှောင်တဲ့ညမှာမှ ပိုလင်းသလိုမျိုး အဲဒီ မိန်းကလေးကိုမှ ကျွန်တော်က ဖြေမရ ဖျောက်မရ ရူးသွပ်လှပစွာ ချစ်ခဲ့တယ်။ အန္တတို့ရဲ့ ပုရပိုဒ်မှာတော့ ကျွန်တော်ဟာ ဓားသွားကိုကိုက်တဲ့ လူမိုက်ဖြစ်တယ်။

ခရေပင်အောက်က နက်ရှိုင်းအုံ့ပျတဲ့ တချို့ညတွေမှာ ကျွန် တော်နဲ့ ကိုရွှေဆုံဟာ ဆေးလိပ်မီးတရဲရဲနဲ့ စကားတွေ ပြောကြဖူး တယ်။ မရည်ရွယ်ပါဘဲ ကျွန်တော်လည်း စကားတွေ ဟိုရောက်

ဒီရောက်။

"လူဟာ မရနိုင်တာကိုမှ လိုချင်တတ်တယ်နော်၊ ကြယ်တွေ ကြွေတာကိုကြည့်ပြီး ငယ်ငယ်တုန်းက ကျွန်တော် ရူးခဲ့တယ်ဗျ"

"ဘယ်လို ရူးတာလဲ"

"ကျွန်တော့်အဘွားက ပြောတယ်၊ ကြယ်တွေ ကြွေတာဟာ မိုးပေါ်က နတ်သမီးတွေ နတ်သက်ကြွေတာတဲ့၊ လူ့ပြည်မှာ လူလာဖြစ်လာတဲ့ အဲဒီနတ်သမီးလေးနဲ့ မင်္ဂလာဆောင်ချင်ရင် ကြယ်ကြွေတာမဆုံးခင် ဆုတောင်းရတယ်၊ ကြယ်ကြွေတာကို မြင်နေရတုန်းမှာ ဆုတောင်းကို ဆုံးအောင် ရွတ်ရတယ်တဲ့"

"အင်း. . . အဲဒီတော့"

"အဘွားပြောပြတဲ့ ဆုတောင်းက အတော်လေး ရှည်တယ်ဗျ၊ အဟင်း. . . ဆုတောင်းလို့ မဆုံးမီ ကြယ်ကြွေတာဆုံးသွားတတ်တယ်၊ ကြယ်တွေ ပိုးခနဲ ကြွေတာတွေ့ရင် ကျွန်တော် ဆုတောင်းတာပဲ။ ဒါပေမယ့် တစ်ခါမှ မမီပါဘူး၊ ကျွန်တော်လိုချင်တဲ့ သတို့သမီးကိုလည်း ခုထက်ထိ မရခဲ့ပါဘူး"

ကျွန်တော့်စကားဆုံးတော့ ကိုရွှေဆုံက ရယ်တယ်။ ပြီးတော့ ထပ်မေးတယ်။

"အခုတော့ ကြယ်ကြွေတာမြင်ရင် မင်းဆုတောင်းသေးလား"

ကျွန်တော် ပြုံးမိတယ်။ အမှောင်ထဲမှာမို့ သဲကွဲတဲ့အပြုံး မဖြစ်ခဲ့ဘူး။ ဒါပေမယ့် အဲဒါပဲ ကောင်းပါတယ်။ နို့မို့ဆို ကိုရွှေဆုံဟာ ကျွန်တော်နဲ့ပတ်သက်ပြီး တစ်စုံတရာကို ရိပ်မိသွားနိုင်တယ်။ ကျွန်တော် မှန်ရာကို ဖြေလိုက်တယ်။

"အင်း. . . ဆုတောင်းသေးတယ်"

ကိုရွှေဆုံရဲ့ ရယ်သံက ပိုပြီး ကျယ်လာတယ်။

"မင်း တော်တော် စိတ်ကူးယဉ်တတ်တဲ့ကောင်လေးပဲ" လို့ ပြောပြီး ကျွန်တော့်နံဘေးက ထွက်သွားတယ်။ ပြုံးတမဲ့မဲ့နဲ့ ကျွန်တော် ကျန်ရစ်ခဲ့တယ်။ ညတစ်ခုလုံးဟာ တဂုံးဂုံး၊ တဂျက်ဂျက်နဲ့ ကျွန်တော့် ရင်ထဲကို ခေါက်တုံ့ခေါက်ပြန် ဖြတ်မောင်းနေပါတော့တယ်။

ကျွန်တော်ဟာ စိတ်ကူးယဉ်တတ်တဲ့ ကောင်လေးတစ်ယောက် ဆိုတာ ဟုတ်မှာပါ။ ဒါကြောင့်မို့လည်း တစ်ဖက်သတ်အချစ်ကို ကပျစ်ကညစ်နဲ့ သိုဝှက်နေမိတာပေါ့။ တစ်နေ့မှာ ချစ်သူတို့ဘဝ ရောက်လာခဲ့ရင် သံလွင့်ကို ကျွန်တော်ပြောချင်တာတွေ အများကြီး ရှိနေပါတယ်။

သူ့ဆံနွယ်မျှင်တွေကို ရည်ရွယ်ချက်များစွာနဲ့ ကျွန်တော် နမ်းချင်ပါတယ်။ သူ့ကို ချစ်မြတ်တွယ်တာခြင်း၊ သူ့အသရေကို ယုံကြည်တန်ဖိုးထားခြင်း၊ ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ သူ့ဘဝမှာ မင်္ဂလာ

တရား တည်စေခြင်း။ အို. . . များစွာ. . . . များစွာပါပဲလေ။

ရံဖန်ရံခါတော့လည်း ရယ်ရွှန်းပတ်ရွှန်းနဲ့ ကျွန်တော် နစ်မွန်းခဲ့တာတွေကို ပြောပြချင်ပါသေးတယ်။ တောင်းလို့ရမယ်ဆိုရင် တောင်းချင်တဲ့ လျော်ကြေးအတွက် သူ့ရှေ့မှာ ကျွန်တော့်လက်ဖဝါးတွေ ဖြန့်ထားချင်ပါသေးတယ်။

ဘာကြေးလဲ။ ဘာပေးမလဲ။ ကျွန်တော် သူ့ကို တိုးတိုးကလေး မေးချင်ပါတယ်။ စွန့်လွှတ်စိတ်နဲ့ ချစ်ခဲ့ပေမယ့်ဖြစ်နိုင်မယ်ဆိုရင်လည်း ပိုင်ဆိုင်ချင်မိတာ တကယ်ပါ။ ကောင်မလေးရယ်၊ နင့်ကို ငါ့စကား တစ်လုံးတောင် မညာရက်ပါဘူး။ ငါ. . . ငါလေ. . .။

## (၈)

မြောက်ပြန်လေကတော့ ရွှေရောင်တွေ ရိုင်းရိုင်း မှုတ်ထုတ်ရင်း ဆောင်းပန်းပုရုပ်ကို ပုံဖော်ဆဲပါ မိသံလွင်။ ငါရဲ့ လာရာလမ်းမှာ မင်းကို လွမ်းရင်း လခြမ်းတွေ ရှုပ်ရှက်ခတ်အောင် ကြွေခဲ့ဖူးတယ် ဆိုတာ ယုံပါ။

ဆံနွယ်ခက်ကလေးကို သပ်တင်လိုက်ပါဦး သံလွင်ရယ်။ ချီချီကြွကြွဖြစ်နေတဲ့ ငါ့ဥယျာဉ်ထဲက မီးတစ်ရုံနှစ်ရုံကို မျက်တောင်ကလေး ယိမ်းဝင့်လှုပ်ခတ်ရုံမျှနဲ့ မင်းက ငြိမ်းသတ်နိုင်ပါတယ်။ ဘယ်ဘဝက ဝဋ်ကြွေးလဲ မိသံလွင်။ ဒီဘဝမှာကော ဘာတွေပြီးရင် ဘာတွေ ငါထပ်ပေးရဦးမလဲ။ ကြောက်ပြလည်း ရှုံးမယ့်အတူတူတော့

ငါ 'ရဲ' ပါရစေလား။

ငါဟာ မငိုတတ်ပေမယ့် ဝမ်းနည်းစရာရှိရင်တော့ ဝမ်းနည်းတတ်တဲ့ သာမန်လူငယ်ပါ။ လက်ကိုင်ပဝါ ဆောင်မထားနိုင်ပေမယ့် ခေါင်းငုံ့တတ်အောင်တော့ လေ့ကျင့်ထားပါတယ်။ ငါ့ကိုခေါ်ပါ မိသံလွင်။ မင်းခေါ်ရင် တောင်နဲ့တိမ်ကိုကျော်ပြီး ငါ လိုက်ခဲ့ချင်ပါတယ်။

သစ်ကိုင်းသစ်ခက်တွေကြားထဲမှာပဲ ခရေရွက်တွေဟာ အရက်မူးသမားတစ်ယောက်လို လမ်းသွားနေကြတယ်။ မြေပေါ်မှာ လှဲအိပ်ရင်း ကောင်းကင်ပင်လယ်ထဲက ဖြူလွှတဲ့ လမင်းကျွန်းကလေးကို ကျွန်တော်ငေးကြည့်နေမိတယ်။ ပေါ်လောမျောနေတဲ့ ကြယ်ကလေးတွေဟာ သူတို့ ခြေကုန်လက်ပန်းကျနေကြလေရဲ့။ အဲဒါတွေ မြင်နေတော့ သံလွင်ကို ကျွန်တော် သတိရမိတယ်။

ဘာမှမဆိုင်ပါလားလို့ တွေးရင်း တွေးမိကြမှာပဲ။ ဒါပေမယ့် ကျွန်တော့်စိတ်ကူးတွေအရတော့ ဆိုင်ပါတယ်။ သံလွင်က လမင်းကျွန်းကလေးဆိုရင် ကောင်းကင်ပင်လယ်ထဲမှာ မျောနေတဲ့ ဥက္ကာမှုန်လေးတစ်စဟာ ကျွန်တော်ပါ။ ဆုံစည်းဖို့ မလွယ်ပါဘူး။ ဆုံစည်းလိုက်တာနဲ့လည်း ရဲခနဲ မီးလောင်ပြာကျသွားမှာ ကျွန်တော်ပါ။ အဲဒါ တောင် ဒီကောင်က ဆုံချင်နေတာ ဘာဖြစ်လို့လဲ။

သံလွင်ရေ သား အသေလေးမွှေးတဲ့ မိခင်ဟာ ဘယ်လိုခံစား

မလဲ။ ငှါကိုလည်း စာနာစမ်းကွယ့်။ ငါဟာလည်း အိပ်မက်အသေတွေ မက်ခဲ့ရတဲ့ကောင်ပါ။ သံခုတင်မှာ အိပ်ပြီး ရာဇဝင်ကို လက်သည်း ထိပ်နဲ့ ကုတ်ခြစ်ပြီးရေးနေတဲ့ ကောင်ပါ။ ပင်လယ်ပြင်ပေါ် တက်ပြီး ဣန္ဒြေကြီးနဲ့ ရေငတ်နေတဲ့ ကောင်ပါ။

မစားဖူးဘဲနဲ့ ကျွန်တော့်အာရုံထဲမှာ ပန်းတွေကို ဆာတယ်။

ညနေတုန်းက ခြံထဲက ဒန်းကလေးမှာ သံလွင်လာထိုင်နေပါ တယ်။ လက်ထဲက မြက်ကလေးနှစ်ပင်ကို လိမ်ယှက်ပူးချည်လို့။ သံစဉ် သာတဲ့ သီချင်းကလေးတွေကို မပီမသဆိုညည်းလို့။ ဖွေးဥနုညက် တဲ့ ခြေထောက်ကလေးတွေက ဖြည်းဖြည်းညင်းညင်း လှုပ်ခတ်လို့၊ နောက်ပြီးတော့ လှလို့ပလို့၊ လေညင်းကလေးလို ချိုလွင်မွှေးရှင်းလို့။

အဲဒီအချိန်မှာ ကျွန်တော်က မြေပေါ်မှာ တုတ်နဲ့ခြစ်ပြီး သူ့ နာမည်ကို မပီမသ ရေးနေပါတယ်။ တခြားတစ်ယောက်ယောက်က မတွေ့အောင်နဲ့ တွေ့သွားရင်လည်း ဖတ်မရအောင် ကျွန်တော် တစ်ယောက်တည်း နားလည်ရုံ ရေးနေမိတယ်။ အဲဒီလို ကျွန်တော် ခေါင်းငုံ့ပြီး ရေးခြစ်နေရာက စိတ်ထဲမှာ တစ်မျိုးခံစားရလို့ မော့ကြည့် လိုက်တဲ့အခါ ကျွန်တော့်ကို လှမ်းကြည့်နေတဲ့ သူ့ရဲ့ မျက်ဝန်း လှလှလေးနဲ့ ရင်ဆိုင်ရတော့တာပါပဲ။

သူ့ရဲ့ မျက်လုံးတောက်တောက်ကလေးတွေဟာ ကျွန်တော့်

မျက်နှာကို ခဏစူးကြည့်နေပါတယ်။ နောက်တော့ မျက်နှာလွှဲသွားတယ်။ နောက်တော့ လုံးဝ ဂရုမပြုတော့ဘူး။ ဒန်းကလေးကိုစီးရင်း အပြီးအပိုင် ကျောခိုင်းသွားတယ်။ တွေဝိုင်လွမ်းဆွတ်သလိုဖြစ်ပြီး ငြိမ်သက်ကျန်ရစ်တဲ့ ကျွန်တော်ဟာ မြေပေါ်က သူ့နာမည်လေးကိုပဲ ခပ်နက်နက် ထပ်ရေးလိုက်တယ်။

ကျွန်တော် ဒါပဲ တတ်နိုင်ခဲ့တယ်။

အဲဒီလိုနဲ့ပဲ ကျွန်တော်လည်း နေမြင့်လေ ရင်ပွင့်လေ ဖြစ်လာတော့တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတယ်။ ကျွန်တော် သူ့ဆီက ဘာတွေ မျှော်လင့်နေမိသလဲ။ အများကြီး ရှိတယ်ဆိုရင်လည်း အနည်းဆုံးကိုသာ ရိုးရိုးရှင်းရှင်းပြောပါ။ ဘာလဲ။

သူ့ကို ကျွန်တော် သိပ်ချစ်တယ်ဆိုတာ သူ သိစေချင်တယ်။ ကျွန်တော့်အချစ်ကို သူ အသိအမှတ်ပြုခဲ့မယ်ဆိုရင် ကျွန်တော် ကျေနပ်ပျော်ရွှင်ပါတယ်။ တံစဉ်ကိုင်ထားတဲ့ လယ်သမားရဲ့ရှေ့မှာ စပါးပင်ကလေးခါးကိုင်းပေးပြီး အခုတ်ခံရသလိုမျိုး ရိုကျိုးသိမ်မွေ့စွာ ကျွန်တော် သူ့ကို ချစ်သွားမှာပါ။

တကယ်. . . တကယ်ပါ သံလွင်ရယ်။ ငါဟာ မင်းကို အခါအခွင့်ဆိုတာတွေ မတွေးဘဲ ချစ်ပါတယ်။

လရောင်ဟာ ချိုးငှက်တစ်ကောင်လိုပဲ သူ့အတောင်ပံတွေကို

ဆန့်ထုတ်ဖြန့်ကားလိုက်တယ်။ မြေပေါ်မှာ ပက်လက်လှဲနေရင်းက လရောင်ရဲ့အေးမြမှုကို ကျွန်တော်ခံစားနေရတယ်။ အိမ်ကြီးရဲ့အပေါ်ထပ် တစ်နေရာက သူ့အခန်းမှာ မီးပွင့်ပြာပြာကလေး လင်းနေတယ်။

ဒီအချိန်မှာ သူလည်း အိပ်မောကျနေရှာမယ်။ ကောင်းသော အိပ်မက်တို့နဲ့ နိုးထနိုင်ပါစေ။ ကျွန်တော် တစ်ယောက်တည်း သူ့ကို ချစ်တဲ့အကြောင်းတွေတွေးရင်း ပွတ်ရှကင်ရဲ့ ကဗျာတစ်ပုဒ်ကို ရွတ်နေမိ တယ်။

လေပြည်ကလည်း ကသီကဝေ ဝှေ့ရမ်းတိုက်ခိုက်နေရဲ့လေ။

- I Love You; even now I may confess,
- Some embers of my Love their Fire retin,
- But do not let it cause you more distress,
I do not want to sadden you again.
- Hopeless and tontuetied, yet I loved
you clely with panfs the yealous and
the timid know,
- So kenderly I loved you, so sincerely,
I pray, God prmt Qnother love you so.

# (၉)

ဘာမှမထူးခြားတဲ့ ပုံမှန်ဖြစ်ရပ်တွေနဲ့ပဲ ကျွန်တော့်ဘဝကလေး အက်ကြောင်းထပ်နေပါတယ်။ ကျွန်တော်က သူ့ကို ချစ်တယ်။ သူက သိတောင် မသိဘူး။ သူသိအောင်လည်း ကျွန်တော်မဖန်တီးဘူး။ သူ့ အလိုအလျောက်လည်း သူ မသိဘူး။

ရှင်းလွန်းလို့ ရှုပ်နေတဲ့ ဇာတ်လမ်း ရိုးရိုးကုပ်ကုပ်ကလေးပါ။ သေသေချာချာတွေးမှ ရယ်စရာကောင်းသလို၊ သေသေချာချာတွေးမှ ကြေကွဲစရာလည်း ကောင်းလှပါတယ်။

ကျွန်တော်ကြည့်ဖူးတဲ့ ပြဇာတ်ထဲကလိုလည်း ဖြစ်မလာပါဘူး။ မင်းသမီးနဲ့ စေ့စပ်ထားတဲ့ လူကြမ်းက မင်းသမီးကို ခြံထဲမှာ ထိကပါး

ရိုကပါးလုပ်၊ ခြံစောင့်က ဝင်ထိုးပစ်လိုက်ရင်း မင်းသမီးနဲ့ ခြံစောင့်နဲ့ ကြိုက်၊ အဲသလိုမျိုးကိုလည်း ယောင်လို့တောင် ကျွန်တော်မကြံလိုက် ပါဘူး။ သူက တိုက်ပေါ်မှာ နေတယ်။ ကျွန်တော်က ခြံထဲမှာနေတယ်။ တိုက်ပေါ်မှာ၊ ခြံထဲမှာ၊ လူတွေမှာ၊ လောကထဲမှာ တံခါးတွေ များစွာ ရှိနေတယ်။

ကျွန်တော်သိပါတယ်။ သိကြောင်းဖော်ပြစရာ မလိုသလို၊ မသိ သယောင် ဟန်ဆောင်ပြစရာလည်း မလိုပါဘူး။ ဒါပေမယ့် ကျွန်တော် သိပါတယ်။ သူ့နေရာနဲ့ သူ တံခါးတွေရှိတယ်။

ဘယ်လိုလူတွေက အချစ်နဲ့ပတ်သက်ပြီး ဘာသင်္ကေတတွေ တီထွင်သတ်မှတ်သွားတယ်ဆိုတာ ကျွန်တော်မသိပါဘူး။ ပေါက် ပေါက်ရှာရှာတွေးကြည့်ရင်း ဒီရက်ပိုင်းထဲမှာ ကျွန်တော်မြင်မိတာ တစ်ခုရှိတယ်။ အချစ်ဟာ ပြဒါးနဲ့တူတယ်။

မာကီယာဗယ်လီကတော့ "အာဏာဟာ ပြဒါးနဲ့ တူတယ်" လို့ ပြောသွားဖူးတယ်။ ဖမ်းဆုပ်ကိုင်တွယ်ရတာ ခက်လို့တဲ့။ အဲဒါကြောင့် ပဲ အချစ်ဟာလည်း ပြဒါးနဲ့ တူတယ်။ ဖမ်းဆုပ်ကိုင်တွယ်ရတာ ခက်သလို လောင်မြိုက် လှိုက်စားတတ်တဲ့ သဘောလည်းရှိတယ်။ ကြောက်စရာပါပဲ။ အဲဒီလို ကြောက်စရာဆိုတာကို သဘောပေါက်ပါ လျက်နဲ့ ကြောက်ရတာကို ခုံမင်နှစ်သက်နေတဲ့ကောင်ဟာ စိတ်ပျက်

စရာ ကောင်းလှပါတယ်။ ပြောရရင်တော့ ကျွန်တော်ပါပဲ။

အဲဒီနေ့မှာပဲ ရင်ခုန်စရာ အဖြစ်ကလေးတစ်ခုကို သူ့ကြောင့် ကျွန်တော် ရခဲ့ပါတယ်။

သံလွင်ဟာ ကျူရှင်သွားမလို့ ထွက်လာရင်း ခြံပတ်လမ်း ကလေးထဲမှာ လက်ထဲက စာအုပ်တွေ လွတ်ကျပါတယ်။ အနားမှာ အဆင်သင့်ရှိနေတဲ့ ကျွန်တော်က တိုးတိတ်သေဝပ်စွာနဲ့ပဲ သူ့စာအုပ် တွေကို လိုက်ကောက်ပေးလိုက်ပါတယ်။ ကျွန်တော့်ရင်တွေ တဒိတ် ဒိတ်နဲ့ တစ်ခုခုကို စိုးထိတ်ခဲ့ပါတယ်။ သူ့ကိုယ်ကမွှေးရနံ့က ကျွန်တော့် အပေါ် အုပ်မိုးဖြာဆင်းနေတယ်။ သူ့ခြေဖမိုးလှလှလေးဟာ ကျွန် တော့်ရှေ့မှာ ရပ်တန့်ငြိမ်သက်နေတယ်။ မော့မကြည့်ဘဲ သူ့စာအုပ်ကို ကျွန်တော် ကမ်းပေးလိုက်တယ်။

"......."

ကျွန်တော်ပေးတာကို တော်တော်နဲ့ သူ လှမ်းမယူပါဘူး။ ကျွန်တော့်ကို ကြည့်နေတယ်။ မော့မကြည့်ပေမယ့် ကျွန်တော်သိ တယ်။ လက်မတုန်ပေမယ့် ကျွန်တော့်ရင်တွေ ခုန်နေတယ်။ ဘာဖြစ် တာလဲ။ ဘာဖြစ်လို့လဲ။ အဲဒီမှာပဲ ကျွန်တော်တစ်ခု သတိရလိုက်ပါ တယ်။

လက်ချောင်းတွေ။

မျက်လုံးဝင့်ကြည့်လိုက်တော့ ထင်ထားသလိုပဲ ကျွန်တော့် လက်ချောင်းတွေကို သူကြည့်နေပါတယ်။ မသိမသာ ကျွန်တော် သက်ပြင်းရှိုက်မိတယ်။

အပြစ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့အတွက် ထူးဆန်း သွားနိုင်တယ်။ [လမ်းပေါ်က တေလေတစ်ယောက်အနေနဲ့ဆိုရင်] ကျွန်တော့် လက်ချောင်းတွေက လှပပြေပြစ်နေပါတယ်။ တစ်ကိုယ်လုံး ပေရေအောင် ကျွန်တော်နေခဲ့ပေမယ့် လက်တွေကျတော့ သန့်စင် နေတတ်ပါတယ်။ တက္ကသိုလ်က သူငယ်ချင်းတွေကြားမှာတောင် အနုပညာသမားဖြစ်တဲ့ ကျွန်တော်က လက်ချောင်းကလေးတွေ ပိုလှပါတယ်။ အခု. . .

ဒါပေမယ့် သူ ဘာမှမပြောပါဘူး။ စာအုပ်တွေကို လှမ်းယူ တယ်။ ဆက်မသွားဘဲ ကျွန်တော့်ရှေ့မှာ ရပ်နေတယ်။ ကျွန်တော် မော့ကြည့်လိုက်တော့ သူက ကျွန်တော့်ကိုကြည့်ပြီး အသံလွင်လွင် ကလေးနဲ့ မေးတယ်။

"ဒီမှာနေရတာ အဆင်ပြေရဲ့လား"

သူက သိပ်လှပါတယ်။ အဝေးက ကြည့်ရတာ လှသလို အနီး က ကြည့်တော့လည်း လှလွန်းတာပါပဲ။ သူ့ကို မင်သက်ငေးမောမိ ရင်း အဖြေစကား ပြန်ပေးဖို့ကို မေ့နေသလိုဖြစ်သွားတယ်။ နောက်မှ

သတိဝင်လာပြီး. . .

"ပြေပါတယ်"

ဒါပါပဲ။ ကျွန်တော့်စကားအဆုံးမှာ သူထွက်သွားပါတယ်။ လင်းဝင်းငြိမ့်ညောင်းတဲ့ ကဗျာတစ်ပိုဒ်ကို ဆောင်းနေ့လယ်တစ်ခုမှာ ကျွန်တော်ဖတ်လိုက်ရတာပါ။ ညပေါင်းများစွာ အိပ်မပျော်ဖြစ်ရတော့မယ့် အရေးကိုလည်း ကျွန်တော်ရင်မလေးပါဘူး။ အခုမှ ပိုလို့တောင် တက်ကြွရှင်သန်လာပါသေးတယ်။ ဒီဖြစ်ရပ်ကလေးကို အစအဆုံး မြင်နေရတဲ့ ခရေရွက်တွေက အချင်းချင်း ခေါင်းခါပြကြတယ်။ 'ဒီကောင်လေးခက်တယ်' လို့လည်း ညွှတ်ကယ်ညွှတ်ကယ် ပြောကြတယ်။

ဘာဖြစ်လဲ။ လွယ်ရတာက လွယ်ပါတယ်။ ခက်ရတာကသာ ခက်တာပါ။ အဲဒီလို ကျွန်တော် သံလွင်ကို ကျွန်တော်ဆက်ချစ်သွားဦးမှာပါ။ အထိမ်းအမှတ်အဖြစ် ကျောက်တိုင် မစိုက်နိုင်ပါဘူး။ ဒါပေမယ့် ခြံထောင့်မှာ ပန်းတစ်ပင်ကို ကျွန်တော်ပျိုးပါတယ်။ ပန်းဆိုတာကိုပဲ သိပြီး ဘာပန်းတော့ မသိပါဘူး။

အချစ် (Love) လို့ နာမည်ပေးလိုက်ပြီး ဘယ်သူ့ကိုမှ အသိမပေးဘဲ ကျွန်တော်နေခဲ့တယ်။ မကြာမီရက်ပိုင်းထဲမှာ ပန်းကလေးပွင့်လာပါတော့မယ်။

## (၁၀)

ကစားတဲ့ကလေးအရွယ်လည်း မဟုတ်ဘဲနှင့် သံလွင့်မှာ အရုပ် တစ်ရုပ်ရှိတယ်။ အဲဒီအရုပ်က အတော်ကြီးမားပြီး လိုချင်မက်မော စရာ ကောင်းပါတယ်။ အမွေးဖွားဖွား ထ,နေတဲ့ ပင်ဒါဝက်ဝံရုပ် ကြီးပါ။ ဘာနဲ့ဘယ်လိုလုပ်ထားလဲတော့ မသိပါဘူး။ အဲဒီဝက်ဝံရုပ် ကြီးဟာ ခေါင်းတညိတ်ညိတ်၊ မျက်လုံးကလယ်ကလယ်နဲ့ ချစ်ဖို့ အလွန်ကောင်းပါတယ်။

သူဟာ တချို့အချိန်တွေမှာ အဲဒီဝက်ဝံရုပ်ကြီးကို ပွေ့ပိုက်ထား တတ်တယ်။ တစ်ခါတစ်ခါ အဲဒီအရုပ်နဲ့ ရန်ဖြစ်နေတတ်တယ်။ သူ ဘာပြောပြော အရုပ်ကတော့ ခေါင်းတညိတ်ညိတ်။ မျက်လုံးကလေး

http://www.cherrythitsar.org

ကလယ်ကလယ်ပါပဲ။ အဲဒီအရုပ်နဲ့လည်း ဓာတ်ပုံအလှရိုက်ထားတာ တွေရှိတယ်လို့ ကိုရွှေဆုံက ပြောတယ်။ လှတယ်လို့တော့ ဆက်မ ပြောဘူး။ ဆက်ပြောနေစရာမလိုတဲ့ အကြောင်းအရာမှန်း သူရော ကျွန်တော်ရော သိကြပါတယ်။

ခြသေ့်နဲ့ ဘယ်လိုတိုက်တိုက်၊ ဘီလူးနဲ့ ဘယ်လိုကိုက်ကိုက်၊ ချစ်မိသူလောက်တော့ ဘယ်သူမှ လူမိုက်မမည်ဘူးနော်။ လောက ကြီးကတော့ ဟားတိုက်ရယ်နေမှာပေ့ါ။ ကျွန်တော့်ရဲ့ ယူတိုပီယန် ညများစွာမှာ အဲဒီအရုပ်ကြီးနဲ့ ကျွန်တော်နဲ့ သူ့အကြောင်းတွေ ဒူးတိုက်ဆွေးနွေးဖူးပါတယ်။ အဆိုတွေ တင်သွင်းလိုက်၊ ထောက်ခံ လိုက်နဲ့ နောက်ဆုံးတော့ သူ ပျော်အောင် အလိုလိုက်ရေးမူကို ကျွန်တော်တို့ ချမှတ်ခဲ့တယ်။

ကျွန်တော် ထင်ပါတယ်။ လူတစ်ယောက်က လူတစ်ယောက် ကို တကယ်ချစ်လာပြီဆိုရင် မာရ်နတ်ရဲ့လက်တစ်ထောင်ကလည်း ကြားကနေ ဖြန့်ကာတားဆီးလို့ မရပါဘူး။ အဲဒီလို ကျွန်တော် တွေး တောမိတဲ့အချိန်မှာ ဆောင်းအလယ်ခေတ်ရဲ့ နှင်းတွေဟာ ထူထပ် အေးခဲပြီး ဆင်းသက်လာကြတယ်။

ဒီအချိန်ဆို နိုင်းမြစ်ထဲမှာ ဗေဒါတွေ စီးမျောနေပြီလား။ ကျွန်တော်ကတော့ ဒီသောင်ဒီကမ်းမှာ ကျောက်ချပြီး နေခဲ့ပါရစေဦး။

သူ့ကို ချစ်တာ လူ့ယဉ်ကျေးမှုကို ချစ်တာပါပဲ။ သူ့ရဲ့ တတိယနှစ် ပြဋ္ဌာန်းစာအုပ်မှာ ကျွန်တော်ကဗျာတစ်ပုဒ် ရေးထည့်ချင်တယ်။ အခြေအနေကလည်း ပေး။ သူကလည်း ဖတ်မယ်ဆိုရင်ပေါ့ကွယ်။

သံလွင်ရေ၊ ပန်းကန္တာရမှာ ကျောက်တုံးအိုတွေ လဲ့ပြာကွဲအက်၊ ငါဟာ ကိုယ့်ကိုယ်ကိုယ် ပြန်တူးနေတဲ့ ပေါက်ချွန်းတစ်လက်ကွယ်။ သိရဲ့လား။

သူ့ပါးကလေးကို နမ်းချင်တာ အချစ်လား။ သူ့နှုတ်ခမ်းအိအိကို လက်ညှိုးကလေးနဲ့ လှမ်းထိချင်တာ အချစ်လား။ သူ့နဖူးပြင်ထက်က ဆံနွယ်ခက်ကလေးတွေကို သပ်တင်ပေးချင်တာ အချစ်လား။ သူ့ကို ရင်ခွင်ထဲမှာထားပြီး အားလုံးကို ငြိမ်းချမ်းစေချင်တာ အချစ်လား။ သူ့ကို ချစ်မိတဲ့အချစ်မှာ ကျွန်တော်ဟာ မှုန်ဝါးပျောက်ဆုံးသွားပါတယ်။

နေ့တွေ၊ ညတွေ ထပ်မံကုန်ဆုံးသွားပါတယ်။ သူ့အပေါ် ထားခဲ့မိတဲ့ ကျွန်တော့်ရဲ့အချစ်ဟာ ပိုပြီး ကျစ်လစ်စင်ကြယ်လာခဲ့ပေါ့။ သူကတော့ ကျွန်တော့်ကို လေထဲမှာမျောနေတဲ့ ဆပ်ပြာပူဖောင်းတစ်လုံးလိုပဲ သဘောထားမှာပါ။ လေကြမ်းတွေ အာငွေ့နဲ့ ဝိုင်းမှုတ်လို့ ဆပ်ပြာပူဖောင်းလေး ဗောင်းခနဲ စုတ်သွားရင်တောင် လက်ခုပ်များ တီးဦးမလား မသိ။ ကျွန်တော် တစ်ကိုယ်လုံး ကျုံ့လိုက်မိတယ်။

တိုက်ဆိုင်တတ်တာက ကျွန်တော့်မှာ အဲဒီလို အတွေးတွေ ဝင်လာပြီဆိုရင် 'သူနဲ့ တွေ့လေတိုင်း ဘာကြောင့်များ စိတ်အားငယ်၊ အလိုလို ဝမ်းနည်းလာတယ်ကွယ်' ဆိုတဲ့ သီချင်းကို အသံဝါကြီးနဲ့ အော်ဆိုပြီး ကိုရွှေဆုံအနား ရောက်လာတတ်တယ်။ 'ဟေ့ကောင်လေး၊ ဘာတွေတွေးနေသလဲ' လို့မေးပြီး ကျွန်တော့်အဖြေကိုလည်း နားမထောင်ဘဲ ပြန်ထွက်သွားတတ်တယ်။

ကျွန်တော်စိုက်ထားတဲ့ ပန်းပင်ကလေးကို မကြာမကြာ ကျွန်တော်သွားကြည့်ပါတယ်။ ကျွန်တော်ယူလာကတည်းက သန်မာလန်းဆန်းနေတဲ့ ပန်းပင်ကလေးဟာ ကျွန်တော်ဆက်စိုက်ထားတော့လည်း အားကောင်းဖွံ့ထွားလျက်ပါပဲ။ အပင်တွေအကြောင်း နားမလည်ပေမယ့် အပြန့်ပြန့် အလှန်လှန် အကဲခတ်ရင်း ဒီပန်းကလေးမှာ မကြာမီ ပန်းပွင့်တော့မယ်ဆိုတာကို ကျွန်တော် နားလည်နေပါတယ်။ ဝမ်းသာသလိုလည်း ဖြစ်မိတယ်။

ကျွန်တော် အချစ် (Love) လို့ နာမည်ပေးထားတဲ့ ဒီပန်းပင်ကလေးမှာ ဘယ်လောက်လှတဲ့ ပန်းကလေး ပွင့်လာမလဲ။ နည်းနည်းတော့ ကျွန်တော် ရင်ဖိုတယ်။ ခုထိတော့ ဘယ်သူကမှ ဒီပန်းကလေးကို သတိမထားမိကြပါဘူး။ ဒါကြောင့်လည်း ကျွန်တော် ပိုဂရုစိုက်ရပါတယ်။ ဒီပန်းပင်ကလေးဟာ ကျွန်တော့်နှလုံးသားရဲ့ ရုပ်ပွားမှတ်

တိုင်ကလေး ဖြစ်သည်ထက် ဖြစ်လာပါတယ်။

တစ်နေ့ ပန်းပင်ကလေးကို ကျွန်တော် တိတ်တဆိတ် ပြုစုနေတုန်းမှာ အပေါ်ထပ်ပြတင်းပေါက်ဆီက သံလွင့်စကားသံချိုချိုကလေးကို ကြားရပါတယ်။ ကျွန်တော် လှည့်ကြည့်တဲ့အခါ သူဟာ ဝက်ဝံရုပ်ကြီးကို ချီပြီး ခြံထဲက မာလီကိုအုန်းရွှေကို ပန်းခူးခိုင်းနေပါတယ်။ အဲဒီမှာ ဘာကြောင့်မှန်းမသိလိုက်ဘဲ သူ့ဝက်ဝံရုပ်ကြီးကအောက်ကို ပြုတ်ကျလာပါတော့တယ်။

"ဘုတ်"

"ဟင်"

တိုက်က မြင့်ပြီး အရုပ်ကလည်း အလေးချိန်ရှိနေလို့ မြေပြင်ပေါ်မှာ ဝက်ဝံရုပ်ကြီး တစ်စစီ ပြုတ်ထွက်သွားပါတယ်။ ခြေတွေလက်တွေနဲ့အတူ မျက်လုံးတစ်ဖက်လည်း ကျွတ်ထွက်သွားပါတယ်။ မာလီကိုအုန်းရွှေက အရုပ်ကို ပြေးကောက်ပြီး တစ်စစီ သူ့ကို မြှောက်ပြလိုက်တယ်။

"မမလေး ပြုတ်ထွက်ကုန်ပြီ"

ချစ်စရာကောင်းခဲ့ဖူးတဲ့ အရုပ်ဟာ ခုတော့လည်း ပုံပျက်ပန်းပျက် ဖြစ်နေပါတယ်။ ဘယ်ရောက်သွားမှန်း မသိတဲ့ မျက်လုံးတစ်ဖက်ကလည်း ပြန်ရှာမရတော့ဘူး။ ကိုအုန်းရွှေက အဲဒီအကြောင်းတွေ

သူ့ကို အောက်က အော်ပြောပါတယ်။

"ဟာ"

သူက ဟာခနဲ အော်ရင်း အဲဒီစကားတွေကို အရယ်တစ်ဝက်နဲ့ နားထောင်နေတယ်။ ပြီးတော့. . . . .

"ကိုအုန်းရွှေ သေသေချာချာ မြှောက်ပြစမ်း"

ကိုအုန်းရွှေက လက်ကိုမြှင့်ပြီး ထပ်မြှောက်ပြတယ်။ မလှမပ ဖြစ်နေတဲ့ အရုပ်ကြီးကို ကြည့်ပြီး သူရယ်ပါတယ်။ အတော်ကြာအောင် နှစ်နှစ်ကာကာ ရယ်နေပြီးတော့မှ. . .

"ကိုအုန်းရွှေ အိမ်ကကလေးတွေ ကစားရအောင် ယူရင်ယူသွားလေ၊ မယူချင်ရင်လည်း အမှိုက်ခြင်းထဲသာ ထည့်သွားလိုက်တော့"

ပြောပြီး ပြတင်းပေါက်ကနေ သူလှည့်ထွက်သွားပါတယ်။ ပန်းပင်ကလေးအတွက် မြေစိုင်ခဲတွေကို ချေနေရင်း ကျွန်တော့်လက်တွေ ဓာတ်လိုက်သလို ထုံကျဉ်သွားတယ်။ အသက်မဲ့သွားသလို ပန်းပင်ကလေးကို ကျွန်တော် ငေးကြည့်နေမိပါတယ်။ လေကြမ်းကြမ်းလှန်တိုက်တော့ ပန်းပင်ကလေးက အရွက်တွေ ကပိုကရိုနဲ့ တုန်ယင်ကော့လန်သွားတယ်။

ညဉ့်ဦးပိုင်းမှာ ထုံးစံအတိုင်း ကိုရွှေဆုံနဲ့ ကျွန်တော် စကားထိုင်

ပြောကြပါတယ်။ ကိုရွှေဆုံကချည်းပြောပြီး ကျွန်တော်က နားထောင်သူပါ။ သူကြုံဖူးတဲ့ အရူးတွေအကြောင်းကိုမှ လာပြောပြနေတာပါ။ ခင်ဗျား မသိလို့ပါ ကိုရွှေဆုံရယ်။ ကျွန်တော်လည်း. . . . . .။

## (၁၁)

တစ်ရက်မှာ ဒီအိမ်ရဲ့ အလုပ်သမားတွေအားလုံး ပျော်မြူး နေကြတာကို (အိပ်ရာက နိုးနိုးချင်း) ကျွန်တော် တွေ့လိုက်ရပါတယ်။ အားလုံးကလည်း အဝတ်အစားတွေကို သပ်သပ်ရပ်ရပ် ဝတ်ထားကြ တယ်။ ထုံးစံအတိုင်း ကျွန်တော့်ကိုတော့ အရေးမလုပ်ကြပါဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့ပျော်ရွှင်နေတာကို တွေ့ရလို့ ဝမ်းသာပါတယ်။ ကျွန်တော့်ဘာသာ ခရေပင်အောက်မှာ သွားထိုင် နေလိုက်တယ်။

ထူးထူးခြားခြား သံလွင့်အခန်းမှာ ပြတင်းတံခါး ပိတ်ထားတာ ကို တွေ့ရတယ်။ မနက်အစောကြီးမှာ သံလွင် တစ်နေရာရာကို သွား

တယ် ထင်ရဲ့။ ကျွန်တော် မသိခဲ့ဘူး။ ကျွန်တော် ထိုင်ခါစမှာပဲ ကိုရွှေ ဆုံက ကွမ်းတမြုံ့မြုံ့နဲ့ ရောက်လာပါတယ်။ ကျွန်တော့်ကို ပြုံးကြည့် ပြီး. . .

"ကောင်လေးက ဘာရလဲ"

သူ့စကားကို ကျွန်တော် နားမလည်ပါဘူး။

"ဘာရ ရမှာလဲ"

ကျွန်တော် ပြန်မေးတော့ သူမျက်မှောင် ကြုတ်သွားတယ်။

"မင်း ဘာမှ မရဘူးလား"

"မရပါဘူး၊ ဘာလဲ"

သူက သူ့ခါးနောက်မှာ ထိုးထားတဲ့ ပလတ်စတစ်ထုပ်လေးကို ဆွဲယူပြီး ကျွန်တော့်ကို ပြတယ်။

"လက်ဆောင်လေကွာ၊ ဒီနေ့ သံလွင့်မွေးနေ့၊ ဒီအိမ်က အလုပ် သမားတွေကို နှစ်တိုင်း သူလက်ဆောင်တစ်ခုစီ ပေးတယ်။ အခု လည်း ဘုရားမှာ အလှူသွားလုပ်တယ်"

သူ့ ပလတ်စတစ်အိတ်လေးထဲမှာက အသစ်စက်စက် ပုဆိုး အကောင်းစားတစ်ထည်ပါ။ ပလတ်စတစ်အိတ်ပေါ်ကနေ 'ကိုရွှေဆုံ အတွက်' ဆိုတဲ့ စာတစ်ကြောင်းကို မိန်းကလေးလက်ရေးလှလှလေး တွေနဲ့ ရေးထားတယ်။ ခုနက ကိုအုန်းရွှေဆီမှာလည်း ဒီလို ပလတ်

စတစ်အိတ် တစ်အိတ် ကျွန်တော် တွေ့လိုက်မိတယ်။ အားလုံးလက်ဆောင်ပစ္စည်း ရကြပုံပေါက်ပါတယ်။ ဒါကြောင့် သူတို့ ပျော်နေကြတယ်။

"သံလွင်က သူ့မွေးနေ့ဆိုရင် နိုင်ငံခြား မိတ်ဆွေတွေဆီတောင် လက်ဆောင်လှမ်းပို့ပေးတာကွ၊ ငါတို့လည်း အမြဲရတယ်၊ အဲ. . မင်းအတွက်ကတော့ ဘယ်သူ့ဆီပေးသွားလဲ မသိဘူး။ ငါ လိုက်မေးပေးမယ်"

ပြောပြီး ကိုရွှေဆုံ ထွက်သွားပါတယ်။

ကျွန်တော့် သွေးတွေ ပူသွားတယ်။ သူ့မွေးနေ့ဆိုတော့ ကျွန်တော်အတွက် အရေးကြီးပါတယ်။ ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲ။ စိတ်ထဲမှာ ဘာမှမရေရာ မသဲကွဲသေးခင် ကိုယ့်ကိုယ်ကို ပြန်သတိထားလိုက်မိတာ ရှိတယ်။ ကျွန်တော် ပျော်လာတယ်။

ခြံထဲမှာရှိတဲ့ အလုပ်သမားတွေအားလုံး သူ့ရဲ့ မွေးနေ့မှာ ပျော်နေကြတယ်လို့ ပြောရင်ရပါပြီ။ ကျန်တဲ့လူတွေက လက်ဆောင်ပစ္စည်းရလို့ ပျော်တာဖြစ်ပြီး ကျွန်တော်က သူ့မွေးနေ့ ဖြစ်နေလို့ကို ပျော်တာပါ။ နောက်ပြီး ကျွန်တော်က ဘာလက်ဆောင်မှလည်း မရသေးပါဘူး။

ဘာလုပ်ရင် ကောင်းမလဲလို့ စဉ်းစားရင်း စိတ်ထဲမှာ တောင်

တောင်အီအီတွေးရင်း၊ ခြံထဲမှာ ဟိုဟိုသည်သည် လျှောက်ရင်း၊ နောက်ဆုံးတော့လည်း ကျွန်တော့်ရဲ့ ပန်းပင်လေးဆီကိုပဲ ရောက်သွားပါတယ်။ ပန်းပင်ကလေးရှေ့မှာ ကျွန်တော် မုဆိုးဒူးထောက်ထိုင်ချလိုက်တယ်။ ‘ဒီနေ့ သူ့မွေးနေ့ကွ’လို့ ပန်းပင်ကလေးကို ကျွန်တော် ပြောပြလိုက်တယ်။

အဲဒီနောက်မှာတော့ သံလွင့်ကို ကျွန်တော် သိပ်ချစ်တဲ့အကြောင်း၊ နေလိုလည်း ချစ်ခဲ့၊ လလိုလည်း ချစ်ခဲ့တဲ့အကြောင်း၊ ဒါပေမယ့် သူကတော့ ကျွန်တော့်အချစ်ကို အရိပ်အငွေ့မျှတောင် မသိခဲ့တဲ့အကြောင်း၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို ဆက်ချစ်နေဦးမယ့်အကြောင်း။

ပြီးတော့လည်း ကျွန်တော် ဆုတောင်းတယ်။ ကျွန်တော်ချစ်ရတဲ့မိန်းမငယ်တစ်ယောက် သူ့ရဲ့ ဘဝတောက်လျှောက်မှာ ရေလိုလည်း အေးပါစေ။ ပန်းလိုလည်း မွှေးပါစေ။ ရေထက်မကလည်း အေးပါစေ။ ပန်းထက်မကလည်း မွှေးပါစေ။ မော်ဖူးရခြင်းများနှင့်လည်း အစဉ်သဖြင့် ကင်းဝေးပါစေ။

ညနေကျမှ လှပတဲ့ ဝတ်စုံကလေးနဲ့အတူ သူပြန်ရောက်လာပါတယ်။ မြူခိုးပြာညိုတွေကြားက သူ့အလှကို ရင်နဲ့မမျှအောင် ကျွန်တော် ခံစားပစ်လိုက်တယ်။ မင်္ဂလာပါ ကောင်မလေးရေ၊ ဒီလိုပဲ

ထာဝရ မင်းပျော်နိုင်ပါစေ။

ခဏကြာတော့ ကိုရွှေဆုံ ကျွန်တော့်ဆီ ရောက်လာတယ်။ သူ့ လက်ထဲမှာ တီရှပ်အသစ်တစ်ထည် ပါလာတယ်။ ကျွန်တော့်ကို ကမ်း ပေးပြီး ပြောပါတယ်။

"သူက မင်းကို မေ့နေတာကွ၊ အခု ငါသွားပြောမှ သတိရပြီး ထုတ်ပေးတာ။ ဘယ်သူ့အတွက် လက်ဆောင်ဆိုတဲ့ စာမျိုးလည်း ရေးမလို့ လုပ်ပြီးမှ မရေးဖြစ်ဘူး။ မင်းနာမည်ကို သူမသိဘူးလေကွာ။ ဒီအတိုင်းပဲ ပေးလိုက်တယ်။ ရော့. . . အင့်"

"ဪ"

ကိုရွှေဆုံက သီချင်းတကြော်ကြော်နဲ့ ပြန်လှည့်ထွက်သွား တယ်။ သူဆိုနေကျ သီချင်းပါပဲ။ ချစ်အားငယ်ရသူမယ်. . . တဲ့။

## (၁၂)

အဖော်မဲ့သူအတွက်ကတော့ ညပေါင်းတစ်ရာဆိုတာ မဆုံးနိုင်အောင်ရှည်လျားပြီး တွန့်ခေါက်နေတဲ့ ညတစ်ညပါပဲ။ နှင်းတွေက စူးစူးဝါးဝါး ကိုယ်ထင်ပြကြ၊ မြောက်ပြန်လေက မာန်ဖီ လူးလိမ့်ပြ၊ သက်တမ်းကုန်တော့မယ့် ဆောင်းကို ပျံလွှားတွေက နေရောင်အောက် ခေါ်ထုတ်ကြ၊ ကောင်းကင်ကြီးကလည်း ဝတ်ရုံတစ်လွှာကို ဆွဲချွတ်ခါစ။

မကြာမီ နွေဦးပေါက်ပါတော့မယ်။

နောက်ဆုံးနေရာမှာ လှဲအိပ်နေတဲ့ ဆောင်းညအိုအိုကြီးတွေက

တုန်ရင်ဖျော့တော့စွာ တစ်လှမ်းချင်း ထလာတယ်။ သချိုင်းမြေရဲ့ သူ့အိပ်စက်ရမယ့် အုတ်ဂူမှာ လူငယ်တစ်ယောက်ကို သူမြင်တယ်။ အဲဒီ လူငယ်ဟာ တေလေဖိနပ်ကို စီးထားတယ်။ သူ ဆွေးမြည့်ရီဝေစွာ ေးကြည့်နေချိန်မှာပဲ နှင်းတွေက တစ်ထပ်ပြီးတစ်ထပ် မှိုင်းအက်ပြိုဆင်းလာတယ်။

ငါ. . . လွမ်းနေမယ်. . . မိသံလွင်။

နီးလျက်နဲ့ မဆုံစည်းခြင်းဟာ အဝေးကြီးဝေးနေခြင်းနဲ့ ဘာမှ မထူးလှပါဘူး။ အဲဒါကြောင့် ငါ လွမ်းနေမယ် မိသံလွင်။ နေ့စဉ်နဲ့ အမျှပါပဲလေ။ ငါ. . . လွမ်းခဲ့တယ် မိသံလွင်။

လူတစ်ယောက်ဟာ ဘဝမှာ ဘယ်ရွေ့ဘယ်မျှအထိ မမြင်ရတဲ့ ကြိုးကလေးတစ်ချောင်းနဲ့ ငြိနေနိုင်သလဲ။ ရနိုင်မယ်ဆိုရင် မျက်နှာကို လက်နဲ့အုပ်ပြီး လက်ချောင်းကလေးတွေကြားထဲက ချောင်းကြည့်ချင်တယ်။

စီးဆင်းသွားတဲ့မြစ်ရေတွေ ဘယ်ထိအောင် ရောက်နေပြီလဲ။ ရွက်ကို ချန်ထားပြီး လှော်သွားတဲ့လှေကလေး အဝေးဆုံးရောက်အောင် သွားနိုင်ပါစေ။ ကျွန်တော်ကတော့ မျှော်လင့်ချက်တွေတွယ်ဖက်ပြီး ဒီကမ်းစပ်ကပဲ ရပ်ကြည့်နေခဲ့. . .။ [ရေစုန်မျှောပြီးမှ မီရမယ်ဆိုရင်တော့ ရေဆန်မှာပဲ ရင်ပွင့်ခံလိုက်ပါတော့မယ် မိသံလွင်၊

မင်း မသိပေမယ့် ငါ သတ္တိရှိပါတယ်။]

မနေ့က သံလွင် ကျောင်းမသွားဘူး။ ဘော်နီယိုသီချင်းတွေ နားထောင်နေတယ်။ ညက ကိုရွှေဆုံ နေမကောင်းဘူး။ ခြံထဲကို သူ့ အစား ဦးကျောက်ရောက်နေတယ်။ ကျွန်တော့် ပန်းကလေး မပွင့် သေးဘူး။ ပွင့်ဖို့အတွက် ရာသီနက္ခတ် ချိန်ဆနေတယ်။

မြေပေါ်မှာ သူ့နာမည်လေးကို တုတ်နဲ့ရေးရင်း ကျွန်တော် ကဗျာမစပ်ဖြစ်တာ ကြာပြီလို့ သတိရလိုက်တယ်။ အဟင်း၊ ကျွန်တော် ပြုံးဖြစ်တယ်။ သူ့ကိုချစ်တာ ကဗျာပေ့ါကွယ်။ အချစ်စိတ် နိုးကြားလာ တဲ့အခါ အရာအားလုံး ကဗျာဆန်ပါတယ်။

စံပယ်တင်မှဲ့ဆိုတာကို စာတွေထဲမှာ ကျွန်တော်မကြာခဏ ဖတ်ခဲ့ရဖူးတယ်။ ဒါပေမယ့် လူတွေရဲ့ မျက်နှာပေါ်မှာတော့ သေ သေချာချာ သတိမထားမိပါဘူး။ လှတယ်လို့ ကြားဖူးတယ်။ ကိုယ် တိုင်ကတော့ အပ်ချမတ်ချ လက်မခံဖြစ်ခဲ့ဘူး။ အဲဒါနဲ့ပတ်သက်လာ ရင် သံလွင်ကို မမြင်ဖူးခင်အထိ ‘အလကားပါကွာ’ ဆိုတဲ့အယူအဆ ကျွန်တော်မှာရှိတယ်။ နောက်တော့လည်း ပြောင်းပြန်လှန်သွားတာ ပေ့ါ။

သံလွင်ရဲ့ ဘယ်ဘက်ပါးပြင်ကလေးကို တရှိုက်မတ်မတ် ငေး ကြည့်တတ်ကာမှ အဲဒီအယူအဆ ကြေမွသွားတယ်။ ‘စံပယ်တင်မှဲ့’

http://www.cherrythitsar.org

ဟာ နာမည်ကျော်သလောက်ကို လှတယ်ဆိုတာ ကျွန်တော် သိလိုက်ပါတယ်။

တစ်ခါတစ်ခါ. . . သူ့ကိုချစ်ရတာ ကျွန်တော့်အတွက် မြင့်မြတ်လာသလို ခံစားရပါသေးတယ်။ ကျွန်တော်ဟာ သစ္စာကြီးတဲ့လူ။ ကျွန်တော်ဟာ အလှတရားကို လေးစားတဲ့ တေလေတစ်ယောက်။ ကျွန်တော် (သို့မဟုတ်) ကြယ်တစ်ပွင့်တည်းကို ပန်ထားတဲ့ မိုးကောင်းကင်လေးတစ်ခု။

'ချစ်မိသူဆိုတာ လောကမှာ အမြင့်မြတ်ဆုံးလူပဲ' လို့ ကိုယ့်ဘဝဖြစ်အင်ကို နှုတ်ကပတ်တော် တစ်ခုလို ရွတ်ကျူးရုံမှတစ်ပါး ကျွန်တော့်မှာ ဘာဆေးမှမရှိခဲ့တာ ကာလငယ်တစ်ခု ကြာပြီ။ ဒါပေမယ့် ယူဆောင်ခံစားသွားရမှာကတော့ ရာသက်ပန်တမျှလို့ ကျွန်တော်နားလည်တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ကိုချစ်တာ [သူ. . . . မသိဘူးဆိုရင်တောင်] ဘုရားကတော့ သိလိမ့်မယ်။

ပန်းပင်ကလေးကို. . . စိုက်ထူထားတဲ့ အလံတစ်လက်လို ကျွန်တော်အလေးအမြတ် ကြည့်နေတုန်း အနားကို ဦးကျော်ရောက်လာပါတယ်။

"လူစိမ်း၊ သူစိမ်းကို လေ့လာနော်. . . ကောင်လေး"

ခြံစောင့်တာဝန်နဲ့ပတ်သက်ပြီး ကျွန်တော့်ကို သတိပေးလိုက်

တာပါ။ ကျွန်တော် ဘာမှပြန်မပြောခင် သူက ထပ်ပြောတယ်။

"ကောင်လေးကို ဒီခြံခေါ်ထားရတာ သံလွင့်မှာ အကြောင်း ရှိတယ်"

"ဘာများလဲ ဦးကျော်"

"ကောင်လေးဟာ ရိုးသားတဲ့ အိမ်မဲ့ယာမဲ့လေး တစ်ယောက် လို့ တို့ကမြင်တယ်လေ"

"ဟုတ်ကဲ့"

"သံလွင်မှာကလည်း အန္တရာယ်လေးတွေ သိုးသိုးသန့်သန့်ရှိ တယ်"

"ဟင်. . . ဘယ်လို"

"မင်းလို လမ်းပေါ်က လူတစ်ယောက်ကပဲ အနှောင့်အယှက် ပေးဖို့ သူ့ကို လိုက်ချောင်းမြောင်းဖူးတယ်တဲ့။ အဲဒီလူကို သူစိုးရိမ်နေ တယ်။ အဲဒီလူကို ကာကွယ်မိအောင် မင်းကို ဒီခေါ်ထားတာ။ ဒါပေ မယ့် သူ့ဆီ အဲဒီလူ ထပ်ရောက်မလာတော့ဘူးတဲ့"

ပြီးတော့မှ ဦးကျော်က လက်ဝါးနှစ်ဖက်ကို ဖြန့်ပြရင်း. .

"ဟုတ်ချင်မှာတော့ ဟုတ်မှာပေါ့ကွာ၊ သူ့အထင်ပေါ့။ ဒါပေ မယ့် တို့က နည်းနည်း ဂရုစိုက်ပေးလိုက်တာပေါ့"လို့ ဆက်ပြော တယ်။ ကျွန်တော်အနားက ခွာခါနီးကျမှ. . . ။

http://www.cherrythitsar.org

"မင်းလည်း သတိထား စောင့်ကြည့်လိုက်ပေါ့။ သူ့အပြောအရတော့ အဲဒီလူမှာ အပြာရောင် ခမောက်တစ်လုံးပါတယ်တဲ့။ မျက်နှာကတော့ အဲဒီခမောက်နဲ့ ကွယ်ကွယ်နေတယ်လို့ သူ မမြင်ဖူးဘူးတဲ့"

လေမှာမျောနေတဲ့ ဆပ်ပြာပူဖောင်းလေးတစ်လုံး 'အုံး'ခနဲ ပေါက်ကွဲတာမျိုးကို တွေ့ဖူးကြပါသလား။ အပိုင်းအစတွေဟာ မှုန်မှုန် မွှားမွှား သေလုသေခင်ဆောင်းရဲ့ နောက်ဆုံးနှင်းစက်များလို ဝေဖြာ ကျလာပါတော့တယ်။

* * * *

## (၁၃)

အိပ်မရသူ မျက်စိကြောင်တော့ ညကို ပိုမှောင်သလို မြင်ခဲ့မိတာပေါ့။ ကြက်ခြေခတ်ထမ်းပြီး လာလမ်းပြန်ရမယ်လူငယ် လက်ညှိုးတွေကို မုန်းတယ်။

ခရေပင်ကြီးရဲ့ အမြစ်ဆုံပေါ်မှာ အားလျှားထိုးပြီး ကျွန်တော် အိပ်ပျော်သွားတယ်။ ရင်ထဲက အပူက မြေပြင်ကို ကူးစက်ပြီး ခရေပင်ကြီးပါ ပူလာတယ်။ ညဥ့်လယ်မှာ ကျွန်တော် လန့်နိုးတော့ ညဥ့်ငှက်တစ်ကောင်က တူးတူးခြစ်ခြစ် အော်လိုက်တယ်။ “နတ်ဆိုးတို့ နိုးထကြလော့၊ နတ်ဆိုးတို့ အောင်ပွဲခံကြလော့”တဲ့။

http://www.cherrythitsar.org

အထိတ်တလန့် ရှုလိုက်ရတဲ့ ခရေပန်းရနံ့ဟာ ဟာလာဟင်းလင်း ရင်ခွင်ကို ဖုန်းဆိုးလွင်ပြင်တစ်ခုလို ဆွတ်ပျံ့တိုးဝင်လာတယ်။ ချိုလွင်ကွဲရှနေတဲ့ အလွမ်းကလည်း မြေပြင်အနှံ့ မွှေးရနံ့တွေ လိုက်ဖြန့်ပြီး ကျွန်တော်ကို ရွှေလမ်းခင်းပေးတယ်။

မျက်စိကို တင်းတင်းမှိတ်ပစ်ပြီး ပြန်ဖွင့်ကြည့်လိုက်တဲ့အခါ. . .

အို . . . ပင့်ကူတွေ၊ ပင့်ကူတွေ၊ ပင့်ကူတွေ။ တစ်ချိန်လုံးခရေလို ကျွန်တော်ထင်ခဲ့တဲ့ ပန်းပွင့်တွေဟာ အဝါရောင်ပင့်ကူတွေ ဖြစ်နေကြတယ်။ ခရေပင်ထက်မှာ ခြေကားယား လက်ကားယား တွဲချိတ်ပြီး ကျွန်တော့်ကို လှောင်ပြောင်ရှုတ်ချ၊ မဲ့ရွဲ့ ပြုံးပြဲပြတယ်။ ပြီး. . . အသံကုန်ခြစ်ပြီး အော်ဟစ်ရယ်မောနေကြတယ်။

"အိုး. . ."

မျက်စိကိုမှိတ်၊ နားကိုပိတ်၊ ခရေပင်ကြီးနဲ့ ဝေးရာကို ကျွန်တော် ထွက်ခွာလာခဲ့တယ်။ သူ့ရဲဘောကြောင်ရာ ရောက်မှာစိုးလို့ ထိန်းချုပ်ပြီး လျှောက်ခဲ့ပေမယ့် ခြေထောက်တွေဟာ အပြေးတစ်ပိုင်းပါပဲ။ မြက်ခင်းအလယ်မှာ ကျွန်တော် ရပ်လိုက်တယ်။

အမှောင်နက်နက်ရဲ့ သံချွန်တပ် ဘီးကြီးတွေက ကျွန်တော့်ကို ဖြတ်ကြိတ်တယ်။ ဟူးဟူးဟားဟားနဲ့ မိစ္ဆာဆန်တဲ့ ရယ်သံကြီးတွေ တရကြမ်း ကြားရတယ်။ မျက်လုံးတွေက ကျွန်တော့်တစ်ကိုယ်လုံးကို

မြို့ပစ်လိုက်တယ်။ ခြေဖျားလက်ဖျား အေးစက်သွားတယ်။

ညရဲ့ ဗဟိုချက်မှာ ကျွန်တော် တက်ရပ်နေမိတယ်ထင်ရဲ့။ ကျွန်တော့်ကိုယ်ပေါ်ကို အရိပ်တွေ တလွှားလွှား ကွာကျ ဖုံးအုပ်လာတယ်။ ကျွန်တော် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိတယ်။ စိတ်ကိုလျှော့၊ ကိုယ်ကိုဖျော့၊ ဖြစ်ခဲ့သမျှတွေ ပြန်စဉ်းစားရင်း ခေါင်းငုံ့ထား။

ထောင့်ချိုးပေါင်းများစွာက မျက်ရည်နဲ့ လက်ဖြာနေတဲ့ မျက်လုံးတွေဟာ ကျွန်တော် လှုပ်ရှားတာကို လိုက်ကြည့်နေတယ်။ ဖျတ်ခနဲ၊ ဖျတ်ခနဲ သူတို့တွေ မျက်တောင်ခတ်တာမှာ အနက်ရောင်မျဉ်းမတ်များစွာ ကွေးညွတ်ပျောက်ကွယ်သွားကြတယ်။ ဟိုးအဝေးက ပျံ့လွင့်လာတဲ့ ငရဲပုံသံ ကြမ်းကြမ်းဟာ တိုးရာကနေ တဖြည်းဖြည်း ကျယ်လောင်စူးရှ၊ ဝရုန်းသုန်းကား ရိုက်ချက်၊ အသက်ရှူသံ မောလျထန်ပြင်း၊ လင်းခနဲ မှောင်ခနဲ၊ လူနဲ့ ကံကြမ္မာ အလဲအကွဲ. . .

ရှုံးပြီ၊ တစ်ယောက်တည်း ဘာကို စောင့်နေတာလဲ၊ ခါးကုန်းနေတဲ့ ည၊ တောင်ဝှေးကိုင်တဲ့ လက်ပြုတ်ကျ၊ ဘာကို စောင့်နေတာလဲ။ ကြယ်တွေ ကြယ်တွေ။ ကြွေမလိုနဲ့ အမြင့်ကို ပိုမိုပျံတက်။ ဘာကို စောင့်နေတာလဲ။ မြင်းခွာတစ်ချက်က ရင်ဘတ်ကို မီးပွင့်ထွက်အောင် ပေါက်သွားခဲ့။ ဘာကို စောင့်နေတာလဲ။

http://www.cherrythitsar.org

အားလျော့နေတဲ့ မီးသီးကလေးကို ညှိုးခနဲ မှိတ်လုပ်မှိတ်ခင်မှာ ကျွန်တော်ဟာ တစ်ချက် လင်းတောက်သွားပါသေးတယ်။

"ငါ့ . . . . ပန်းကလေး"

ပန်းပင်ကလေးဆီ ကျွန်တော် ပြေးသွားလိုက်တယ်။ အနား ရောက်တော့ ဒူးထောက်ထိုင်ချပြီး အသက်တောင် မရှူမိဘဲ ကြည့် လိုက်တယ်။

"အို့ . . . ငါ့ပန်းကလေး"

ကျွန်တော့်နှလုံးသွေးတွေ နွေးရှိန်းသွားတယ်။ ကြက်သီးတွေ တဖြန်းဖြန်းထပြီး ပန်းကလေးဆီက မျက်လုံးခွာမရတော့ဘူး။ ပန်း ကလေး လှလိုက်တဲ့ ပန်းကလေးရယ်။

"ပွင့်တော့မယ်"

ပန်းကလေး ပွင့်ပါတော့မယ်။ သူ့အငုံ သူ့အဖူးကို ဖြည်ချနေ ပါပြီ။ မကြာမီ အချိန်ကလေးအတွင်းမှာ လန်းလန်းစွင့်စွင့် ပွင့်ဖို့ အတွက် ဝင့်ဝင့်ကြွားကြွား အားယူနေပါပြီ။ ပွင့်ချပ်တွေကို တစ်လွှာ ချင်း ဖြန့်ခင်းနေပါပြီ။

မြူနှင်းစိုစို သစ်ရွက်တွေက စိမ်းပြာလတ်ဆတ်၊ ပန်းရင့်ရောင် ပွင့်ချပ်က လှပနုပျို။ အို့ . . . ကျွန်တော်စိုက်ခဲ့တဲ့ အချစ်ဆိုသော ပန်းကလေး။ တစ်ကမ္ဘာလုံး ဆုံးသည့်တိုင်အောင် တရှိုက်နင့်နင့်

http://www.cherrythitsar.org

ပျံ့မွှေးပါစေ။

မကြာမီ အရုဏ်တက်ပါတော့မယ်။ ပန်းကလေး ပွင့်တာကို စောင့်ကြည့်ရင်း ကြည်နူးရတာ ရင်မချိပါဘူး။ သံလွင်ရဲ့ အခန်းလေး ဆီကို လှည့်မကြည့်ဖြစ်အောင် အားတင်းကြိုးစားရင်း ပန်းကလေးနဲ့ ကျွန်တော် စကားပြောဖြစ်သေးတယ်။ ထုံးစံအတိုင်း သံလွင့်ကို ကျွန်တော် သိပ်ချစ်တယ်ဆိုတဲ့ အကြောင်း။

အရုဏ်တက်လုလုမှာ ပန်းကလေး လုံးလုံးလျားလျား ပွင့်ခဲ့ပါပြီ။ ကျွန်တော်သွားပါတော့မယ်။ ပန်းကလေးအတွက် ဆုတောင်းခဲ့တယ်။ သံလွင့်အတွက် ဆုတောင်းခဲ့တယ်။ ကျွန်တော်အတွက်ကလွဲလို့ အားလုံးအတွက် ဆုတောင်းခဲ့တယ်။

အို. . . ပန်းကလေး. . . တေလေမည်သော ဤလက်ဖြင့် သင့်အကိုင်းသင့်အခက်တို့ကို မြေမှာ ငါသက်ဝင်စေခဲ့၏။ သင်းရနံ့တို့ လောကတစ်ခွင်မှာ မွှေးဆွတ်ပျံ့စင်ပါစေ။ သင့်ကို ချစ်သောအားဖြင့် သူ့ကို ငါချစ်ခဲ့၏။ သင့်ကို ပျိုးသလို သူ့ကို ငါပျိုးခဲ့၏။ အို. . . ပန်းကလေး. . . မှန်သောစကားကို သစ္စာဟု တွင်အောင် ငါဆိုဦးအံ့၊ ဤမည်သော မိန်းကလေးကို ချစ်ခဲ့မိခြင်းအားဖြင့် ငါသည်. . . . ။

## (၁၄)

အရုဏ်စင်စင်ကျင်းလို့ ကမ္ဘာမြေကြီး ဖွေးဖြူလင်းလာတဲ့အခါ ကျွန်တော်ချစ်တဲ့ ကောင်မလေး အိပ်ရာက နိုးထလာပါလိမ့်မယ်။ လှပဝင်းစိုတဲ့ နေရောင်ခြည်အောက်မှာ သူ လုပ်ရိုးလုပ်စဉ်အတိုင်း ခြံထဲကို လမ်းပတ်လျှောက်ဦးမှာပါ။ အဲဒီအခါ ထူးခြားယိမ်းနွဲ့နေတဲ့ ပန်းလှလှလေးတစ်ပွင့်ကို အမှတ်မထင် သူမြင်လိုက်မှာပါ။ ပန်းချစ်တတ်တဲ့ 'သူ' ဟာ ဒီပန်းကလေးလှပုံကို ကြည့်ပြီး အပျော်ကြီး ပျော်သွားမှာပါ။

နောက်ထပ် ဆက်လျှောက်တဲ့အခါ ခြံတံဝါးဝမှာ ခွေးတစ်

ကောင်ကို ကြိုးနဲ့ ချည်ထားတာ သူ မြင်ရပါလိမ့်မယ်။ အနားကို ရောက်လာတဲ့အခါကျမှ အမျိုးကောင်းတဲ့ ခွေးတစ်ကောင်ဆိုတာ သေသေချာချာ ထပ်သိလိုက်ရဦးမှာပါ။

မျက်လုံးကလေးဝိုင်းပြီး ဘေးဘီလှည့်ကြည့်တဲ့အခါ ခြံတံခါးရဲ့ စာတိုက်သေတ္တာငယ်လေးမှာ သူ့နာမည်တပ်ထားတဲ့ စာတစ်စောင်ကို တွေ့ရပါလိမ့်မယ်။ စာထဲမှာက သူ တစ်ခါမှမမြင်ဖူးတဲ့ လက်ရေးနဲ့ ဟောဒီလို ရေထားတယ်. . . .

*သံလွင်. . .*

*ကိုယ့်ကိုယ်စား ခွေးတစ်ကောင်ကို ထားခဲ့ပါတယ်။ အဲဒီခွေးဟာ ကိုယ့်လိုပဲ ဒီခြံကို လူစိမ်း၊ သူစိမ်းရန်က ကာကွယ်စောင့်ကြပ်ပေးပါလိမ့်မယ်။ ထမင်းကျွေးထားရုံနဲ့ ခိုင်းလို့ရပါတယ်။*

*ခမောက်အပြာနဲ့ လူကိုတော့ သံလွင် စိုးရိမ်စရာ မလို တော့ပါဘူး။ အဲဒီလူ ကမ္ဘာမြေက ပျောက်ကွယ်သွားပါပြီ။ သူ့အပြာရောင် ခမောက်နဲ့အတူ ရထားကြိတ်ခံရလို့ သေ ဆုံးသွားပါပြီ။*

*နောက်ပြီး သူဟာ သံလွင်စိုးရိမ်သလိုမျိုး အန္တရာယ်ပေးမယ့်လူ မဟုတ်ပါဘူး။ သံလွင့်ကို အင်မတန်ချစ်မြတ်နိုးခဲ့*

*မိလို့ သံလွင်သွားလေရာကို လျှောက်လိုက်နေမိခဲ့တဲ့ လူငယ် လေးတစ်ယောက်ပါ။ အခုတော့ အဲဒါတွေ အားလုံး ပြီးဆုံး သွားခဲ့ပါပြီ။*

*ကိုယ်တို့ နောက်နောင် ဘယ်တောမှ ဆုံကြတော့ မယ် မထင်ပါဘူး။ စာထဲကပဲ နှုတ်ဆက်သွားပါတယ်။ ချမ်း မြေ့ပါစေ. . . ။*

အောက်ကနေ ကျွန်တော့်နာမည်အပြည့်အစုံကိုရေးပြီး လက် မှတ်ထိုးထားခဲ့တယ်။ စာအသွားအလာနဲ့ စာထဲက အကြောင်းအရာ ကြောင့် သူတွေ ငိုင်သွားနိုင်ပါတယ်။ စာကိုလည်း အကြိမ်ကြိမ် ထပ် ဖတ်ပြီး ခေါင်းကလေး တညိတ်ညိတ် (ဒါမှမဟုတ်) ခေါင်းကလေး တစ်ခါခါ ဖြစ်နေနိုင်ပါတယ်။

ဒါပေမယ့် စာထဲမှာ ရေထားတဲ့အတိုင်းပါပဲ။ အခုတော့ အဲဒါ တွေ အားလုံးပြီးဆုံးသွားခဲ့ပါပြီ။ အရှုံးနဲ့ ပြီးဆုံးသွားရတဲ့ စစ်သမိုင်းထဲ မှာတောင်မှ ကျွန်တော်ဟာ အလံရွက်ကျွတ်ထွက်သွားတဲ့ အလံတစ် လက်မျှသာ ဖြစ်ခဲ့ရသူပါ။ အခုတော့ဖြင့် မြေပေါ်မှာ မီးသင့်လဲ လျောင်းလျက်ပေါ့။

သူ ဘယ်လို ခံစားမလဲ။ ဘယ်လို နားလည်မလဲ။ ခြံထဲကို သူ ပြန်ဝင်ပြီး (ကျွန်တော့်ရဲ့) အချစ်ဆိုတဲ့ ပန်းပင်ကလေးရှေ့ ရောက်ရင်

http://www.cherrythitsar.org

ရပ်တန့် ငေးကြည့်နေဦးမှာပါ။

ဒီပန်းကလေးကို သူပန်ချင် ပန်ပါလိမ့်မယ်။ နမ်းချင် နမ်းပါလိမ့်မယ်။ မပန် မနမ်း ခပ်လှမ်းလှမ်းကပဲ ကြည့်ချင်လည်း ကြည့်နေပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ပန်ကလေးကတော့ သဘာဝအရ ပွင့်ပြီး သဘာဝအရပဲ ကြွေသွားမှာပါ။ မကြွေခင်အချိန်မှာတော့ အပွင့်နိုင်ဆုံးအထိ ပွင့်ပြသွားပါလိမ့်မယ်။

## (၁၅)

အဝေးဆီက ကြွေကွဲစူးရှနေတဲ့ ရထားဥသြဆွဲသံ ကြားရင် ငါ့ ကို သတိရပါ မိသံလွင်။

ကိုယ့်နှုတ်ခမ်းကိုယ် ကိုက်ထားမိတဲ့ အချိန်တွေဟာ ဘဝကို နူးညံ့စွာ နာကြည်းမိတဲ့ အချိန်တွေပါပဲ။ အဲဒီလို ငါနားလည်ခဲ့တယ်။ အခုတော့ ငါ့နှုတ်ခမ်းကို ငါကိုက်ထားရပြီ မိသံလွင်။

စံပယ်ဖူးတွေ အရှုံးအမှူးကြွေနေကြတယ်။ မြေပြင်ညိုတွေလည်း ပက်ကြားအက်ကွဲနေရဲ့။ လမ်းပေါ်မှာ ငါတစ်ယောက်တည်း. . . . ။

သံလွင်ရေ. . . . . ။

ငါ ခပ်ရင့်ရင့် ကြေကွဲနေတယ်။

*တာရာမင်းဝေ*

*၁၉၉၅ ခုနှစ်၊ သရဖူမဂ္ဂဇင်း အမှတ် ၁၂၊ ၁၃*



[illegible]ယ် တစ်ဝက် [illegible] တောင်တန်းတစ်ဝက်
[illegible]နေတဲ့ [illegible] လေး

# (၁)

"မင်း ခုံပေါ်မှာ ဒီအတိုင်းရပ်နေ၊ ကျောင်းဆင်းလို့ အခန်းထဲက ကျောင်းသားတွေ အကုန်ထွက်ပြီးမှ မင်း ခုံပေါ်ကဆင်း၊ ကြားလား"

ဆရာက ဒေါမာန်တကြီး လှည့်ထွက်သွားပြီး အချိန်အတော်ကြာသည်အထိ အခန်းထဲမှာ တိတ်ဆိတ်လျက်ရှိသည်။ ကျောင်းသားအားလုံး၏ မျက်လုံးများက ကျွန်တော့်ကို သနားသလို လှမ်းကြည့်နေကြသည်။ ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ ပြန်ကြည့်မနေမိပါ။ သူတို့ ကျွန်တော့်ကို ကြည့်နေတာကိုလည်း ကျွန်တော် မမြင်လိုပါ။ ကိုယ့်မျက်လုံးတူရှုမှ အခန်းနံရံကိုသာ ငေးစိုက် ကြည့်နေလိုက်သည်။

တစ်ခန်းလုံး အသံတိတ်နေဆဲ။

"ဟင်. . . ဟိုကောင်က ဘယ်လိုဖြစ်တာလဲ"

အခန်းဝသို့ ရောက်လာသော ဆရာမတစ်ယောက်က ကျွန်တော်ကို အံ့ဩသလို ကြည့်ရင်း မျက်ခုံးပင့်ထားသော လေသံဖြင့် မေး၏။

"ဆရာက စာစီစာကုံး ရေးခိုင်းထားတာကို မရေးလို့"

"ဘာဖြစ်လို့လဲ၊ စာစီစာကုံးက ခက်လို့လား"

"လွယ်လွယ်လေးပါ ဆရာမ၊ ကုဋေရှစ်ဆယ် သူဌေးသားအကြောင်း သမီးတို့ ငယ်ငယ်က သင်ရတဲ့ 'ရှေးသရောအခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးသားလျှင်' ဆိုတဲ့ ကဗျာကို စာစီစာကုံးရေးရတာ. . . "

ဆရာမက 'ဩော် အေး လွယ်သားပဲ' ဟု ရေရွတ်ကာ ထိုစာစီစာကုံး လွယ်လွယ်ကလေးကို မရေးသဖြင့် ပြစ်ဒဏ်ခံနေရသော ကျွန်တော့်ကို စောစောကထက် ပို၍ အံ့ဩသလို လှမ်းကြည့်ပြန်၏။ ထို့နောက် ဘာတွေ မှတ်ချက်ထွေထွေထူးထူး ပေးမနေတော့ဘဲ လှည့်ထွက် သွားသည်။

အခန်းထဲမှာ စကားသံများ ပြန်လည် ဆူညံလာ၏။ ကျောင်းသားကျောင်းသူအားလုံး (ထိုစာစီစာကုံးအတွက်) ဆရာပေးသွား

http://www.cherrythitsar.org

သော ကိုယ့်ရမှတ်အသီးသီးကို တစ်ယောက်နှင့်တစ်ယောက် ပြကြ၊ ပြိုင်ကြ၏။ ရယ်ကြမောကြ၏။ ကျွန်တော့်ကို သူတို့ စိတ်မဝင်စားတော့။ ကျွန်တော့်ကို ထားခဲ့ပြီး သူတို့အားလုံး အောင်မှတ်ကိုယ်စီနှင့် ဆက်လက် ရွှေ့လျားနေကြလေသည်။

အောက်နှုတ်ခမ်းကို သွားနှင့် မသိမသာ ဖိကိုက်ရင်း ပင့်သက်ကိုလည်း ရှိုက်မိ၏။ 'မင်းက ဘာဖြစ်လို့ စာစီစာကုံး မရေးတာလဲ'ဟူသော စကားသံမာမာကို ပြန်ကြားမိ၏။ ဆရာ့ကို ကျွန်တော် ဘာမှ ပြန်မဖြေမိပါ။ ထို့ကြောင့် ဆရာ့ဒေါသက ပို၍ အုံမောက်ကွလာ၏။ ကျွန်တော် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေမိ။ မရေးချင်ပါ။

*[. . . သူဌေးသားသည်၊ သိုးထားမတတ်၊ အရုပ်ရုပ်၌၊ နှံ့အပ် ဥစ္စာ၊ ရှိသည့်ငှာကို၊ များစွာကျွန်ပေါင်း မကောင်းခိုးယူ၊ ယူ၍ ပြေးရှောင် . . ]*

တကယ်တော့ ဒီသူဌေးသားမှာ ဘာအပြစ်မှ မရှိဘူး သူ့မိဘက စာမသင်ပေးလို့ သူစာမတတ်ရတာ။ သူ့မိဘတွေ သေတော့ သူ့ပစ္စည်းတွေကို ကျွန်တွေနဲ့ သူခိုးတွေက ခိုးပြေးကြတာ. . .၊ သူ့ဖြုန်းတာမှ မဟုတ်ဘဲ။

စိတ်ထဲမှာသာ ပြန်ပြောမိသော ထိုစကားများအတွက် ဆရာ့လက်ထဲမှ ကြိမ်လုံးက အဆုံးအဖြတ်ပေး၏။ ဝှစ်ခနဲမြည်သံက ကျွန်

တော့် တစ်ကိုယ်လုံးကို ခုတ်ဖြတ်သွားသလို ခံစားခဲ့ရလေသည်။ မည်သို့ပင်ဖြစ်စေ ထိုပြစ်ဒဏ်ကို တစ်ချက် မတွန့်ဘဲ ကျွန်တော်ခံခဲ့ပါသည်။

အခန်းထဲမှာတော့ တချို့ကျောင်းသားများက သူဌေးသားလေး၏ ကုဋေချီသော ငွေကြေးများအတွက် နှမြောမဆုံး ဖြစ်နေသေးသည်။ သူတို့ မည်သို့ မည်ပုံ ရေးဖွဲ့စီကုံးခဲ့ကြသည်ကိုလည်း ပျော်ပျော်ပါးပါး ပြောဆို ဆွေးနွေးနေကြဆဲ။ သူတို့၏ ရယ်မောသံများကို ကျွန်တော် ကြားနေရသည်။ [မိဘနှစ်ပါးဆုံးသွားပြီး မျက်စိသူငယ်၊ နားသူငယ်ဖြင့် ကျန်ရစ်ခဲ့သော သူဌေးသားလေ] အပြစ်သား တစ်ယောက်နှယ် ဝိုင်းဝန်းလှောင်ပြောင် ရှုတ်ချနေကြသည့် ရယ်သံများ၊ မုဆိုးဆန်ဆန် အော်ဟစ်ခြောက်လှန့်နေကြသည့် ညာသံများ. . ဟု ကြားယောင်နေရခြင်း ဖြစ်သည်။

[ အိမ်ကိုရောင်း၍ ထောင်းထောင်းကြေလျက်၊ ခွက်လက်ဆွဲကာ တောင်းစားပါလည်း နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်]

သူ့အိမ်ကို ရောင်းလိုက်ရတယ်။ ထောင်းထောင်းကြေအောင် ရောင်းခဲ့ပြီး နောက်ဆုံး သူ သူတောင်းစား ဖြစ်သွားရတယ်။ သူ ခိုးဝှက် မစားဘူး၊ တောင်းစားတယ်၊ စေတနာရှိရင် ပေး၊ မရှိရင်

မပေးနဲ့ပေါ့။ ဘာဖြစ်လို့ နင်သာလူမိုက် ဒုစရိုက်ဆိုပြီး ဝိုင်းရိုက်ရတာလဲ။ သူ သေသွားတယ်။ တကယ့်တကယ်မှာ ဘယ်သူတွေက ဒုစရိုက်သမားတွေလဲ. . . ။

ကြိမ်လုံးလေတိုးသံက တဝှစ်ဝှစ်မြည်ဟီးကာ ကျွန်တော့်ကို အခါခါ ခုတ်ဖြတ်ချခဲ့၏။ နာကျင်သော်လည်း ကျွန်တော်မျက်နှာ မပျက်ပါ။ [နာလျှင် မျက်နှာပျက်ရမည်ဟု စည်းမျဉ်းအသေမရှိပါ။] ဂျစ်ကန်ကန် ကျောင်းသားတစ်ယောက်အဖြစ် ဆရာက ကျွန်တော့်ကို မြင်ပါလိမ့်မည်။ ကျွန်တော်ကတော့ ထိုစာစီစာကုံးကို မရေးလိုပါ။ ရေးလျှင်လည်း ဆရာလိုချင်သည့်အတိုင်း ဖြစ်လိမ့်မည် မဟုတ်ပါ။

“ကလင်. . ကလင်. . ကလင်. . ”

ကျောင်းဆင်းခေါင်းလောင်းသံက စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ လျှပ်စစ်နှင့် အတို့ခံရလိုက်ရသော ခေါင်းလောင်းကလေး၏ သေလုမြောပါး နာကျင်အော်ဟစ်သံလည်း ဖြစ်ပါလိမ့်မည်။ ကျောင်းတော်ကြီးက “ဝေါ. . ဝေါ” ဟူသော အသံကြီးနှင့်အတူ ကျောင်းသားတွေကို အန်ချလိုက်၏။

ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါသည်။

အခန်းထဲမှာ ဘယ်သူမှ မရှိတော့မှ ခုံပေါ်က ပြန်ဆင်းလိုက်၏။ ဖြည်းဖြည်းချင်း လျှောက်ထွက်လာခဲ့သည်။ ကျွန်တော့် ခြေသံ

တရှပ်ရှပ်ကို ကျွန်တော် ပြန်ကြားနေရသည်။[၁] ရှင်းလင်းတိတ်ဆိတ်နေပြီဖြစ်သော စာသင်ခုံများကိုလည်း ရည်ရွယ်ချက်မရှိဘဲ ငေးကြည့်နေမိ လေ၏။ စာသင်ခုံများက သံမံတလင်းပေါ်မှာ ခြေလေးချောင်းကို အသေစိုက်ချပြီး မပြေးနိုင်သော သစ်သားမြင်းရိုင်းများပမာ ဦးခေါင်း ငိုက်ကျနေသည်။

ကျောင်းအပြင် လမ်းပေါ်မှာ ဆက်မလျှောက်နိုင်ဘဲ ရပ်နေရသေး၏။ တစ်ကိုယ်လုံး နာကျင်ပွန်းစပ်နေသည်။ ကျွန်တော့် ကျောင်းသားဘဝ တစ်လျှောက်လုံးမှာ အဆိုးရွားဆုံး ခံစားခဲ့ရသည့် ပြစ်ဒဏ်ပဲဖြစ်၏။ ကျွန်တော် ခံနိုင်ရည်မွေးခဲ့ပါသည်။ ခံနိုင်ခဲ့ပါသည်။ [ရွှေရောင် အကျဆုံးခံခဲ့မှုတစ်ခုဟု နောင်အခါမှ အမည်ပြန်ပေးခဲ့ပါသည်။]

လမ်းဆက်လျှောက်ရန် ခြေလှမ်းပြင်သည်။ ထိုအခိုက်မှာ လေတွေက ဝူးဝူးဝါးဝါး ကြွေးကြော်ကာ တိုက်ခတ်လာကြ၏။ မိုးစက်မပါပါ။ မြေပေါ်မှ ရွက်ကြွေများနှင့် အမှိုက်သရိုက်များကလည်း အရှိန်အဟုန်နှင့် ပြေးထွက်ကြ၏။ [ဘယ်ကိုမှန်းမသိ] သစ်ကိုင်းကြီးကို ခို

---

၁။ သားရဲတစ်ကောင်က ကိုယ့်ဒဏ်ရာကိုယ် လျှာနှင့် ပြန်လျက်နေသလို ကြားရခြင်းလည်း ဖြစ်သည်။

http://www.cherrythitsar.org

ဆွဲပြီး ယိမ်းထိုး လှုပ်ခတ်နေဆဲဖြစ်သော သစ်ရွက်များက ကျွန်တော့်ကို ဖျောင်းဖျအားပေးသလို လှမ်းပြောကြလေသည်။

"ဒီလိုပဲပေါ့ကွာ"၂

---

၂။ ထိုစကား၏ အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပါ။ သို့သော် ခံစား၍ ရပါသည်။ ဆိုသော သဘောကို ကျွန်တော် 'သိ'ပါသည်။

## (၂)

ကျွန်တော်၏ ကျောင်းသားဘဝ အားလပ်ချိန်များကို သစ်ပင်များကြားမှာသာ ကုန်လွန်ခဲ့ရ၏။ အခန်းထဲမှ အတန်းဖော်များနှင့် အလိုက်အလျား မသင့်လှသော ကျွန်တော် သစ်ပင်များကိုသာ သူငယ်ချင်းလို သဘောထားရ၏။ ကျွန်တော်နှင့် သစ်ပင်များ စကားအတူ ပြောကြ၏။ စာအတူ ကျက်ကြ၏။ နောက်တော့လည်း ဆိုင်ရာ ဆိုင်ရာ သဘာဝအတိုင်း ကိုယ့်စာမေးပွဲ ကိုယ်ဖြေကြရသည်။

နွေဦးပေါက်ပြီးချိန်မှာ ကျွန်တော်တို့၏ စာမေးပွဲ အောင်စာရင်းများကို သိရပါသည်။ ကျွန်တော်က ဂုဏ်ထူး ဘယ်နှစ်ဘာသာ ပါသလဲဟု ကျောင်းသင်ပုန်းပေါ်က စာရွက်ပေါ်မှာ သွားကြည့်၏။ သစ်

ပင်များက ရွက်သစ်နုတွေ ဘယ်လောက်ရလိုက်သလဲဟု ကိုယ့်ကို ကိုယ် ငုံ့ကြည့်၏။ ကျွန်တော်တို့ ပျော်တော့ ပျော်ကြလေသည်။

ကျွန်တော် အလွန်ချစ်သော မိတ်ဆွေ သစ်ပင်ကြီးတစ်ပင် ရှိသည်။ ကြမ်းတမ်းမာကျောစွာပင် ကွေးရစ်တွန့်လိမ်နေသော ထိုသစ်ပင်ကြီးသည် အရုပ်ဆိုးလှ၏။ အနောက်ဘက်သို့လည်း မပြေမလျော့ကလေး ကော့ယိုင်နေသေးသည်။ မိုးကောင်းကင်ကို လက်ဖဝါးဖြန့်ပြပြီး စကားပြောနေသည့် လူတစ်ယောက်၏ လက်များအလား သူ၏ သစ်ကိုင်းများကို ပြန့်ကားသွယ်ကိုင်း ထွက်နေသည်။ လေကြမ်းတို့ ဝေ့တိုက်သည့်အခါတိုင်းမှာ သစ်ပင်ကြီးက သစ်ရွက်တို့ ကပိုကရို လွင့်ခါရင်း အရိုင်းဆန်ဆန် လှုပနေတတ်လေသည်။

ဘာကြောင့်ရယ် မဟုတ်ပါဘဲ ထိုသစ်ပင်ကြီးကို ကျွန်တော် အခါခါ ငေးကြည့်နေခဲ့ဖူးလေသည်။ ထိုသစ်ပင်ကြီးက ကျွန်တော့်ကို နားလည်သည်ဟု ကျွန်တော် ခံစားရ၏။ (ကျွန်တော်ကတော့ ထိုသစ်ပင်ကြီးကို ထိုစဉ်အခါက နားမလည်လှသေးပါ။) တစ်နေ့ ထိုသစ်ပင်ကြီးကို ကျွန်တော် ငေးကြည့်နေမိစဉ်မှာပဲ ကျွန်တော့် နာမည်ခေါ်သံကို တကြော်ကြော် ကြားလိုက်မိသည်။

ကျောင်းရုံးခန်းမှ လက်နှိပ်စက် စာရေးဖြစ်၏။ "ကျွန်တော် ဒီမှာပါ"ဟု လှမ်းအသံပေးလိုက်သောအခါ သူက ကျွန်တော့်လက်

ကိုဆွဲပြီး ရုံးခန်းထဲ ခေါ်သွားပါသည်။ 'ဘာဖြစ်လို့လဲ' ဟု ကျွန်တော် မေးသော်လည်း သူမဖြေချေ။ ကျွန်တော့်လက်ကို ဆောင့်မရုန်းဖြစ်ပါ။ [ရုန်းချင်နေပါသည်။] ရုံးခန်းဝရောက်မှ ကျွန်တော့်လက်ကို လွှတ်ပေးပြီး 'သွား' ဟု ဆိုကာ အခန်းထဲ တွန်းလွှတ်ပါသည်။

ရုံးခန်းတွင်းမှ လူများကလည်း ကျွန်တော့်ကို ပြုံးကျယ်ကြောင်စီနေသော မျက်လုံးများဖြင့် ဝိုင်းအုံကြည့်လိုက်ကြ၏။ သူတို့၏ ပြောလက်စ စကားများ၊ တိတ်သွားသည်။ လုပ်လက်စ အလုပ်များ ရပ်သွားသည်။ ကျွန်တော့်ဆီ ရောက်နေသော သူတို့၏ အကြည့်ကို အလျှိုလျှို ပြန်ရုပ်သိမ်းပြီးမှ သူတို့ လုပ်စရာရှိသော အလုပ်များကို ဆက်လုပ်ကြသည်။ [ဘာစကားမှ မပြောကြတော့]

ကျွန်တော်ကလည်း အခန်းဝမှာပဲ ရပ်နေမိ၏။ ကျွန်တော့်မှာ ဘာအပြစ်ရှိမှန်း ကျွန်တော်မသိပါ။ သို့မဟုတ် သူတို့မှာ ဘာအပြစ်ရှိမှန်းလည်း ကျွန်တော် မသိပါ။ [တကယ်တော့ တကယ်တော့ ဘယ်သူ့မှာမှ အပြစ်မရှိကြပါ။]

ရုံးခန်းထဲမှာ ဆရာ ဆရာမတွေ မရှိပါ။ ပညာရေးမှူးရုံးမှ ဝန်ထမ်းအချို့၊ မိဘဆရာအသင်းမှ လူကြီးအချို့နှင့် ကျွန်တော် မမြင်ဖူးသည့် မျက်နှာစိမ်း ဧည့်သည်အချို့သာ ရှိကြပါသည်။ သူတို့ အားလုံးက ကျွန်တော့်ကို မြင်လိုက်ချိန်မှာ 'ဩော်. . . အေး. . .' ဟုလည်း

အသံပြုကြပါသည်။

ကျွန်တော့်ကို လာခေါ်သော လက်နှိပ်စက်စာရေးက သူ့ခုံမှာ သွားပြန်ထိုင်ပြီး လက်နှိပ်စက် တဖြောင်းဖြောင်း ဆက်ရိုက်နေပါသည်။ လူကြီးတစ်ဦးက ကျွန်တော့်ကို စိတ်မဝင်စားသော အမူအရာနှင့် သူ့ရှေ့မှ ဖိုင်တွဲကြီးကို မျက်မှောင်ကြုတ်ပြီး ဆက်လှန်နေသည်။ အခြားလူများကလည်း ကျွန်တော့်ကို စိတ်မဝင်စားသောဟန်နှင့် မေးစေ့ကို လက်နှင့်ပွတ်ရင်း နံရံမှဇယားကွက်များကို လှမ်းကြည့်ကြ၊ နေရင်းထိုင်ရင်း နားယားလာသလို ခေါင်းကို တစ်ဖက်လှည့်ထားပြီး နား ကိုကုပ်ကြ၊ ထိုင်လက်စခုံမှာ အဆင်မပြေသလို ထရပ်ပြီး ခုံကို ဟိုဟို သည်သည် ရွှေ့ကြ စသည်ဖြင့် လုပ်ကြလေသည်။ ဘာစကားကိုမှ မဆိုဘဲ သူတို့ ထိုသို့လုပ်နေကြခြင်းသည် ကြည့်၍ မကောင်းလှချေ။ တိတ်ဆိတ်သွားခြင်းကကို အခြေအနေတစ်ရပ်ကို အလိုလို အေးစက် သွားစေသည်။

ကျွန်တော် ကြည့်ဖူးရသော သိပ္ပံရုပ်ရှင်ကားထဲမှ စက်ရုပ်များ အလုပ်လုပ်နေသော အခန်းကို သတိရစရာ ဖြစ်ပါသည်။ ထိုအခိုက်မှာပင် စက်ရုပ်ဝဝကြီး တစ်ရုပ်က သတ္တုသံပါသော ပြတ်တောက် တောက် လေသံဖြင့် ကျွန်တော့်ကို လှမ်းမေးပါသည်။

“ပြီးခဲ့တဲ့ လထဲမှာ မြို့နယ်က လာစစ်တဲ့ အိုင်ကျူမေးခွန်းတွေ

ကို မင်းဖြေခဲ့သလား”

အိုင်ကျူမေးခွန်းဆိုတာကို ထိုစဉ်က ဘာမှန်းမသိပါ။ သို့သော် သုတေသန လုပ်ရန်ဟုဆိုကာ သူတို့ပဲ လာစစ်သဖြင့် ကျွန်တော်တို့ ကျောင်းသားအားလုံး မေးခွန်းအချို့ဖြေခဲ့ရသည်ကိုလည်း မေ့သွားစရာ အကြောင်းမရှိပါ။

“ဟုတ်ကဲ့”

“မင်းရဲ့ ခုံနံပါတ်က ဘယ်လောက်လဲ”

ကျွန်တော့်ခုံနံပါတ်ကို ပြောပြလိုက်ပါသည်။

“. . . . . . . . . . .”

အခန်းထဲမှာ တိတ်ဆိတ်သွားပါသည်။ သိပ္ပံစမ်းသပ်ခန်းထဲမှာ ဓာတ်မှုံများ ပြန့်စီးအုံ့ဆိုင်းထွက်လာသလိုပင်။ ဖျူမိုင်းစိမ့်အေးသွားသယောင်လည်း ရှိ၏။ ပါတိတ်အင်္ကျီစွပ်ထားပြီး ရေမွှေးတွေလည်း ပေကျံနေသော စက်ရုပ်ကြီးတစ်ရုပ်က ထပ်မေးသည်။

“မင်း ဘယ်လို ဖြေလိုက်တာလဲ”

ကျွန်တော် မပြောတတ်ပါ။ သူ ဘာကိုရည်ရွယ်၍ မေးမှန်းလည်းမသိပါ။

“မင်း ဘယ်လိုဖြေလိုက်သလဲ၊ ထင်သလိုတွေ လျှောက်ဖြေလိုက်သလား”

ခုံရှေ့သံ၊ လက်နှိပ်စက် ရိုက်သံ၊ ဟန်လုပ် ချောင်းရှင်းနေသံများ ရပ်သွားသည်။ စက်ရုပ်များအားလုံး လည်ပင်းဟန်ချက် တိမ်းစောင်းပြီး ဦးခေါင်းတွေကို ကျွန်တော့်ဘက် လည်ကျလာသည်။ တစ်မျိုးတည်းဖြစ်နေသော တိုက်တွန်းသံများက သူတို့၏ပါးစပ်ပေါက်များထဲမှ တစ်ပြိုင်နက် ထွက်ကျလာသည်။

"ပြောလိုက်လေ. . ."

တစ်ခုခုတော့ မှားနေပြီဖြစ်ကြောင်း ကျွန်တော်ရိပ်မိပါသည်။ အိုင်ကျူမေးခွန်းများကို ကျွန်တော်ထင်သလို လျှောက်ဖြေခဲ့သည် ဆိုသည်မှာလည်း ဟုတ်ပါသည်။ [ကျွန်တော် မှန်သည်ထင်သလို ဖြေခဲ့ခြင်း ဖြစ်ပါသည်။] ထို့ကြောင့် ခေါင်းကို တံ့ဆိုင်းစွာ ညိတ်ပြလိုက်ရင်း. . .

"ဟုတ်. . . ဟုတ်. . ."

ကျွန်တော့်စကားပင် မဆုံးလိုက်ပါ။ အသံများ ညံထွက်လာပါသည်။ စက်ရုပ်များက လူများပြန်ဖြစ်ပြီး သိပ္ပံစမ်းသပ်ခန်းကလည်း ရုံးခန်းပြန်ဖြစ်သွားပါသည်။ သူတို့ ပျော်ရွှင်ရယ်မောကြပါတော့သည်။

"ဟေး. . . ဟေး. . . ငါလည်း မှန်းဆမိပါတယ်။ မင်း ထင်ရာတွေ လျှောက်ဖြေလိုက်တာပါလို့၊ အေး. . . အေး. . မင်းသွားနိုင်ပြီ။ ဘယ်နှယ့်ကွာ ဒီအရွယ်ကျောင်းသားတစ်ယောက်က ဉာဏ်

ရည် ဒီလောက်မြင့်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ. . . ”

“အေးလေ. . . လမ်းမှာ ကျွန်တော်လည်း ခင်ဗျားကို ပြောပါတယ်။ မဖြစ်နိုင်ဘူးလို့။ သူ့ရမှတ် ဒီလောက်ကောင်းနေတာ ကြက်ကန်းဆန်အိုးတိုးသွားတာ ဖြစ်လိမ့်မယ်လို့ ဟဲ. . . ဟဲ. . .၊ အခု ကျွန်တော်ပြောတာ မှန်တယ်မို့လား”

“ဒီကောင်လေးကိုကြည့်ပြီး ကျုပ်ခေါင်းခါနေမိတာ၊ ကောင်လေးပုံက ခပ်နုံနုံပါ။ ကျုပ် ဂျပန်ရောက်တုန်းကဆို. . . ”

ရုံးအပြင် ခပ်လှမ်းလှမ်းရောက်သည်အထိ သူတို့၏ ဝမ်းမြောက်ဝမ်းသာ စကားသံများကို ကျွန်တော် ကြားနေရဆဲဖြစ်ပါသည်။ အိုင်ကျူမေးခွန်းများတွင် ကျွန်တော် အမှတ်ကောင်းခဲ့၍ ဖြစ်ကြောင်း၊ ထို့ကြောင့် လူကို ခေါ်၍ အကဲခတ်ခြင်းမျိုးဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါသည်။ စွတ်ရွတ်ဖြေပြီး မှန်သွားသည်ဆိုသော ‘ဖြောင့်ချက်’ မျိုးကို ဘာကြောင့် တောင်းသလဲဆိုတာတော့ ကျွန်တော် မသိ။ ထိုဖြောင့်ချက်ကို သိရသောအခါ ဘာကြောင့် ဤမျှ ပျော်ပါးပျော်ရွှင်သွားကြရသလဲ ဆိုတာကို ပို၍ပင်မသိ။

ကျွန်တော် အမှန်တွေ ဖြေခဲ့ခြင်းကို သူတို့ မျက်ဝါးထင်ထင် စစ်ဆေးတွေ့ရှိခဲ့ပါလျက်နှင့် ကျွန်တော့်ကို ဘာကြောင့် အသိအမှတ် မပြုရလဲ ဆိုတာကိုလည်း ကျွန်တော်မသိ။

http://www.cherrythitsar.org

ကျွန်တော့် မိတ်ဆွေ သစ်ပင်ကြီးများကတော့ ထုံးစံအတိုင်း 'ဒီလိုပဲ ပေါ့ကွာ' ဟု ကျွန်တော့်ကို အားပေးဖျောင်းဖျပြန်သည်။ ကျွန်တော်ချစ်သော သစ်ပင်ကြီးက မိုးကောင်းကင်ဆီ လက်ဖဝါးဖြန့်ပြထားရင်း ကျွန်တော့်ကို မျက်လုံး မှေးစင်းကြည့်သည်။ လေအဝေ့မှာ သူ့ သစ်ရွက်တွေကို လှုပ်ခါရင်း ခပ်အုပ်အုပ်ကလေး ရယ်နေပါသည်။ 'မင်း အိပ်ပြန်ရောက်ရင် တစ်ကိုယ်လုံး သန့်သွားအောင် ရေမိုးချိုးပစ်လိုက်' ဟုလည်း အရယ်တစ်ဝက်[၃]ဖြင့် ပြောလိုက်ပါသေးသည်။

* * * *

၃။'အရယ်တစ်ဝက်'သုံးလိုက်ပါသည်။ ကျန်သောတစ်ဝက်ကိုကျွန်တော် မသိပါ ကောင်းကောင်းမမှတ်မိတော့ပါ။

## (၃)

ကျောက်သင်ပုန်းကြီးဆီမှ ပြန်ခွာရင်း ရေးခဲ့သော စာကို ပြန်ဖတ်သည်။ လက်ရေးကို ပြန်စစ်သည်။ ထို့နောက် ကုန်လုပ်ပြီးဖြစ်သော မြေဖြူခဲလေးကို လွှင့်ပစ်ရင်း လှည့်ထွက်ခဲ့သည်။

ကျောက်သင်ပုန်းပေါ်မှာ လိုရင်းကို တိုတိုရှင်းရှင်း ကျွန်တော် ရေးခဲ့ခြင်း ဖြစ်ပါသည်။ သော့တစ်ချောင်း ကောက်ရထားကြောင်း၊ သော့ အမျိုးအစားကို ပြော၍ လာရောက်ယူနိုင်ကြောင်း ရေးထားခြင်း ဖြစ်ပါသည်။ အောက်မှ ကျွန်တော့်အတန်းနှင့် ကျွန်တော့် နာမည်ကို ရေးထားခဲ့ပါသည်။

http://www.cherrythitsar.org

နောက်နေ့ကျတော့ မုန့်စားဆင်းချိန်တိုင်းမှာ ကျွန်တော်နှင့် ဘောလုံးကန်နေကျ သူငယ်ချင်း [တစ်ဦးတည်းသော သူငယ်ချင်း] က ကျွန်တော့်ကို မေးပါသည်။

"မင်း. . သော့တစ်ချောင်း၊ ကောက်ရထားတယ်ဆို"

"အေး"

ထို့နောက် ဘာမှ ဆက်မမေးပါ။ ထုံးစံအတိုင်း ကျွန်တော့်တို့ ဘောလုံး ကန်ကြပါသည်။ ဂိုးခွဲပြီး တစ်ယောက်ချင်း ကန်ကြတာမျိုး မဟုတ်ပါ။ တစ်ယောက် တစ်လှည့် ဂိုးဖမ်း၊ တစ်ယောက်တစ်လှည့် ပင်နယ်တီ ကန်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ကစားပွဲကလေး၏ ထူးခြားချက်က အငြင်းအခုံ လုံးဝမရှိကြခြင်း ဖြစ်လေသည်။

ကျွန်တော်တို့၏ လွယ်အိတ်နှစ်လုံးကို တစ်ဖက်စီမှာ ခွဲချပြီး ဂိုးတိုင်အဖြစ် သတ်မှတ်ထားရခြင်းဖြစ်၍ ကန်ရဖမ်းရသော အချို့ ဘောလုံးများသည် အငြင်းပွားဖွယ်ရာ ဖြစ်နေတတ်ပါသည်။ ဂိုးတယ် မဂိုးဘူး၊ တိုင်အထဲက တိုင်အပြင်က စသည်ဖြင့် ဝါသနာပါလျှင် လျှာတိုအောင် ငြင်း၍ ရပါသည်။ သို့သော် သူရော ကျွန်တော်ရော မငြင်းကြပါ။ ဖြစ်သင့် ဖြစ်ထိုက်သလို နှစ်ယောက်လုံးက လက်ခံတတ်ကြပါသည်။

ဘောလုံးကန်အပြီးမှာ သူငယ်ချင်းက ကျွန်တော့်ကို ပြောပါ

သည်။

“မင်း ကျောက်သင်ပုန်းပေါ်မှာ ရေးထားတဲ့ စာကို မကျေနပ်ကြဘူး”

ကျွန်တော်က နားမလည်၊ ပြန်ကြည့်လိုက်မိသည်။

“မင်းက ကြီးကျယ်တယ်ပေါ့ကွာ၊ တကယ်တော့ သော့ကို ရုံးခန်းမှာ အပ်ထားလိုက်ရင် ရတယ်ပေါ့။ မင်းဆီမှာပြောပြီး လာယူရမယ်ဆိုတာကတော့ မကောင်းဘူးပေါ့။ လူတတ် လုပ်တယ်ပေါ့။ အဲလိုပြောနေကြတယ်”

ကျွန်တော် ရယ်နေလိုက်သည်။ သူငယ်ချင်းနှင့် လမ်းခွဲပြီး ကိုယ့်အခန်း ကိုယ်ဝင်ခဲ့ပါသည်။ သူငယ်ချင်းကို ကျွန်တော်က ဘာမှ ရှင်းမပြနေသလို သူငယ်ချင်းကလည်း ဘာမှ ထပ်မမေးပါ။ ကျွန်တော် က သော့ကောက်ရရချင်းမှာ ရုံးခန်းသို့ သွားအပ်ခြင်း ဖြစ်ပါသည်။ ရုံးခန်းကလည်း သူ့အလုပ်နှင့် သူရှုပ်နေသဖြင့် သော့ကလေးကို ဂရုမစိုက်အားပါ။ ထို့ကြောင့် သူတို့ ခွင့်ပြုချက်အရပင် ပြန်ယူလာပြီး ခုလိုလုပ်ရခြင်း ဖြစ်ပါသည်။

ကျောင်းဆင်းချိန်မှာ ထိုကျောက်သင်ပုန်းဆီ ကျွန်တော် ထပ်သွားပါသည်။ ကျွန်တော် ရေးထားပြီးဖြစ်သော မြန်မာလို စာသားအတိုင်းပဲ အောက်မှနေ အင်္ဂလိပ်လို ထပ်ရေးလိုက်ပါသည်။

http://www.cherrythitsar.org

ကျွန်တော့်နာမည်ရှေ့မှာ မာစတာဆိုသော စာလုံးကိုလည်း ထည့်ထားပါသည်။

"မှတ်ထား၊ ငါကွ"

နောက်မှ ရယ်သံကြား၍ လှည့်ကြည့်လိုက်ရာ ကျွန်တော်သူငယ်ချင်းကို တွေ့ရ၏။ ကျွန်တော်တို့ တစ်ယောက်ပခုံး၊ တစ်ယောက် ဖက်ပြီး ပြန်လာခဲ့ကြပါသည်။

ကျွန်တော် ကောက်ရသော သော့မှာ ကြေးသော့အဝါကလေး ဖြစ်လေသည်။ ထိုသော့ကို ကျွန်တော့် ကွန်ပါဘူးထဲမှာ ထည့်ထားပါသည်။ အကယ်၍ တစ်ဦးတစ်ယောက်က လာတောင်းလျှင် မချိန်မရွေး ပြန်ထုတ်ပေးနိုင်ရန် ဖြစ်သည်။ သို့သော် မည်သူကမှ လာမတောင်းကြပါ။ စိတ်ဝင်စားသလို လာမေးသူ အနည်းအကျဉ်းတော့ ရှိပါသည်။ သို့သော် သူတို့ သော့မဟုတ်ပါ။ [ပု= ပုစ္ဆာယျ= မေးမြန်းရာ၏] ဟူသော သင်ကြားချက်ကလေးအတိုင်း ကြုံ၍ မေးကြည့်ကြခြင်းသာ ဖြစ်ပါသည်။

သော့ကို ကြည့်ပြီး ကျွန်တော် စဉ်းစားဖူးပါသည်။ သေတ္တာတစ်လုံးကို ဖွင့်သည့်သော့လား၊ တံခါးတစ်ချပ်ကို ဖွင့်သည့် သော့လား၊ စဉ်းစားနေ၍ ကွဲပြားနိုင်မည် မဟုတ်ကြောင်းကို စဉ်းစားရုံဖြင့် သိလိုက်ပါသည်။ ထို့ကြောင့် ဘာမှ ဆက်စဉ်းစားမနေတော့။ ပိုင်ရှင်က

http://www.cherrythitsar.org

သူ့သော့ သူလာယူသည်ကိုသာ ကျွန်တော် စိတ်ရှည်လက်ရှည် စောင့် နေလိုက်ပါသည်။

ထိုရက်ပိုင်းများအတွင်း မုန့်စားဆင်းချိန်တိုင်းမှာ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတို့ ပင်နယ်တီကန်တမ်း ဆက်ကစားကြပါသည်။ 'ဒီတစ်ခါ မင်းဖမ်းရမယ့်အလှည့်'။

သူငယ်ချင်းက ဂိုးဖမ်းရန် ပြေးလာပါသည်။ ကျွန်တော်က ဂိုးအတွင်းမှ ပြန်ထွက်ပြီး ပင်နယ်တီ ဘောလုံးကို 'တည်' ပါသည်။ သူငယ်ချင်းကလည်း ဖမ်းရန်၊ ကျွန်တော်ကလည်း ကန်ရန် ပြင်ဆင်နေကြစဉ်မှာပဲ. . .

"ငါ့ကို ခေါ်နေတယ်"

သူငယ်ချင်းက ကစားကွင်းအပြင်သို့ လှမ်းကြည့်ပြီး "အိမ်က ငါ့ဦးလေး လိုက်လာနေတယ် ဘာဖြစ်လို့လဲမသိဘူး။ ငါ သွားလိုက်ဦးမယ်ကွာ. . . "

ကျွန်တော့်ပခုံးကို တစ်ချက်ပုတ်ပြီး သူ့ဘောလုံးကို ပိုက်ကာ ပြေးထွက်သွားပါသည်။ ထိုနေ့ နောက်ပိုင်းမှာ သူနှင့်ကျွန်တော် ပင်နယ်တီဘောလုံး ထပ်မကန်ဖြစ်တော့ပါ။ ကျောင်းကိုလည်း သူလာမတက်တော့ပါ။ ထိုစဉ်ကတည်းက ကွဲသွားပြီး ယခုထက်ထိ ကျွန်တော်တို့ ပြန်မတွေ့ကြတော့ပါ။

သူမရှိတော့သည့် နောက်ပိုင်းမှာ သော့ကလေးက ကျွန်တော့် အတွက် အဖော်အဖြစ် ကျန်ရစ်ခဲ့ပါသည်။ ထိုသော့ကလေး ကျွန် တော့်ဆီ ရောက်နေတာ လနှင့်ချီ၍ ကြာသွားပါပြီ။ ဤအချိန်အထိ မည်သူမျှ လာမယူသဖြင့် နောင်လည်း လာယူတော့မည် မဟုတ်ဟု မှန်းဆမိပါသည်။ မသုံးတော့သော 'သော့' ဖြစ်နိုင်ပါသည်။ တစ်မျိုး ကောင်းပါသည်။ သော့ခလောက်ကြီး သက်သာသွားပါလိမ့်မည်။ သူ့ အမြီးကို သူပြန်ကိုက်မျိုထားစရာ မလိုတော့။ သူ့ဗိုက်ထဲကို သော့တံ နှင့် လာထိုးစိုက်မှာကို စောင့်နေစရာ မလိုတော့။

တစ်ခါတစ်ခါ အိပ်ရာထဲမှာ ပက်လက်လှဲရင်း သော့ကလေး ကို မျက်နှာရှေ့မှာ ကိုင်လှုပ်ကာ ကျွန်တော်ငေးကြည့်နေမိပါသည်။ ဤသော့နှင့်ပတ်သက်၍ ဘာကိုမှတော့ ဆက်မတွေးဖြစ်တော့၊ မည် သူကမျှ လာယူဖော်မရသည့် ကြေးဝါသော့တစ်ချောင်းအတွက် စိတ် ပျက်လက်ပျက် ရယ်ရုံကလွဲ၍ အခြားဘာမှ မရှိတော့ပါ။

ထိုသို့ဖြင့် စာမေးပွဲကြီးဖြေခါနီး တစ်နေ့မှာ ထိုသော့လည်း ကျွန် တော့်ထံမှ ပြန်ပျောက်သွားပါတော့သည်။ ကျောင်းကို ရိုးရိုးလမ်းမှ မသွားဘဲ သချိုင်းကုန်းထဲမှ ဖြတ်သွားမိသော တစ်နေ့မှာ ဖြစ်ပါသည်။ ဂူကြိုဂူကြားမှာ ကွေ့ပတ်သျှောက်ရင်း သော့ကလေးကိုလည်း မြှောက်၍ကစားလာမိသည်။ တစ်ချီမှာ အမြင့်ကြီး မြှောက်လိုက်

သည်။ ပြန်ဖမ်းရန် စောင့်နေဆဲမှာ 'ဝေါ'ခနဲ လေပြင်းကြီးတစ်ချက် ဖြတ်တိုက်၏။ မျက်လုံးများ ဖျင်းခနဲ စပ်သွားရသည်နှင့်အမျှ မျက်နှာကိုခါခါနဲ လွှဲလိုက်မိသည်။ သော့ကိုလည်း မဖမ်းဖြစ်တော့။ အတော်ကြာသည့် အထိပင် လေတိုက်တာကို ငြိမ်စောင့်နေရသည်။ လေငြိမ်ပြီးမှ အနီးဝန်းကျင်တွင် ပြန်ရှာကြည့်သောအခါ သော့ကို မတွေ့တော့ပါ။

မြေပုံ အကြိုအကြားမှာ သော့က အလွယ်တကူ ပျောက်သွားပါသည်။ ကျောင်းတက်ချိန် နီးကပ်နေပြီဖြစ်၍ အချိန်ပေး ရှာမနေနိုင်တော့။ မြှောက်တုန်းက မြှောက်တင်လိုက်ပြီး ပြန်မဖမ်းဖြစ်ခဲ့သည့်အတွက် ကိုယ်မှာအပြစ်ရှိသလိုတော့ ခံစားနေခဲ့ရဖူးလေသည်။ နောက်တော့လည်း ထိုသော့ကလေးကို ကျွန်တော် မေ့မေ့လျော့လျော့ ပြန်ဖြစ်သွားပါသည်။ မမေ့ခင်အထိတော့ အတော်လေး သတိတရရှိမိတာ သေချာ လှပါသည်။

## (၁)

ထိုသို့ဖြင့်ပင် ကျွန်တော်ကျောင်းသားဘဝတို့ တရိပ်ရိပ် ကုန်ဆုံးကာ လောက၏ လမ်းသွယ်များအပေါ် ကျွန်တော်ရောက်ခဲ့ရပါတော့သည်။ လောကသည် မှုန်ရီမှိုင်းရင့်ကာ ပညာဆန်လွန်းလှ၏။ ကျွန်တော်လျှောက်သမျှ လမ်းတိုင်းမှာ မြူဝတ်မြူခြုံးလို့ လွင့်ဖြာသည်။ လမ်းဘေး အရက်ဆိုင်အိုလေးထဲမှာ လူတွေအကြောင်း ကကြီးမှ အအထိ သိသည်ဆိုသော အမူးသမားတစ်ယောက်နှင့်လည်း စကားလက်ဆုံကျခဲ့သေး၏။ ကျွန်တော့်ကို ထိုအကြောင်း ပြောပြနေရင်းသူ လဲကျသွား၏။[၄] ကျွန်တော်ကတော့ လူတွေအကြောင်းကို ကကြီးမှ

---

၄။ သူ့ကို ဘယ်သူတွန်းလှဲလိုက်မှန်းတော့ ကျွန်တော် မသိပါ။

http://www.cherrythitsar.org

ခွေးအထိလောက်သာ သိပါသည်။ သို့သော် လုံလောက် နေပါပြီ။ ဤမျှသည်ပင်လျှင် များလှပါပြီ။

ကျွန်တော်က တိုးတိုးကလေး နေတတ်သူဖြစ်၏။ ကျွန်တော့် ဘဝသည် ရံဖန်ရံခါတွင် အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ် နေတတ်၏။ ကျွန်တော် ထိုင်နေကြ လက်ဖက်ရည်ဆိုင်ကလေးက လည်း ဝါးထရံ ခပ်ကြဲကြဲတည်းတည်းကလေး ရပ်တည်နေရပါသည်။ မထည်ဝါသော လူငယ်တစ်ယောက် အုတ်နီခဲရောင် လက်ဖက်ရည် ကို နှစ်ပေါက်အောင် မော့သောက်ခဲ့ဖူးပါသည်။

ထိုနောက်ပိုင်း ရက်တွေမှာတော့ လက်ဖက်ရည်ဆိုင်ဆီ ဦး တည်နေသော လမ်းကို အေးအေးလူလူ လျှောက်ကာ လူတစ်ယောက် ကျွန်တော့်ဆီ ရောက်လာတတ်ပါ၏။ ထိုလူသည် စကားပြောကောင်း လှသူ ဖြစ်၏။ သံခင်းတမန်ခင်း စကားလုံးများကို မြွေဟောက်က ရှုံးလောက်အောင်ပင် သူသုံးတတ်လေသည်။ [မြွေဟောက်က လျှာ နှစ်ခွရှိပါသည်။]

"အချိန်ကတော့ စောင့်ရမှာပေါ့ ညီလေးရာ စောင့်တတ်ရင် အကျိုးရှိတဲ့ အရာတွေထဲမှာ အချိန်က ထိပ်ဆုံးကပါတယ်"

"ဟုတ်ကဲ့. . "

"ကောက်ရိတ်သိမ်းချိန်ဟာ တစ်နှစ်တစ်ခါ ရောက်လာတတ်

တယ်။ ဒါပေမယ့် နေ့တိုင်းတော့ မဟုတ်ဘူးကွ။ အဟင်း. . . အဟင်း ဟုတ်တယ်နော်”

“ဟုတ်ကဲ့. . . ”

“ဒါပေါ့ ညီရယ်. . . တစ်နေ့တော့. . . ဆိုပြီး ကိုယ်တို့စောင့်နေကြရတာ မဟုတ်လား။ တစ်နှစ်လုံး စိုက်ထားတဲ့ ကောက်ပင်တွေကို ပြန်ရိတ်သိမ်းရမယ့် အဲဒီ ‘တစ်နေ့’ ဟာ တို့အတွက်တော့ ရွှေဝါရောင်ပဲပေါ့”

“ဟုတ်”

ကျွန်တော်သောက်သည့် အုတ်နီခဲရောင် လက်ဖက်ရည်ကိုပဲ သူကလည်း အားတင်းပြီး မော့သောက်ပါသည်။ သူ. . . ရှုံ့မဲ့ မသွားပါ။ သို့သော် သူမော့သောက်စဉ်မှာ လက်ဖက်ရည်များ ရှုံ့မဲ့သွားကြတာကို ကျွန်တော်မြင်လိုက်ရပါသည်။ ကျွန်တော်ကို စကားများစွာပြောအပြီးမှာ သူပြန်သွားပါသည်။

ကျွန်တော်တစ်ယောက်သည် ကျန်ခဲ့ပါသည်။ [သူနှင့်အတူမပြန်လို၍ နောက်ချန်နေခဲ့ခြင်းလည်း ဖြစ်ပါသည်။] အားနာတတ်သဖြင့် မညိတ်ချင်ဘဲ ခေါင်းညိတ်နေကြခြင်းသည် သဘာဝမကျလှပါ။ အင်မတန်လည်း ပင်ပန်းလှပါသည်။

သူသည် အချိန်စောင့်၍ လှုပ်ရှားတတ်သူဖြစ်ကြောင်း ကျွန်

တော်သိပါသည်။ [သူပြောစရာမလိုပါ။] ကောက်ရိတ်သိမ်းရမည့် နေ့မှာ သူ. . . အောင်ပွဲခံမည်ဆိုတာကိုလည်း ကျွန်တော် မနှစ်မြို့ပါ။ အဘယ်ကြောင့်ဆိုသော် သူရိတ်သိမ်းမည့် ကောက်ပင်များသည် သူစိုက်ပျိုးသော ကောက်ပင်များ မဟုတ်ပါ။ သူတစ်ပါး၏ အသီးအပွင့်များ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် သူ့ကို မုန်းပင်မုန်းမိလေသည်။

သူပြန်သွားပြီး ခဏအကြာမှာ ပို့တက်လာပြီး ကျွန်တော် အန်ရပါသည်။ အန်သမျှက ကျွန်တော်သောက်ထားသော အုတ်နီခဲရောင် လက်ဖက်ရည်များ မဟုတ်ပါ။ အရောင်၊ အနံ့၊ အရသာမရှိသော အရည်များဖြစ်ပါသည်။ ထိုအရည်များကို ကျွန်တော်သိပါသည်။ မိုးခါးရေဟု ခေါ်သော အင်မတန် စိတ်ပျက်ဖွယ်ကောင်းသည့်အရည်များဖြစ်၏။ ကျွန်တော် အလွန်ရွံသွားလေသည်။ ပါးစပ်ထဲကို လက်ထိုးကာ တစ်မှုန်တစ်စက်မှ မကျန်အောင် ထပ်အန်ချလိုက်သည်။

နောက်. . . ဘယ်တော့မှ မသောက်တော့ဟု ဆုံးဖြတ်မိပါ၏။

ထို့နောက်ပိုင်းမှာ ပန်းချီကားလေး တစ်ချပ်ကို စိတ်လိုလက်ရ ကျွန်တော်ဆွဲနေမိပါသည်။ ပန်းချီကားထဲတွင် မည်သည့် ရုပ်ပုံမှ မပါပါ။ ကင်းဘတ်ပြားပေါ်မှာ အဖြူရောင်ဆေးများကိုသာ ခပ်ပါးပါး

သုတ်ထားပါသည်။ ပန်းချီကား၏ အမည်ကို ကျွန်တော်က 'ဖြူဖြူစင်စင်' ဟု ပေးထားပါသည်။ သို့သော် ပန်းချီကား၏အမည်နှင့် ရေးဆွဲသူ ကျွန်တော့်အမည်ကို ယောင်၍ပင် မတပ်မိပါ။ ပန်းချီကားလေးကို ဤအတိုင်းပင်ဖြူစင်စွာ ကျွန်တော်ထားခဲ့ပါသည်။ စိတ်ညစ်မောလျှဖွယ်ရာများ၊ နာကြည်းခံပြင်းဖွယ်ရာများနှင့် တွေ့ရသည့်အခါတိုင်း ကျွန်တော့်အခန်းလေးကို ကျွန်တော်ပြန်လာပါသည်။ ယတြာမချေပါ။ ဂါထာ မရွတ်ပါ၊ နံရံကို လက်သီးနှင့် မထိုးပါ။ ထိုပန်းချီကားလေးကိုသာ ငေးကြည့်နေမိပါသည်။ ထိုသို့ဖြင့် ကျွန်တော့်ခံစားချက်တို့ကို တိတ်ဆိတ် ငြိမ်သက်သွားစေပါသည်။ ဖြူစင်လိုသူအတွက် အရေးကြီးဆုံးမှာ ဖြူစင်ဖို့သာ ဖြစ်ပါသည်။

လူအချို့ကလည်း ကျွန်တော့်ထံမှ ထိုပန်းချီကားလေးကို အရာများစွာ ပေးပြီး လာရောက်ဝယ်ယူခဲ့ကြဖူးပါသည်။ ငွေကြေးချမ်းသာသူက ကိန်းဂဏန်းများ ပစ်ချ၍လည်းကောင်း၊ လောဘပဗေဒပညာရှင်က မျှော်လင့်ချက်များပေး၍သော်လည်းကောင်း၊ စုန်းမတစ်ယောက်က အလင်းများ တောက်စားပြ၍ သော်လည်းကောင်း၊ ဝယ်ယူရန် [လုယူရန်ဟု သုံးလျှင်လည်း ရပါသည်။] ကြိုးစားခဲ့ကြပါသည်။ သို့သော်ကျွန်တော် ခေါင်းခါခဲ့ပါသည်။ မည်သူ့ကိုမျှ မရောင်းခဲ့ပါ။ ထို့ကြောင့် ကျွန်တော့်ပန်းချီကားလေးသည် ယနေ့ထက်တိုင် ဖြူစင်

စွာ ကျန်ရစ်ခဲ့ပါသည်။

တစ်နေ့မှာ ထိုပန်းချီကားကလေးကို ငေးကြည့်နေရင်း ကျော မလုံသလို ခံစားရ၍ လှည့်ထကြည့်မိပါသည်။ တစ်ကိုယ်လုံး ရွှေတွေ သီးအောင်ဝတ်ထားသော အသက်ငါးဆယ်ကျော်ခန့် ခပ်ဖိုင့်ဖိုင့် ယောက်ျားချော၊ ယောက်ျားလှကြီး တစ်ဦးကို တွေ့ရပါသည်။ ဆံပင် နှင့်အတူ သူ့တစ်ကိုယ်လုံးကို ပုံသွင်းထားလေသည်။

သူက ကျွန်တော့်ကို ချီးမြှောက်သောစကားကို ဆို၏။

"အေးကွာ. . . မင်းလိုလူငယ်မျိုးရှိတာ ဦးက အားရပါတယ်။ ကောင်းတယ်၊ ကောင်းတယ်။ တစ်နေ့တော့ ဦးတို့ လက်တွဲရမှာပါ။ ငါ့တူနဲ့ ဦးနဲ့ အေးအေးဆေးဆေး ဆုံကြသေးတာပေါ့ကွာ. . ."

စကားပြောရင်း ခင်မင်နှစ်လိုဖွယ်ရာ အပြုံးကို လေ့ကျင့်ထား သည့်အတိုင်း သူပြုံးပါသည်။ ကျွန်တော့်လက်ကိုလည်း ဆွဲယူပြီး ကျေနပ်အားရသလို ဖျစ်ညှစ်နှုတ်ဆက်ပါသည်။ သူ ပြန်သွားသည် အထိ ကျွန်တော်က သူ့ကို မျက်လုံးအဝိုင်းသားနှင့်ကြည့်ပြီး ကျန်ရစ် ခဲ့ပါသည်။

ညဖက် ဒိုင်ယာရီရေးမည်ပြုမှ ကျွန်တော့်လက်ဖဝါးက သွေး စက်များ စီးကျလာ၏။ ကျွန်တော်လက်ဖဝါးကို မြှောက်ကြည့်မိသည်။ လက်ဖဝါးခလယ်မှာ ပါးလျှပ်ထက်မြက်ဟန်ရှိသော ဓားဒဏ်ရာ

ကလေး. . . ။

ပထမတော့ ဘယ်လိုမှ တွေးမရ။ နောက်တော့လည်း စေ့စေ့တွေးရင်း ရေးရေး နားလည်လာသည်။ ကျွန်တော့်လက်ဖဝါးကို သူ့လက်နှင့်ဖျစ်ညစ် နှုတ်ဆက်ခဲ့၏။ ထိုကတည်းက ကျွန်တော့်လက်မှာ ဓားဒဏ်ရာကလေး ကျန်ခဲ့ခြင်း ဖြစ်၏။ သက်ပြင်းတစ်ချက်ချရင်း တစ်စုံတစ်ရာ သိလိုက်၏။

သူ့လက်ထဲမှာ မမြင်ရသော ဓားတစ်လက်ပါလေသည်။[၅]

သူရှိမည့်အရပ်ဆီလှည့်ပြီး လေတစ်ချက်ကို ပြင်းပြင်း ရှူလိုက်၏။ ခေါင်းကိုလည်း လေးလေးပင်ပင် ညိတ်လိုက်မိသည်။ သေချာပါသည်။ လေထဲမှာ ဝံပုလွေရနံ့ကို ရလိုက်သည်ကိုး။

---

၅။ထို့ကြောင့် ကိုယ့်နောက်မှာ သူလာရပ်စဉ် ကျောမလုံသလို ခံစားခဲ့ရခြင်း ဖြစ်သည်။

# (၂)

တစ်ညနေမှာတော့ ကျွန်တော်ချစ်သော သစ်ပင်ကြီးထံ ကျွန်တော်ပြန်ရောက်ခဲ့ပါသည်။ ထိုညနေသည် ဘာအကြောင်းမှ မယ်မယ်ရရ မရှိပါဘဲ ကြောင်အော်သံတွေနှင့် ဆူညံသော ညနေဖြစ်ပါသည်။

"ကျွန်တော်ချမ်းတယ်"

သစ်ပင်ကြီးက ဘာမှ ပြန်မပြော။ ကျွန်တော့်ကိုသာ စေ့စေ့ကြည့်သည်။

"ကျွန်တော့်ညတွေကလည်း မြူနှင်းတွေနဲ့. . ."

"ပြီးတော့ကော. . ."

"ပြီးတော့. . ."

ကျွန်တော် ဘာစကားကိုမှ ဆက်မပြောနိုင်ဘဲ ငိုင်တွေနေမိသည်။ မလှမ်းမကမ်းမှ မီးအားနည်းသော ဓာတ်တိုင်ကြီးက "ဒီကောင်ချော်လဲလာလို့ ဖြစ်မယ်" ဟု သူကိုယ်တိုင် ဗွက်အိုင်ကို နင်းထားရင်း လှမ်းပြောသည်။ ထို့နောက် ကျွန်တော်နှင့်အတူ သူတို့ပါလိုက်ပါကြွေကွဲပြီး သူတို့နှင့်အတူ ကျွန်တော်လည်း တိတ်ဆိတ်ငြိမ်သက်နေမိတော့သည်။

အဝေးကို ငေးကြည့်မိ၏။ အနီးမှသည် အဝေးသို့တိုင်အောင် မြူနှင်းတွေ အုံ့ဝေနေသည်။ အရာရာသည် မှုန်ရီစူးရှ၊ မိန်းကလေးတစ်ယောက်ကို ကျွန်တော် သတိရနေမိသော ညဦးကာလတစ်ခုဖြစ်လေသည်။ ကျွန်တော့်မျက်စိအစုံကို မှိတ်ပစ်လိုက်၏။ ဘာကိုမှ မကြည့်ချင်။ ထိုအခါကျမှ မကြည့်ဘဲမြင်သော အရိပ်တို့ ခိုဝင်လူးလွန့်လာသည်။

ချစ်သူ. . .၊ ခေါင်းကို တွင်တွင်ခါးယမ်းလိုက်ရင်း ရင်ထဲမှာ တနင့်နင့် နာသည်။ သူက ကိုယ်၏ ချစ်သူဖြစ်သော်လည်း ကိုယ်က သူ၏ချစ်သူဖြစ်မလာခဲ့။ ကိုယ်က. . . ချစ်မိသူ။

[ချစ်မိသူဆိုတာ လောကမှာ စစ်အရှုံးဆုံးလူပါ မသိတာ။ ချစ်မိပြီဆိုကတည်းက အဲဒီနှလုံးသားဟာ တယုတယနဲ့ သေမိန့်ကျ

သွားခဲ့ပါပြီ။ ဦးပုညရဲ့ လက်ာထဲကလို တရားဝေခွဲရင်း စကားတွေ အလဲလဲဖြစ်ခဲ့ရတဲ့ ဒီကောင်ကတော့ စက္ကူမင်တစ်မျဉ်းအောက်မှာ လူမိုက်အဖြစ် စာရင်းပေါက်သွားပါပြီ။

ထားခဲ့ပါ မသီတာ။ သွားလိုရာကို သွားပါတော့။ ကောင်းကင်မှာ ကြယ်တွေ ဝင့်ဝေကြပြီလား။ ပင်လယ်မှာလည်း ဗေဒါတွေ မျောလိုမျောရင်း ဆက်ပွင့်ကြဦးမှာပေါ့။ ဘာပဲဖြစ်ဖြစ်လေ။ ဘုံအဆင့်ဆင့်မှာ မြင့်သည်ထက် မြင့်ပါစေ။ ကျွန်တော်ဆုတောင်းနေမယ်။]*

ဝင်ထွက်ဆက်ဆံမိသော စာအုပ်အငှားဆိုင်လေးတစ်ဆိုင်မှာ သူ့ကို ကျွန်တော်တွေ့ခဲ့ခြင်း ဖြစ်လေသည်။ သူ၏ တည်ငြိမ်အေးချမ်းသော အမူအရာ၊ သူ၏ ရှည်လျားနက်မှောင်သော ဆံနွယ်မျှင်များ၊ ကြည်လင်လှပသော သူ့မျက်ဝန်းအစုံ၊ သူဖတ်သော ရသဒဿန စာအုပ် အချို့။ ထိုသို့ဖြင့် ကျွန်တော်ညတွေမှာ မြူနှင်းတို့ဝေမှုံလာခဲ့ တော့၏။

[တစ်ချက်လောက် ငေးကြည့်လိုက်မိရင်းက အငြိငြိ အယှက်ယှက်နဲ့ ချစ်မြတ်လွမ်းဆွတ်ခဲ့ရတာပါ။ ပန်းတောင်ခါးပန်းမှာ ပျော်ပျော်

---

* ကျွန်တော်နှင့် မြူနှင်းဝေသောညများ . . . အမည်ရှိ ကိုယ်ရေးကိုယ်တာ မှတ်တမ်းထဲမှ စာသားများဖြစ်ပါသည်။

http://www.cherrythitsar.org

လွင်လွင် ဆော့ကစားနေတဲ့ မင်းသမီးလေးကို လယ်ကွင်းထဲကနေ ငေးကြည့်နေခဲ့ရတဲ့ စပါးပင်ကလေးလို ကျွန်တော်က မသိတာကို ငေး ကြည့်ခဲ့ရတာပါ။ ဒါထက် ဘာမှ မပိုပါဘူး မသိတာရယ်။]*

သူနှင့် သူချစ်သူကို ရယ်မောကျွမ်းဝင် မြင်တွေ့လိုက်စဉ်က ကောင်းကင်မှာ ငှက်တွေ ပျံသန်းနေကြ၏။ [တကယ်တော့ လောက မှာ အံ့ဩစရာဘာမှမရှိပါ။] ကျွန်တော်မအံ့ဩခဲ့ပါ။ သို့သော်လည်း ရင်ထဲကွဲအောင် ခံစားခဲ့ရသည်ဟုတော့ ပြောချင်ပါသည်။ ကျွန်တော် လည်း သံယောဇဉ်ဦးမှာ ရှုံးခဲ့မိပါပြီ။

[အဲဒီညမှာ ကျွန်တော့်ဝိညာဉ်ဟာ မီးပုံထဲ အခါခါခုန်ချ။ ကျွန်တော့်ဘဝက စဉ်းနှီတုံးကြီးလို လမ်းပေါ် လိမ့်သွား။ အလွမ်းဆို တာ စိတ်ကို ခွဲတဲ့ဓားတစ်လက်ဖြစ်ကြောင်း ခေါင်းငုံ့ခံစား၊ နား လည်ခဲ့။

ကျွန်တော်က သူရဲကောင်း မဟုတ်ပါဘူး။ ဒါပေမယ့် ကြောက် စရာအကောင်းဆုံး အရှုံးတွေနဲ့ ဆုံတွေ့ရတဲ့အခါမှာတောင် ခြသေ့်ခံ ခံပြီးမှ ပြန်ဆုတ်ခဲ့တဲ့ ကောင်ပါ။ အခုဆို ကျွန်တော့်ရင်ထဲမှာ လေ ပွေတွေ လှဲ့လှဲ့ပြာပြာ တိုက်ခတ်တယ်။ ကိုယ့်ကိုယ်ကိုယ် ရွက်ကုန်ဖွင့် ပြီး ကျောက်ဆောင်ကြီး ပွင့်လန်သွားအောင် တအား ဝင်တိုက်ပစ် လိုက်ချင်တယ်။ စိတ်ထဲခံစားသလောက်သာ လေလွင့်ပစ်လိုက်ရမယ်

ဆိုရင် ကျွန်တော်ဟာတစ်ပိုင်း၊မီးခိုးတစ်ပိုင်း ဖြစ်သွားတော့မယ်။]*

ညက တစ်စစနှင့် မှောင်ပြီ။ ညဥ့်လေက အေးစက်နေ၏။ ဆေးလိပ်တစ်လိပ်ဖြင့် စိတ်တွေကို လေထဲမှုတ်ထုတ်ရင်း. . . ရီဝေ။ သိပ်လွမ်းနေပြီ ကောင်မလေးရယ်. . . ။

ထိုင်ရာမှ ထရပ်လိုက်၏။ အလေ့ကျ ပေါက်သော လမ်းဘေး ဓာတ်တိုင်ကြီးပမာ ကျွန်တော့်ထံမီးမလာ။ သစ်ပင်ကြီးကိုသာ ကျွန်တော် စကားတီးတိုး ပြောမိ၏။

"အချစ်ဆိုတာ. . . တဲ့"

"အင်း. . . "

"အစမှာ ဆိုးပြီးတော့. . . . တဲ့"

"အင်း. . . "

"အဆုံးမှာ ပိုပြီး ဆိုးသွားတယ်. . . တဲ့"

ကျွန်တော်တို့အတူတူ ရယ်လိုက်ကြပါသည်။ မပျော်ဘဲနှင့် ရယ်ရတာ ပျော်စရာမကောင်းလှပါ။ အဝေးကို ကြည့်မိပြန်၏။ ညသည် မြူနှင်းတို့ ဝေဆဲ ဖြစ်လေသည်။

(၃)

မြူနှင်းတွေကြားမှာ လေယဉ်ပျံကြီးတစ်စင်း အသံတိတ် ပျံသန်းလာပါသည်။ ကျွန်တော့်ရှေ့မှာ စာတစ်စောင် ပစ်ချခဲ့ပြီး ဘာမှမပြောဘဲ မြူနှင်းထဲမှာ ပြန်ပျောက်သွား၏။ ကျွန်တော်က စာကို ဖောက်ဖတ် လိုက်သည်။

*. . . ငါတို့ဆီကို မြန်မာမဂ္ဂဇင်းတွေ ရောက်တယ်လေ. . . စျေးတော့ နည်းနည်းကြီးတာပေါ့ကွာ။ ဒါပေမယ့် ငါ့အတွက် ကိစ္စမှ မရှိဘဲ။ ငါ အကုန်ဝယ်ဖတ်ပါတယ်။ မင်းရေးတဲ့ စာတွေကို ဖတ်ရတယ်။ မင်းရဲ့ ကလောင်နာမည်ကို ငါ ကြိုမသိပါဘူးကွာ။ ဒါပေမယ့်*

*ဖတ်ဖတ်ချင်းမှာ ရေးတဲ့သူဟာ မင်းဆိုတာ ငါသိတယ်။ ငါ သိပ်ဝမ်းသာတယ်. . .။ မင်းနဲ့ တွေ့ဖို့ ငါ မြန်မာပြည်ကို ပြန်လာဦးမယ်. . .*

ဟိုစဉ်က ကျွန်တော်နှင့်ပင်နယ်တီ ကန်နေကျ သူငယ်ချင်းထံမှ ဖြစ်သည်။ သူက အနောက်နိုင်ငံတစ်ခုမှာ အောင်မြင်သော စီးပွားရေးသမားလေး တစ်ဦးဖြစ်နေလေပြီ။ ကျွန်တော့်ကို သတိရကြောင်းလည်း ပြော၏။ ဆက်ဆက်လာခဲ့မယ်ဟုလည်း ပြော၏။ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ကြပြီးမှ တစ်နေ့တည်းနှင့် ပြန်တွေ့လိုက်ရမည်မှာ သဘောကျစရာ ကောင်းသလိုပင် ရှိလေသည်။

စာကြွင်းထဲမှာ "မင်း ငါ့ကို ပယ်နယ်တီတစ်လုံး ကန်ရဦးမယ်နော်" ဟု မှတ်မှတ်ရရ ရေးထားပြန်သဖြင့် ဖတ်ရင်း ရယ်မိသေးသည်။ ကျွန်တော့်ထံ စာအုပ်အချို့နှင့် လက်ဆောင်ပစ္စည်းအချို့ကိုလည်း ထပ်ပို့လိုက်၏။ လက်ဆောင်ပစ္စည်းများထဲတွင် သော့ချိတ်လေးတစ်ခုလည်း ပါဝင်ပြီး သော့ချိတ်မှာ ဘောလုံးသေးသေးကလေးတစ်လုံး တန်းလန်း တန်းလန်းနှင့် ပါနေလေသည်။

ထိုဘောလုံးလေးကို ကျွန်တော် အလွန်ချစ်လေသည်။

ကျွန်တော့်အိပ်ရာ ခေါင်းရင်းဘက်တွင် ထိုသော့ချိတ်လေးကို ဆွဲချိတ်ထားလိုက်၏။ ဘောလုံးကလေးက ခေါင်းတညိတ်ညိတ်ဖြင့် လောကကြီးကိုကြည့်နေသည်။ [ဘာစကားမှတော့ မပြောတော့

ချေ။] လောကြီးကလည်း ဘောလုံးလေးကို ဖြေရှင်းချက်တွေ ဒရစပ် ပေးနေပုံပေါ်သည်။ [ကျွန်တော်ကတော့ မကြားပါ။] ဘောလုံးလေး သည် ကျွန်တော့်အဖော်ဖြစ်လာသည်။ သေသေချာချာကို ဖြစ်လာပါ သည်။

လောကကြီးထဲမှာ ရှင်သန်လှုပ်ရှားနေရတာ တစ်ခါတစ်ခါ တော့လည်း မောသည်။ မောရတာကို မောတတ်လာသော တစ်နေ့ မှာ ဖြေဆည်ရလာသလိုရှိ၏။ ကျွန်တော်လေချွန်တတ်လာသည်။ သီချင်းဆိုတတ်လာသည်။ အိမ်အပြန် ညများစွာမှာ ဂျာကင်အိတ်ထဲ လက်ထည့်ရင်း လမင်းကို မော့ကြည့်လာသည်။

ထိုသို့ ကျွန်တော့်လမ်းထဲ ပြန်လာတိုင်းလည်း ခွေးတစ်ကောင် က လာရောက်နှုတ်ဆက်တတ်သည်။ ကျွန်တော်နှင့် တစ်လမ်းတည်း နေသော ခွေးဖြစ်ပါသည်။ ထိုခွေး၏အမည်ကို ကျွန်တော်မသိပါ။ [ထိုခွေးကလည်း ကျွန်တော့်အမည်ကို မသိ။] ကျွန်တော်ဆိုနေကျ သီချင်းသည် ဂျစ်ပစီစကားပုံလေးတစ်ခုနှင့် အဓိပ္ပာယ်တူ၏။ 'အိမ် မလိုချင်ပါဘူး။ ဘယ်မှာမှ အမြစ်မတွယ်ချင်လို့ပါ' ဟူ၍ ဖြစ်လေ သည်။

တစ်ညမှာတော့ ကျွန်တော် အိပ်မက် မက်သည်။ အိပ်မက် ထဲတွင် ကျွန်တော့်ဘောလုံးလေး ပျောက်နေသည်။ ကျွန်တော်လိုက်

http://www.cherrythitsar.org

ရှာသော်လည်း ဘယ်မှာမှ မတွေ့ချေ။ လမ်းမှာဆုံသော လူများကို လည်း 'ကျွန်တော့်ဘောလုံးလေး တွေ့မိလား' ဟု မေးကြည့်မိ၏။ စကားမဆုံးမီမှာဘဲ အားလုံးက ခေါင်းခါကြ၏။ သူတို့ ခေါင်းခါ၍ မဆုံးမီမှာပဲ ကျွန်တော် လှည့်ထွက်ခဲ့၏။

တစ်လမ်းဝင်တစ်လမ်းထွက် ကျွန်တော်လိုက်ရှာပါသည်။ တစ်နေရာမှာတော့ လူတွေ အုံခဲကြည့်ရှုနေကြတာကို တွေ့ရ၏။ ညာသံပေး၍ အော်ဟစ်နေကြတာကိုလည်း ကြားရ၏။ လူတွေထဲ တိုးဝှေ့ပြီး ဝင်ကြည့်မိသောအခါ ကျွန်တော့်ဘောလုံးကလေးကို တွေ့လိုက်ရပါသည်။ သူ့ကို ဝိုင်းကန်နေကြ၏။ ကျွန်တော် အတော် စိတ်မကောင်း ဖြစ်မိ၏။ [ကုဋေရှစ်ဆယ် သူဌေးသားလေးလည်း ထိုသို့ပင် ဝိုင်းကန်ခံခဲ့ရဖူးပါသည်။]

"ကြက်ခြေနီ၊ ကြက်ခြေနီ"

ပရိသတ်ထဲမှ အော်သံကြားရသည်။ ကြက်ခြေနီများက ဘောလုံးလေးကို ထမ်းစင်ပေါ်တင်ကာ ကွင်းပြင်သို့ ထုတ်လာကြ၏။

ကျွန်တော် ကပျာကယာ အနားပြေးကပ်သွားမိ၏။ ကျွန်တော် ဘောလုံးကလေးက တစ်ကိုယ်လုံး နာကျင်နေလေသည်။ သူ့ကို ကြက်ခြေနီများက ဆေးလူးပေးနေစဉ်မှာ ကျွန်တော်က ခပ်တိုးတိုး မေးမိ၏။

"အတော် နာနေလား"

ဘောလုံးလေးက ကျွန်တော့်ကို ဘုကြည့်ကြည့်၏။

"ပွဲလုပ်ပြီး ဝိုင်းကန်တာကို ခံရမှတော့ မနာဘဲနေမလားကွ"

ဘောလုံးကလေးကို ကွင်းထဲပြန်သွင်းသွားသည်။ ဝိုင်းကန်ကြပြန်သည်။ ပထမပိုင်းပြီးသွား၏။ ဘောလုံးကလေးက ကျွန်တော့်နားရောက်လာပြီး ပြောသည်။

"လူတွေက ငါ့ကို ဘောလုံးဆိုပြီး ကန်ဖို့ လုပ်ထားတာပဲကွာ၊ လူတွေ ငါ့ကိုကန်တာကိုတော့ ငါစိတ်မဆိုးပါဘူး"

သူ့စကားက တစ်မျိုးဖြစ်နေသဖြင့် ကျွန်တော် သဘောမပေါက်သလို ပြန်ကြည့်သောအခါ သူက ဆက်ပြောပါသည်။

"လူတွေ ငါ့ကို ကန်တဲ့အခါတိုင်း 'ဖိနပ်' ဆိုတဲ့ဟာတွေကကြားက ဝင်ဝင်ကန်ကြတာကို ငါမခံချင်ဘူး"

ကျွန်တော် သက်ပြင်းချမိ၏။ အကြိမ်ပေါင်းများစွာ ကျွန်တော်ကြားခဲ့ရသော စကားကိုပဲ သူ့ကို ပြန်ပြောလိုက်မိသည်။

"ဒီလိုပဲပေါ့ကွာ"

ဒုတိယပိုင်း ဆက်ကန်ရန် သူ့ကို ပြန်လာခေါ်သွားကြ၏။ အကြိတ်အနယ် ထပ်ကန်ကြပြန်သည်။ ကျွန်တော်လည်း သွေးအေးအေးနှင့် ဘေးမှ ထိုင်ကြည့်နေရသည်ပဲ ဖြစ်၏။ သို့သော်လည်း ဘော

လုံးကလေးက တဖြည်းဖြည်းနှင့် ခံနိုင်ရည်ပြည့်ဝလာတာကို မြင်ရ၏။ တစ်ချီ ကျွန်တော့်အနား လိမ့်အလာမှာ သူကပင် ပြောသွားသေးသည်။

"သူတို့ ပြင်းပြင်းကန်လေ ကိုယ်မြင့်မြင့် ရောက်လေပေါ့ကွာ"

ဒုတိယပိုင်းအပြီးတွင် သူက ကျွန်တော့်ကို ထိုအချက်နှင့်ပတ်သက်၍ အကျယ်တဝင့် ဆက်ပြောပြ၏။

အဲဒီလို မြင့်မြင့်ရောက်သွားတော့မှ လူတွေကိုရော လောကကြီးကိုရော အပေါ်ကနေ စီးမြင်သွားတယ်။ အမြင် ပိုကျယ်လာတာပေါ့ကွာ။ အချို့လောက ရှုခင်းတွေဟာ သိပ်လှတယ်ကွ။ နောက်ပြီး အပေါ်မှာက လေကောင်းလေသန့် ပိုရတယ်၊ အဆုပ်အားကောင်းတော့ သွေးလည်းပိုနီလာတယ်။ နောက်ပြီး. . .

သူစကား မဆုံးမီမှာဘဲ သူ့ကို လာခေါ်သွားကြပြန်သည်။ အချိန်ပို ဆက်ကန်ကြဦးမည် ဆို၏။ ဝီစီသံနှင့်အတူ ဘုံးခနဲ ကန်လိုက်ကြပြန်သည်။ ဘောလုံးကလေး မြောက်အတက်မှာ ကျွန်တော်လည်း ခိုပြီး လိုက်သွားလိုက်၏။ လေထဲမှာ ကျွန်တော်တို့ လွင့်ပါနေ၏။ လေပြည်လေညင်း၏ သိမ်မွေ့မှုက သာယာချမ်းမြေ့လှ၏။

"မော့ကြည့်လိုက်စမ်း"

ဘောလုံးကလေးက ပြောသဖြင့် ကျွန်တော် မော့်ကြည့်လိုက်

၏။ "ကောင်းကင်ကြီးကို ပိုပြီး နီးနီးကပ်ကပ် မြင်ရတာပေါ့ကွာ။ သေသေချာချာ သိရတာပေါ့။ ကောင်းကင်ဆိုတာ မြေပြင်မဟုတ်ဘူး ဆိုတာ. . ."

ကျွန်တော်တို့ ရယ်လိုက်မိကြသည်။ ကျွန်တော်တို့ လေထဲမှ ဖြည်းညင်းစွာ ပြန်ကျလာသည်။ ဘောလုံးကွင်းထဲကို မဟုတ်တော့ပါ။ [ဘောလုံးပွဲကိုတော့ နောက်တစ်လုံးနှင့် ဆက်ကန်နေကြပြီး ဖြစ်သည်။] ကျွန်တော်ချစ်သော သစ်ပင်ကြီးအနားသို့ ကျလာ၏။ သစ်ပင်ကြီးကတော့ သူ့ သစ်ကိုင်းလက်တံတွေကို ဖြန့်ကားထားရင်း အားလုံးကို ဟားတိုက် ရယ်နေဆဲ။ ကျွန်တော် ဘောလုံးကလေးကို လည်း 'ကောင်းသော ညနေခင်းပါ' လှမ်းနှုတ်ဆက်လေသည်။

## (၁)

သော့ချိတ်ကလေးကို လက်မှာ ချိတ်ရင်း လောကကြီး၏ လမ်းသွယ်များမှာ ကျွန်တော် ပေါ့ပေါ့ပါးပါး လျှောက်သွားနေတတ်ပါပြီ။ [မထင်မှတ်ပါဘဲ] တစ်နေ့မှာ ကျွန်တော်တစ်ခါက ပျောက်သွားခဲ့ဖူးသော သော့ကလေးကို သတိရလိုက်မိ၏။ သော့ချိတ်ကလေးကိုကြည့်နေရင်း သော့ကို သတိရမိခြင်းဖြစ်၍ အင်မတန် ရိုးရှင်းလှပါသည်။ သတိမရမီ အချိန်အထိ မေ့နေခဲ့ဖူးပါသည်။ ယခုလို သတိရသွားပြန်တော့လည်း မမေ့နိုင်အောင် ဖြစ်ရပြန်သည်။

ထို့ကြောင့် သော့ကလေးကိုရှာရန်အတွက် သချိုင်းသို့ ကျွန်တော် ထွက်ခဲ့မိသည်။ သချိုင်းမှာတော့ သော့ကလေးကို ကျွန်တော်

ပြန်မတွေ့ပါ။ သို့သော် အင်မတန် အံ့သြစရာကောင်းသော အရာ တစ်ခုကို ရသမြောက်အောင် ကျွန်တော်တွေ့လိုက်ပါသည်။

သချိုင်းမှာ သချိုင်းကို တွေ့လိုက်ခြင်း ဖြစ်ပါသည်။

သချိုင်းသည် ချမ်းမြေ့တိတ်ဆိတ်နေ၏။ တစ်ချက်တစ်ချက် လေအဝေ့မှာ [ဂူကို ငုံ၍ တည်ထားသော] စေတီတော်လေးတစ်ဆူမှ ဆည်းလည်းသံ ဖြူဖြူစင်စင်ကလေး လွင့်ပျံလာသည်။ ပန်းတို့လည်း အရိုင်းဆန်ဆန် လန်းပွင့်မွှေးမြနေ၏။ သစ်ပင်တို့၏ အရိပ်မားမား အောက်မှာ မြေပြင်ကို နေပြောက်ပင်မကျသော သချိုင်းသည် တည် ကြည် ငြိမ်သက်လျက်ပင်။

ကျွန်တော် ငေးကြည့်နေမိသည်။

ဤနေရာတွင် တုပပြိုင်ဆိုင်မှုတို့ မရှိ။

ဤနေရာတွင် ဟန်ဆောင် ပြုံးရယ်မှုတို့ မရှိ။ ဤနေရာတွင် သိမ်းပိုက် တည်ဆောက်မှုတို့ မရှိ။ ဤနေရာတွင် ဘာမှမရှိ။ ဤနေရာ တွင် အားလုံးသေဆုံးသည်။ ဤနေရာတွင်. . . .

ကျွန်တော်ရပ်တန့် စဉ်းစားမိ၏။ ဘာကြောင့်မေ့နေမိလဲ။ သချိုင်းသည် တံတိုင်း၏ အခြားတစ်မှာပဲရှိနေသည်။ ဘာကြောင့်မေ့ နေခဲ့မိသလဲ။

ထိုသို့ဖြင့် ကျွန်တော်သည် ဧည့်ခံပွဲများကို သွားရသည်ထက်

သချိုင်းထဲ သွားရတာကို ပို၍ ပျော်မွေ့လာသည်။ ညှော်ခံပွဲများကို သွားမိလျှင် တစ်စားပွဲတည်း ထိုင်ရသူများနှင့် အလိုမတူဘဲ စကားများ ပြောရ၏။ အချို့လူများ၏ ပါးစပ်က အာပုတ်စော်အလွန်နံလေသည်။

ရိပ်မိပုံရသော လူမှုရေးဆရာဝန်တစ်ယောက်က ကျွန်တော် ကို အခြားစားပွဲတစ်ခုသို့ ပြောင်းပေးသည်။ ထိုစားပွဲမှ လူများက တော့ အာပုတ်စော်မနံပါ။ သို့သော်လည်း သွားတိုက်ဆေးစော် အလွန်နံလေသည်။ ကျွန်တော် ညှော်ခံပွဲမှ ထပြန်ခဲ့၏။

ထိုအခါများစွာမှာ ကျွန်တော်သချိုင်းထဲ ရောက်သွားတတ်ပါ သည်။

လူထု ညစ်ညမ်းမှုက ထုပြောလာသည်။ လူတွေက ကြာလေ နံလေဖြစ်သည်ဟု ကျွန်တော် ခံစားရ၏။ [၆] အချို့လူများ ကိုယ့်အနား ရောက်လာလျှင် ကိုယ်က အသက်အောင့်ထားရသည်။ သူတို့ကို အခြားလူများက 'ဝေးဝေးသွားနေစမ်းပါ' ဟု မောင်းထုတ်လိုက်၍ ကျွန်တော့်အနား ရောက်လာပုံရပါသည်။ ကျွန်တော်က သူတို့နှင့် ဝေးဝေးကို သွားနေရပါတော့သည်။

တစ်နေ့. . .

---

၆။ အများစုကို ဆိုလိုခြင်း ဖြစ်ပါသည်။

http://www.cherrythitsar.org

ထိုတစ်နေ့၏ ညနေဦးမှာ ကျွန်တော် နာရီပြင်ဆိုင်တစ်ဆိုင်သို့ ဝင်ရပါသည်။ ကျွန်တော့် နာရီပြင်ထား၍ ဖြစ်ပါသည်။ နာရီပြင်ဆရာ က အချိန်မမှန်ပါ။ [ချိန်းဆိုထားသောအချိန်မှာ မရပါ။] ဆိုင်ထဲမှ နာရီ ရောင်းသူများ၊ ဝယ်သူများ၊ ပြင်သူများ၊ စကားတွေ ပြောနေကြ ပါသည်။ သူတို့လက်မှ နာရီကိုလည်း ဟန်ပါပါ ကြည့်နေကြပါသည်။ သူတို့ကိုသူတို့ ဘယ်နှစ်နာရီထိုးနေမှန်းကိုတော့ သိပုံမပေါ်ပါ။ ကျွန်တော် လှည့်ထွက်ခဲ့ပါသည်။ ကျွန်တော့်နာရီကိုလည်း သွားပြန် မယူတော့ပါ။ [အားလုံးကို ဆုံးရှုံးလိုက်ရသူအဖို့ တစ်ခုတည်း ကျန် နေ၍လည်း မထူးတော့ပါ။ ဆုပ်ကိုင်ရတာလက်ကြားညပ်ပါသည်]

ထိုနေ့သည် ကျွန်တော် အတုံးအရှုံး ကျဆုံးခဲ့သောနေ့ဖြစ်ပါ သည်။ [အကျဆုံးခံခဲ့သောနေ့ဟု ပြောလျှင်လည်းရပါသည်။] ကျွန် တော် စိုက်ထားသော ကောက်ပင်များကို အခြားလက်တစ်ဖက်က ဝင်ရောက်ရိတ်သိမ်းသွားသော နေ့လည်းဖြစ်ပါသည်။ ကျွန်တော် မငိုပါ။ ဒေါသလည်း မထွက်ပါ။ ကျွန်တော် ယာခင်းကလေးကို လက် ပြန့်တ်ဆက်ရင်း လှည့်ပြန်ခဲ့ပါသည်။ 'ဒီလိုပဲပေါ့ကွာ' ဟုလည်း အခြား ဘယ်လိုမှ မဟုတ်သယောင် ကိုယ့်ကိုယ်ကိုယ် ပြန်ပြောခဲ့ပါသေးသည်။

ထိုည သန်းခေါင်နီးချိန်မှာ ကျွန်တော် သချိုင်းထဲရောက်သွား ပါသည်။ သရဲကားထဲကလို လင်းနို့များ မပျံပါ။ ခွေးအူသံကိုလည်း

မကြားရပါ။ လရောင်သည် အုတ်ဂူများပေါ်သို့ ဖြူလွင် လှပစွာ ဖိတ်စဉ်စီးကျနေ၏။ လေပြည်ချိုအေးကလည်း မြူနှင်းတို့ဖြင့် ဝါဆွေးနေသည်။ ကြယ်၊ လနှင့်အရိုင်းပန်းတို့ ယိမ်းကနေသောည ဖြစ်ပါ၏။ သိပ်လှပါသည်။ ကျွန်တော် ကြည်လင် ငြိမ်းချမ်းနေတော့ သည်။

ဂူကြိုဂူကြားမှ တစ်ယောက်တည်း လျှောက်သွားနေမိ၏။ မှတ်တိုင်တစ်ခုစီ လွှင့်ထူထားသော အုတ်ဂူဖြူဖြူများသည် သောင်ပြင်မှာ ရပ်နားနေသည့် ပင်လယ်ကူး ရွက်လှေများနှင့် တူနေသည်။ ဂူတစ်ခုပေါ်သို့ ကျွန်တော် တက်ရပ်လိုက်သည်။ အဝေးကို မျှော်ငေး ကြည့်နေမိ၏။

ကျွန်တော် မျှော်လင့်မထားဘဲ လေတွေ ခပ်ကြမ်းကြမ်း တိုက်လာသည်။ [ကျွန်တော် ဘာကိုမှ မမျှော်လင့်တော့တာ ကြာပြီ။] လေတွေက ကြမ်းသထက်ကြမ်းလာသဖြင့် ကျွန်တော့် အဝတ်အစား များက တဖျပ်ဖျပ် လွင့်မျောနေသည်။ ကျွန်တော့်စိတ်ထဲမှာ တစ်စုံတစ်ရာကို ခံစားနေရသည်။

ကျွန်တော်သည် လောက ကမ်းပါး ၏အစွန်းမှာ ရပ်နေသည် ဟု ခံစားလာရသည်။ ကျွန်တော့်ရှေ့မှာ အသူတစ်ရာနက်သော ချောက်ကမ်းပါးကြီး ခြားလျက်။ လေတွေက ဝူးဝူးဝေါဝေါ အော်မြည်

တိုက်ခတ်နေသည်။ ကျွန်တော့်ကို ပြုံးယိုင်လဲကျစေလုမတတ်။ ရှေ့တူရူကို အားတင်းကြည့်မိသည်။ ချောက်ကမ်းပါး၏ အခြားတစ်ဘက်မှာ ရွှေရောင်ပျပျ။

အပြစ်သားအဖြစ် အော်ဟစ်ကဲ့ရဲ့သော စွပ်စွဲချက်များ၊ မုဆိုးဆန်ဆန် လှောင်ပြောင်ခြောက်လှန့်သော ညာသံများကို လေတိုက်သံနှင့်အတူ လုံးထွေးကြားယောင်နေရ၏။ ကျွန်တော် လက်ဖဝါးအစုံကို လေထဲမှာ ဖြန့်ထားလိုက်၏။ တစ်ခါက မြောက်တင်ခဲ့ဖူးသော သော့ကလေး မကြာမီ ပြန်ကျလာပါတော့မည်။ ထိုသော့ကလေးကို တင်းတင်းဆုပ်ကိုင်ကာ ဤဒုက္ခပူဝန်များမှ ကင်းပလွတ်မြောက်ရာ တစ်ဘက်ကမ်းသို့ ကျွန်တော် လှမ်းမိလိမ့်မည်. . . ဟု။

အိပ်မက်ပမာ. . .


ခံစားနေမိပါသေးတော့သည်။

*တာရာမင်းဝေ*

*၁၉၉၆ -ခုနှစ်၊ ဇွန်လ၊ သရုပ်ဖော်မဂ္ဂဇင်း*

http://www.cherrythitsar.org

# ဓားသွားပေါ်မှာ
# ကတဲ့ဆပ်ကပ်



http://www.cherrythitsar.org

“တကယ်တော့ ဒီလောကဟာ တို့အခုဝင်ကြည့်ခဲ့တဲ့ ဆပ်ကပ်ကလေးထက် အများကြီးပွေလီတဲ့ ဆပ်ကပ်ကြီးပဲ။ ဆပ်ကပ်ပညာသည်တွေ၊ ဆပ်ကပ်ကို သဘောကျလို့ လက်ဖဝါးချင်း ပါးရိုက်ပြီး ဩဘာပေးတတ်သူတွေဟာ တို့ပတ်ဝန်းကျင်မှာ ရေလို့ မရနိုင်လောက်အောင် များလှပါတယ်”

ထရက်ပိုင်းအတွင်းပင်"လောကကြီးကလည်း ဒီပုစ္ဆာကြီးလိုပါပဲလား"ဟူသောအတွေးကို သူ ရလာ၏။ ဆန့်ကျင်ဘက်တို့ဖြင့် ကုပ်သပ်ရုံခွကာ တည်ဆောက် ထောင်မတ်ပြုထားသည့် လောကကြီးသည် ရုပ်ဖျက်ထားသည့် "မာယာ" သာဖြစ်သည်။ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ချစ်ခင်ခြင်း၊ မုန်းတီးခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ စသည်တို့၏ အားပြိုင်မှုများကြားမှာ မရှိသည်တို့ကို ရှိသည်ဟု ထင်လာအောင် မျက်လှည့်ပြနေခြင်းသာ ဖြစ်သည်။

သူ့ဘဝသည် မည်သို့မျှ မပြောင်းလဲခဲ့၊ ပြောင်းလဲမည်ဆိုလျှင် ပြောင်းလဲစရာတွေ ကြုံခဲ့ပါ၏၊ သို့သော် သူက မပြောင်းလဲသဖြင့် အရာရာသည် သူ့ကိုထားခဲ့ပြီး၊ သူတို့ဘာသာ ပြောင်းလဲသွားခြင်း ဖြစ်လေသည်။ သူကား ငြိမ်းချမ်းစွာ ကြွင်းကျန်ရစ်၏။ သူညလေးတစ်လုံးပမာ တိတ်ဆိတ်စွာ ရှိနေ၏။

## (၁)

သူ နိုးထသောအချိန်မှာ နံနက်ခင်းက လင်းဝင်းအေးမြ လျက်ရှိပေပြီ။ ခြံထောင့်မှ စပယ်ရုံများကလည်း ချီချီကြွကြွဖြင့် ဖြူဆွတ်လှပနေကြ၏။ စိမ်းမြသော သစ်ရွက်တို့တွင် နှင်းစက်ကလေးများ လက်ဖိတ်စိုအိနေပုံကို သူရပ်ကြည့်နေမိသေးသည်။

သူ့စိတ်ထဲမှာ ကြည်နူးလာသည်။ ငြိမ်သက်နေရာမှ သူ လှုပ်ရှားလာ၏။ သူသည်. . . မည်သို့သောနေ့ကိုမဆို အလှတရားနှင့် အတူ မြင်တွေ့တတ်သည့် လူငယ်တစ်ဦးပဲ ဖြစ်လေသည်။

နံနက်စာစားပြီး၍ တိုင်းမဂ္ဂဇင်းအဟောင်းတစ်အုပ်ကို ဖတ်နေစဉ် ဌေးမြင့်သိန်း ရောက်လာသည်။

http://www.cherrythitsar.org

"လက်ဖက်ရည်ဆိုင်သွားရအောင်ကွာ"

ဌေးမြင့်သိန်းသည် အထက်တန်းကျောင်းမှာကတည်းက သူနှင့် တွဲခဲ့သော သူငယ်ချင်းဖြစ်၏။ တက္ကသိုလ်တွင် အဓိကယူသော ဘာသာရပ်ချင်းမတူသော်လည်း သူ့ကိုခင်မင်လှသော ဌေးမြင့်သိန်းက မည်သို့မျှအသွားအလာမပျက်ခဲ့။ ကျောင်းပြီး၍ ဝါသနာပါရာ နယ် ပယ်များသို့ အသီးသီးခြေချကြပြီး သူငယ်ချင်းများ ကစဥ့်ကလျား ဖြစ်ခဲ့ရာတွင်လည်း ဌေးမြင့်သိန်းကမူ သူ့အနီးမှမကွာခဲ့။ သူတို့နှစ်ဦး က တွဲမြဲတွဲနေခဲ့ကြလေသည်။

လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြရင်း ဌေးမြင့်သိန်းက မထင်မှတ်သော မေးခွန်းကိုမေးသည်။

"မင်း. . . ဝင်းဝင်းနွယ်ကို စိတ်မဝင်စားဘူးလား"

"ဘာဖြစ်လို့ မေးတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ငါသိချင်လို့"

"မင်းက ဘယ်လိုထင်မိလို့လဲ"

အေးအေးလူလူပြုံးရယ်ကာ တစ်ခွန်းချင်း ပြန်မေးနေ သော သူ့ကို ကြည့်ပြီး ဌေးမြင့်သိန်းက ရှုံ့မဲ့ခေါင်းခါလေသည်။

"မင်းက မဟုတ်သေးပါဘူးကွာ"

"ဟာ. . . ဘာဖြစ်လို့လဲကွာ"

"ကောင်မလေးက ချစ်စရာလေးကွ၊ တော်လည်း တော်တယ်၊ မင်းကိုလည်း သံယောဇဉ်ရှိပုံရတယ်။ မင်းကသာ မတုန်မလှုပ်နဲ့၊ ဘာမှန်း မသိဖြစ်နေတာ"

စူပွပွပြောနေသော ဌေးမြင့်သိန်းကို ကြည့်ပြီး သူရယ်နေလိုက်နေသည်။ ထွေရာလေးပါးတို့ကို အချိန်အတော်ကြာပြောဆိုနေကြပြီး ညနေစောင်းမှ ပြန်လာခဲ့ကြ၏။ သူလည်း အပြန်လမ်းမှာ ဝင်းဝင်းနွယ်ဆီ အတွေးရောက်သွားပါသည်။

ဝင်းဝင်းနွယ်သည် သူနှင့်ဌေးမြင့်သိန်း တက်ရောက်ခဲ့သည့် အထက်တန်းကျောင်းမှ တောက်ပထင်ရှားသော ကျောင်း သူတစ်ဦး ဖြစ်၏။ သူတို့နှင့်တစ်ခန်းတည်း အတူစာသင်ရသော သူငယ်ချင်း ကျောင်းသူလည်း ဖြစ်လေသည်။ လှပသော၊ ချမ်းသာသော၊ ချစ်စဖွယ်ကောင်းသော၊ ကျောင်းစာထူးချွန်သော ထိုကောင်မလေးကို ကျောင်းသားများစွာက အတိုင်းအတာ တစ်ခုထိ စိတ်ကူးယဉ်ခဲ့ကြ၏။ [ထိုအထဲတွင် သူတော့မပါခဲ့ချေ။]

သူကတော့ စာသင်ခန်းထဲတွင် တိုးတိတ်စွာ နေတတ်သူသာ ဖြစ်၏။ အခြားကျောင်းများမှ ဤကျောင်းသို့ ပြောင်းရွှေ့လာပြီးနောက် ကာလအတန်ကြာသည်အထိပင် သူ့ကို မည်သူကမျှ သတိကြီးကြီး မပြုမိအောင် နေနိုင်ခဲ့၏။ ဝင်းဝင်းနွယ်နှင့် သီဟာတို့ အတန်းထဲမှာ

အဆင့်'တစ်'ကို အပြိုင်ယူနေချိန်မှာ သူက အဆင့် '၃၀' ကျော်သာ အစဉ်ရသူဖြစ်၏။ [အခန်းထဲမှာ ကျောင်းသား ၇၀ နီးပါး ရှိပါသည်] ဝင်းဝင်းနွယ်နှင့် သီဟက ကျောင်းမှာ မသိသူမရှိသလောက် ကျော် ကြားလှချိန်မှာ သူ့အမည်ကိုမူ ကျောင်းသားအနည်းငယ်ကသာ မှတ် မှတ်ရရရှိကြသည်။ သို့တိုင်အောင် ထိုအထဲမှာ အချို့သော ကျောင်း သားများက သူ့အမည် 'ချမ်းငြိမ်း' ကိုငြိမ်းချမ်းဟုသာ ခေါ်နေခဲ့ကြ ၏။

အခြားကျောင်းသားများနှင့် မရောလွန်းသလို၊ အထီးတည်း လည်း မနေခဲ့သောသူသည် သာမန်ကျောင်းသားတစ်ယောက်မျှသာ ဖြစ်ခဲ့ပါသည်။ ဗန္ဓုလအသင်းမှ အလှည့်ကျ တံမြက်စည်းလှည်းပေးသူ၊ ဝါဆိုသင်္ကန်းဖိုးကို မော်နီတာက အော်မတောင်းခင် ပေးလေ့ရှိသူ၊ လေ့ကျင့်ခန်းစာအုပ်ကို သတင်းစာစက္ကူဖြင့်သာ အဖုံးဖုံးသူ။ ထိုသို့ဖြင့် သူသည် မည်သို့မျှ မထူးခြားသော ကျောင်းသားတစ်ယောက်အဖြစ် ငြိမ်ငြိမ် သက်သက်ပဲ ပညာသင်ကြားခဲ့သူ ဖြစ်လေသည်။

တစ်နေ့မှာတော့ အချို့သောကျောင်းသားများက သူ့ကို ထင်ထင်ရှားရှား သတိပြုမိသွားကြလေ၏။ ဝင်းဝင်းနွယ်သည်လည်း ထိုနေ့မှစ၍ သူ့ကို စေ့စေ့ကြည့်သွားဖြစ်လေသည်။

မြန်မာစာဆရာက သူတို့ထပ်ထားသော လေ့ကျင့်ခန်းစာအုပ်

များကို စစ်ဆေးနေချိန်တွင်ဖြစ်၏။ အခန်းဝသို့ လက်ထောက်ကျောင်းအုပ်ရောက်လာပြီး ဆရာ့ကို ပြောသည်။

"ဆရာ. . . ရုံးခန်းထဲမှာ ပညာရေးမှူးရုံးက ဧည့်သည်တွေ ရောက်နေတယ်၊ ကျောင်းသားတွေကို သင်ထားတဲ့လေ့ကျင့်ခန်း စာအုပ်တစ်အုပ်နဲ့အတူ ဆရာ ခဏလိုက်ခဲ့ပါ"

ဆရာက 'ဟုတ်ကဲ့' ဟုဆိုပြီး စစ်ဆေးနေသော လေ့ကျင့်ခန်း စာအုပ်များထဲမှ စာအုပ်နှစ်အုပ်ကို ဆွဲထုတ်လိုက်၏။ ကျန်သော စာအုပ်များကို မော်နီတာကို ခေါ်ပေးလိုက်သည်။ ထို့နောက် သူ ယူထားသော စာအုပ်နှစ်အုပ်ကို ထောင်ပြကာ. . .

"ကဲ. . . ဆရာသွားလိုက်ဦးမယ်။ လက်ရေးလှတဲ့ စာအုပ် နှစ်အုပ်ကို ဆရာယူသွားမယ် ဟုတ်လား။ တစ်အုပ်က ဝင်းဝင်း နွယ်ရဲ့စာအုပ်ပဲ၊ နောက်တစ်အုပ်က အင်း. . မောင်ချမ်းငြိမ်းတဲ့"

ထိုနောက် အခန်းအပြင်သို့ ဆရာထွက်ရန် ပြင်သောအခါ ရပ် စောင့်နေသော လက်ထောက်ကျောင်းအုပ်က 'တစ်အုပ်ဆို ရပါတယ် ဆရာ၊ လိုလိုမယ်မယ် ယူခိုင်းတာပါ' ဟု လှမ်းပြော၏။ ဆရာ့ခြေ လှမ်းတို့ တုံ့သွားကာ သူ့လက်ထဲမှ စာအုပ်နှစ်အုပ်ကို အပြန်အလှန် ငုံ့ကြည့် စစ်ဆေးလိုက်ပြီး. . .

"ရော့. . . ဝင်းဝင်းနွယ်. . . ၊ မောင်ချမ်းငြိမ်းက ညည်း ထက်

လက်ရေးလှသဟေ့. . ”

ဝင်းဝင်းနွယ်၏ စာအုပ်ကို ပြန်ပေးသွား၏။ သူ့စာအုပ်ကို ယူကာ ထွက်သွားသည်။ ဝင်းဝင်းနွယ်က ဆံပင်လေးများ သပ်တင်ရင်း ကျန်ရစ်ခဲ့သည်။ ခဏကြာမှ နံဘေးမှကျောင်းသားများနှင့် ခေါင်းချင်းဆိုင်၍ စကားတီးတိုးပြော၏။ ‘ချမ်းငြိမ်းဆိုတာ ဘယ်သူလဲ’ဟု မေးပုံရပါသည်။ ထိုသူငယ်ချင်းများကလည်း သိပုံမပေါ်ကြ။ နောက်တော့မှ သူ့ကိုသိသော ကျောင်းသူတစ်ဦး ညွှန်ပြလိုက်သည်။ ဝင်းဝင်းနွယ်က သူ့ဆီ လျှောက်လာလေသည်။

သူက ကွန်ပါချွန်ဖြင့် စက်ဝိုင်းတစ်ခုကို ရေးဆွဲနေချိန်ဖြစ်၏။

“ချမ်းငြိမ်း ငါ့ကို နင့်စာအုပ်တစ်အုပ်လောက် ခဏပြစမ်း ပါ”

“အေး. . . အံဆွဲထဲမှာ ကိုယ့်ဘာသာ ထုတ်ယူလိုက်ဟာ”

သူကမော့၍ပင် မကြည့်ဘဲ ပြောလိုက်သည်။ ဝင်းဝင်းနွယ်ထံမှ အေးမြသော သနပ်ခါးရနံ့က သူ့ဆီလွင့်ပျံ့လာသည်။ ဝင်းဝင်းနွယ်က သူ့သမိုင်းမှတ်စုစာအုပ်ကို ထုတ်ယူ၍ သူ့လက်ရေးကို ကြည့်သည်ဟု ထင်သည်။ [သေသေချာချာ မမှတ်မိ။]

ထိုစဉ် ဌေးမြင့်သိန်းက အသံသြသြကြီးဖြင့် ဝင်ပြောသည်။

“ဝင်းဝင်းနွယ်. . . ချမ်းငြိမ်းလက်ရေးကို လာကြည့်တာ လား၊ ကြည့်သွား. . . ကြည့်သွား. . ငါ့သူငယ်ချင်းက လက်ရေး သိပ်လှ

တယ်၊ နင်တို့ သီဟတို့ အဆင့်တစ်ကို ဘယ်လိုရရ လက်ရေးမှာတော့ ငါ့သူငယ်ချင်းကို ဘယ်လိုမှ ယှဉ်မရဘူး။ မှတ်ထား ဟဲ ဟဲ ဟဲ. . . ”

အခန်းရှေ့တွင် မောင်းချစားလေးဖြင့် ခဲတံချွန်နေသော သီဟက ဌေးမြင့်သိန်းကို လှမ်းကြည့်သည်။ ထို့နောက် အကြည့်က သူ့ဆီသို့ ရွေ့လာသည်။ သူကတော့ မသိချင်ယောင် ဆောင်ပြီး တွက်စရာရှိသည့် သင်္ချာကိုသာ ဆက်တွက်နေလေသည်။

ထို့နောက်မှစ၍ တစ်လျှောက်လုံး သိုသိပ်နေခဲ့သော သူ့ကျောင်းသားဘဝလေးအပေါ် မျက်လုံးပေါင်းများစွာ ဖြတ်သန်းပျံဝဲလာကြတော့၏။

မုန့်စားဆင်းချိန်များတွင် သူတို့ကျောင်းနှင့် မလှမ်းမကမ်းတွင်ရှိသော ခရစ်ယန်ဘုရားရှိခိုးကျောင်းကြီးရှေ့၌ သူတစ်ယောက်တည်း သွားထိုင်နေတတ်၏။ အရိပ်အေးအေးအောက်မှ စိမ်းမြသော မြက်ခင်းပေါ်တွင်လည်း မျက်လုံးအစုံကို မှိတ်၍ ငြိမ်းချမ်းစွာ လဲလျောင်းနေတတ်သည်။

ဤနေရာဘက်သို့ လူအသွားအလာ မရှိကြ၍ သူ့အတွက် အလွန် လွတ်လပ်လေသည်။ ရှင်းသန့်စင်ကြယ်သော ကောင်းကင်ကြီးကို ပေ့ါပါးစွာ ငေးကြည့်နေတတ်သည်။ ထိုသို့ပင် သူသည် နေ့ရက်ပေါင်းများစွာကို ပျောင်းညွတ်ကျေနပ်စွာ ဖြတ်သန်းလာခဲ့သူဖြစ်သည်။

သူ့ဘာသာ ရိုးစင်းလှသော နေထိုင်မှုသည် ကျန်လူများအတွက် အံ့ဩဖွယ်ရာ ဖြစ်နေကြောင်းကို တဖြည်းဖြည်းနှင့်မှ သူသိလာ ရခြင်း ဖြစ်၏။

တစ်နေ့မှာ ဒွေးမြင့်သိန်းက ပြောသည်။

"ဒီနေ့ ကျောင်းသူကျောင်းသားတွေအားလုံး ဘောလုံးပွဲ သွားကြည့်ရမယ်တဲ့ကွ၊ ပျော်စရာကြီး"

ထိုအခါကျမှ သူတို့ကျောင်းဘောလုံးအသင်း ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်ကြောင်း သူသိလေသည်။ မုန့်စားစောစောဆင်းပြီး ဘောလုံးကွင်းသို့ တစ်ကျောင်းလုံး သွားရောက်အားပေးကြရ၏။ သူသည် ကျောင်းသားအုပ်ကြီးထဲမှာ ရောနှော၍ ပါသွား၏။ ထို ဘောလုံးပွဲကို ရှေ့ဆုံးတန်းမှ သူထိုင်ကြည့်ခဲ့လေသည်။

ဘောလုံးပွဲက ကြည့်ကောင်းလှပေ၏။ နှစ်သင်းစလုံး ပညာ ရော ကြိုးစားမှုပါ ညီမျှကြသည်။ အပြန်အလှန် ထိုးဖောက်ကစား ကြရင်း ပရိသတ်များကို ကြိတ်မနိုင်ခဲမရ ဖြစ်စေ၏။ နှစ်သင်းစလုံး၏ တိုက်စစ်မှူးများကလည်း ထူးချွန်လှ၏။ [သူတို့ ကျောင်းအသင်းမှ တိုက်စစ်မှူးက သီဟဖြစ်သည်။]

အချိန်စေ့သည့်တိုင် နှစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပို ထပ် ကစားကြ၏။ အချိန်ပိုစေ့ကာနီးမှ တစ်ဖက်အသင်းမှ တစ်ဂိုး

ထပ်ရသွားကာ အနိုင်ရသွားလေသည်။ ဘောလုံးပွဲကြီးက တရုန်းရုန်း ဖြစ်နေတော့၏။

သူတို့ကျောင်းမှ ကျောင်းသူကျောင်းသားအားလုံး ဘောလုံးကွင်းမှ အပြန်တွင် မအီမသာဖြင့် ခံပြင်းမှုန်တေနေကြ၏။ ဆရာ/ဆရာမများပင် ထိုသို့ဖြစ်သည်။ ဘောလုံးပွဲအကြောင်းကိုပဲ အားမလို အားမရ ပြန်ပြော [ထိုအထဲမှာတော့ သူမပါချေ။] သူကတော့ သူ့ ထုံးစံအတိုင်း ရှင်းလင်းကြည်လင်စွာပင် ရှိ၏။

အားကစားဆရာက သူ့ကိုသတိထားမိပြီး မျက်လုံးကျယ်သွား၏။ 'မင်းက ဘောလုံးဝါသနာမပါဘူးထင်တယ်' ဟုမေး၏။ 'ပါပါတယ်'ဟု သူပြန်ဖြေသောအခါ တစ်ချက်စိုက်ကြည့်ပြီး လှည့်ထွက်သွားလေသည်။ ကျန်သူများကတော့ ထိုအချိန်မှာ သူ့ကို ဘာမှ မပြောအားကြ။ နောက်သုံးလေးရက်ကြာမှ ဝေဖန် သံတို့ တဖြည်းဖြည်းချင်း ပျံ့ထွက်လာသည်။

ပန်းချီဝါသနာပါသော မူမူ စ,ပြောခြင်းဖြစ်၏။ 'အဲဒီတုန်းက ချမ်းငြိမ်းကို မြင်လိုက်ရတာ ငါတော့ ဘောလုံးပွဲရှုံးတာကို မေ့သွားတယ်။ သူ့မျက်နှာကို ငြိမ်းအေးနေတာ စိတ်ချမ်းမြေ့စရာပဲ။ အံ တကြိတ်ကြိတ်နဲ့ ပူလောင်ခက်ထန်နေတဲ့ လူတွေကြားမှာ သူက ထင်းခနဲပဲ။ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်'

ထိုသို့သောစကားများကို မျက်လုံးလေးဝိုင်းပြီး မျက်နှာချင်းဆိုင် နားထောင်နေသူက ဝင်းဝင်းနွယ်ဖြစ်၏။ ဌေးမြင့်သိန်းတို့၊ ကျော် အောင်တို့က အခန်းထဲမှာ သူ့ကိုဝိုင်းမေးနေကြတော့လည်း ဝင်းဝင်း နွယ်က ကြားနေရ၏။ ဌေးမြင့်သိန်းက သူ့ကိုနားမလည် ဖြစ်နေလေ သည်။

"မင်းက ငါ့ဘေးမှာ ဘောလုံးပွဲကြည့်တာပဲ။ စိတ်ဝင်တစား ကြည့်တာလည်း ငါသတိထားမိတယ်၊ ဒါပေမယ့် ကိုယ့် ကျောင်းရှုံး တာကို မင်းဘာမှလဲ မခံစားရပါလား။ ဘာမှ မဖြစ်သလိုပဲ၊ ဘယ်လို ကြီးလဲဟ"

ပထမတော့ ဘာမှပြန်မပြောဘဲ သူ ရယ်၍သာ နေလိုက်သည်။ နောက်တော့ ကျော်အောင်တို့ကပါ 'အေးလေ ဟုတ်တယ်' ဘာညာ ဝင်ပြောကြသဖြင့် သူ ဖြေရလေသည်။

"ငါက ဘောလုံးပွဲပညာကိုပဲ အဓိကထားကြည့်တာကွ၊ အပေးအယူ၊ အလိမ်အခေါက်၊ အဖြတ်အတောက်. . အဲဒါတွေကို ဘယ်လိုလေ့ကျင့်ခဲ့ပြီး ဘယ်လိုအသုံးချသလဲ။ ဘယ်လို အခြေအနေ မှာ ဘယ်လိုလုပ်သလဲ အဲဒါတွေကိုပဲကြည့်တာ။ နှစ်သင်းစလုံးကို ငါအားပေးတယ်။ နိုင်တာရှုံးတာတွေကိုလည်း ငါမကြည့်ဘူး၊ မင်း တို့ကတော့ တို့အသင်းရှုံးလို့ မဖြစ်ဘူးဆိုတဲ့ ပူပင်သောကတွေနဲ့

ကြည့်ပြီး ဆွေ့ဆွေ့ခုန်နေကြတာကိုး။ အဲဒီလို ဘယ်ဟုတ်မလဲကွာ၊ မျှမျှတတ ကြည့်ရမှာပေါ့"

"အဲ. . "

ဒွေးမြင့်သိန်း အမ်းသွားစဉ် ကျော်အောင်က ဝင်ပြောသည်။

"အခုဟာက ငါတို့ကျောင်းအသင်းနဲ့ ကန်တာပဲ ငါတို့ကျောင်းဘက်က အားပေးရမှာပေါ့ဟ"

သူက ခေါင်းခါပြလိုက်သည်။

"ငါ့မှာ အဲဒီလိုမျိုးအစွဲတွေ မရှိဘူးကွ၊ ရှိတယ်ထားဦးတော့ကွာ၊ ငါတို့ကျောင်းကို ငါတို့ချစ်သလို သူတို့ကျောင်းကိုလည်း သူတို့ချစ်မှာပေါ့၊ အတူတူပါပဲ၊ ကိုယ်တို့ကမှ နိုင်ပြီး သူတို့ကျတော့ ရှုံးစေဆိုတဲ့ အယူမျိုးလည်း မရှိသင့်ပါဘူး"

"မင်းက တစ်မျိုးပါလား"

"ငါက ရိုးရိုးလေးဟ မင်းတို့က တစ်မျိုးဖြစ်နေကြတာ. . "

ထို့နောက် ရယ်ကြရလေတော့သည်။ သူက စကားနည်းသည့်အပြင် ငြင်းခုံလေ့လည်း မရှိသဖြင့် ဆွေးနွေးမှုက အကျယ်တဝင့် မဖြစ်လိုက်ကြပါ။ သို့သော် ထိုကိစ္စက ပြီးမသွားဘဲ အားကစားနည်းပြဆရာနှင့် ဆက်ပြောရသေး၏။ [ဘာမှမဟုတ်သော ကိစ္စလေးကလည်း တစ်ခါတစ်ခါ စကားအတော်ပြောရလေသည်]

နောက်တစ်နေ့မှာ အားကစားဆရာနှင့် သူနှင့်ရုံးခန်းထဲမှာ တွေ့ကြခြင်း ဖြစ်သည်။ လက်ရေးလှသည့် ကျောင်းသားနှစ်ဦး ရုံးခန်းမှာ စာကူရေးပေးပါဟု လာခေါ်သဖြင့် သူနှင့် ဝင်းဝင်းနွယ် ရောက်သွားကြသည်။

သူတို့နှစ်ယောက် စာထိုင်ရေးနေချိန်မှာ အားကစားဆရာက သူ့ကို ကျော်အောင်တို့၊ ဒွေးမြင့်သိန်းတို့ ပြောသလိုပင် လာပြောနေခြင်း ဖြစ်၏။ နံဘေးမှ ဆရာမတစ်ယောက်ကိုလည်း ခပ်ညည်းညည်း လေသံဖြင့် လှည့်ပြောလိုက်သေး၏။

"အဲဒါပါပဲ ဆရာမရဲ့၊ တချို့ကလေးတွေက 'အောင်ပွဲ' ရဲ့ တန်ဖိုးကို နားမလည်ကြဘူး"

ထိုသို့ဖြင့် အားကစားဆရာပြောနေသော စကားများထဲတွင် သူသည် တရားခံတစ်ယောက်လို ပါဝင်လာသည်။ ခပ်ညံ့ညံ့၊ ခပ်ပေါ့ ပေါ့ပြိုင်ပွဲတစ်ခုကို အောင်နိုင်စွာ ဖြတ်သန်းနိုင်ဖို့ အရေးတွင် ရပ်တည် ချက် ပြတ်သားသော ပရိသတ်တစ်ဦး အဖြစ်ပင် အားမပေးရဲသူ ထိုသို့ ဖြစ်လာသည်။

"ဒိုင်းက လက်တစ်ကမ်းရောက်နေပြီ ဆရာမရယ်၊ နိုင်အောင် ကန်ရမယ့်ပွဲ၊ မနိုင် နိုင်အောင် လုပ်ရမယ့်ပွဲ၊ ခုတော့. . . အင်း "

ထိုအချိန်မှာ သူနှင့်ခေါင်းချင်းဆိုင်၍ စာရေးနေသော ဝင်းဝင်း

http://www.cherrythitsar.org

နွယ်က မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး. . .

"ဒါနဲ့များ. . . ဆရာတို့ပြောပြောနေတော့ ယှဉ်ပြိုင်ခြင်း သာအဓိက၊ အရှုံးအနိုင်က သာမည. . ဆို. . "

"ဟော"

ထိုဆရာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ထို့နောက်မှ မျက်နှာကြီးညိုပုတ်ကာ အပြင်ထွက်သွားတော့၏။ သူနှင့် ဝင်းဝင်း နွယ်လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြိုင်တူ ရယ် လိုက်မိကြသည်။ [ဆရာမကပါ လိုက်ရယ်ပါသည်။] ဝင်းဝင်းနွယ်နှင့် သူလည်း ထိုထက်ပို၍ မရင်းနှီးခဲ့ပါ။ မည်သည့်စကားကိုမှလည်း အကျွမ်းတဝင် ပြောမနေခဲ့ကြ။ တစ်ခါတစ်ခါ သူ့ကို ငေးကြည့် နေတတ်သည့် ဝင်းဝင်းနွယ်၏ မျက်လုံးဝိုင်းကလေးများကိုတော့ သူ သတိထားမိခဲ့လေသည်။

အချို့နေ့များ၌ ကျောင်းသို့အချိန်စော၍ သူရောက်တတ် ပါသည်။ ထိုအခါမျိုးတွင် စာရေးခုံမှာထိုင်လျက် ရှင်းနက်နေသော ကျောက်သင်ပုန်းကြီးကို သူ မမှိတ်မသုန် စိုက်ကြည့်နေတတ်သည်။

ထို့နောက်တွင်တော့ စူးရှသော ဘဲလ်မြည်သံနှင့်အတူ ကျောက် သင်ပုန်းပေါ်မှာ အင်ဒီးစ်တောင်တန်းကြီးပေါ်၌ သစ်ပင်တွေ ကွေး ကွေးကိုင်းကိုင်း ပေါ်ပေါက်လာပြီး ဝုန်းဆို မီးတောင် (Volcano) ကြီး

များ ကွဲအက်ကာ ချော်ရည်ပူများ တအိအိ စိမ့်ပွက်လာ၏။ ထိုချော်ရည်ပူများထဲမှာ ရောဘက်အိုဝင်က သမဝါယမကျေးရွာကို ထူထောင်ဆဲ၊ ဟစ်တလာက ပိုလန်ကို ကန့်လန့်ကာခွဲကာ ဝင်ရောက်လာသည်။ ထိုသို့ဖြင့် အိုင်ဇက်နယူတန်ပေါ် ပန်းသီးကြွေကျပြီးသောအခါ အချုပ်တန်း ဆရာဖေက တေးထပ်တစ်ပုဒ်ရွတ်ပြ၏။

နောက်ဆုံး ဘဲလ်မြည်သံ စူးစူးဝါးဝါးအော်မြည်ပြီး စာသင်ခန်းထဲမှာ သူတစ်ယောက်တည်း ကျန်ခဲ့သောအခါ မျဉ်းကွေးမျဉ်းကောက်နှင့် အက္ခရာများ လိမ်ရှုပ်ထွေးနေသော ကျောက်သင်ပုန်းကို ဘောဖျက်ဖြင့် ပြန်ဖျက်၏။ ပြန်လည်ကြည်လင်ရှင်းနက်သွားသော ကျောက်သင်ပုန်းကို ငြိမ်သက်စွာဖြင့် သူ ထပ်ကြည့်နေခဲ့သည်။

ထိုသို့ဖြင့် စာသင်နှစ်နောက်ပိုင်းကျသော နေ့တစ်နေ့တွင် အတန်းပိုင်ဆရာမ၏ ပြောစကားတစ်ခွန်းကြောင့် အားလုံးက သူ့အပေါ် ငေးမော့ကြည့်ခဲ့ကြပြန်၏။

ဆရာမက ကျောင်းသားများကို အောင်စာရင်းကတ်ပြားများဝေ၏။ [သူကအဆင့် ၃၀ ကျော်မှာပဲဖြစ်၏။] ထို့နောက် ဆရာမက အခန်းရှေ့မှာ တည်တည်ကြည်ကြည်ရပ်ကာ. . .

"ဒီအခန်းမှာ အင်မတန်ထူးချွန်တဲ့ ကျောင်းသားသုံးယောက်

ရှိတယ်”

အဆင့်တစ်က သီဟလား၊ ဝင်းဝင်းနွယ်လားဟု သူကွဲပြားစွာ မသိလိုက်ချေ။ အဆင့်သုံးကိုလည်း မျိုးထွန်းနှင့် မိမိဝင်းမောင်တို့ နှစ်ယောက်အနက် တစ်ယောက်ယောက်က ရသည်ဟု ထင်သည်။ သို့သော်အခန်းထဲမှာ ပြောဆိုဝေဖန်နေကြသော စကားသံများအရ အဆင့် ၁၊ ၂ ရသူနှစ်ယောက်နှင့် ကျန်သူများက အမှတ်ကွာလွန်း ကြောင်းကို သူရိပ်မိ၏။

ယခု . ဆရာမက ထူးချွန်သော ကျောင်းသားသုံးယောက်ဟု ဆိုသောအခါ တစ်ခန်းလုံး နားစွင့်နေကြလေသည်။

“ဒီအခန်းထဲမှာ ထူးချွန်တဲ့ကျောင်းသားသုံးယောက်ရှိ တယ်။ ဒီသုံးယောက်ကို တခြားအခန်းက ကျောင်းသားတွေကလည်း မမီ ကြဘူး။ ဒီသုံးယောက်ထဲမှာ နှစ်ယောက်ကတော့ မင်းတို့သိတဲ့အတိုင်း သီဟနဲ့ ဝင်းဝင်းနွယ်ပဲ’

အားလုံးကငြိမ်သက်စွာ နားထောင်နေကြ၏။ ဆရာမက သီဟနှင့် ဝင်းဝင်းနွယ်ကို အကဲခတ်သလို တစ်ချက်ကြည့်ပြီးမှ ‘နောက် တစ်ယောက်ကတော့ ချမ်းငြိမ်းပဲ. . . ’

ကျောင်းသားများက သူ့ကို မယုံကြည်နိုင်သလို လှည့်ကြည့်ကြ ၏။ နံဘေးမှာရှိသော ဒွေးမြင့်သိန်းကလည်း သူ့ပခုံးကို တွန်းလှုပ်၏။

သူ့မျက်နှာကတော့ ဘာမှ မပြောင်းလဲခဲ့ပါ။

"ချမ်းငြိမ်းဟာ အမြဲတမ်းအဆင့် ၃၀ ကျော်တယ်။ အရည်အချင်းစစ် ကတ်ပြားမှာ (သင့်) ပေးရတဲ့ ကျောင်းသားပေါ့။ ဒါပေမယ့် သူ့မှာ လှို့ဝှက်ချက်တစ်ခုရှိတယ်။ ဆရာမကိုယ်တိုင်လည်း ဟိုတစ်နေ့ကမှ တခြားဆရာ၊ ဆရာမတွေနဲ့ စကားစပ်မိပြီး သိတယ်. . "

ဆရာမက စကားကိုခဏနား၏။ အားလုံးက သူ့စကားကို အတော်ကြီး စိတ်ဝင်စားနေသည်ကို မြင်ရမှ ကျေနပ်သွားဟန်ဖြင့် စကားကို ဆက်၏။

"ဆရာမရဲ့ ပထဝီဘာသာမှာ ချမ်းငြိမ်းဟာ ပုစ္ဆာအကုန် မဖြေဘူး၊ အမြဲတမ်းအမှတ် (၇၀) ဖိုးပဲဖြေတယ်၊ ဟိုတစ်နေ့က ရုံးခန်းထဲမှာ တခြား ဆရာဆရာမတွေက ပြောလို့သိရတာ။ ဒီအခန်းက ချမ်းငြိမ်းဟာ သူတို့ဘာသာတွေမှာ အမြဲတမ်း (၇၀) မှတ်ဖိုးပဲ ဖြေတယ်တဲ့. . "

အခန်းထဲမှာ စကားသံတို့ အုပ်ဆိုင်းဆိုင်း ထွက်ပေါ်လာသည်။ ဆရာမက လက်ကာပြရင်း ပြုံး၏။

"သူမဖြေဘဲ ချန်ထားတဲ့ (၃၀) ဖိုးက အလွယ်ဆုံးပုစ္ဆာတွေ ချည်းပဲ"

ထို့နောက် ဆရာမက ကျန်ကျောင်းသားများကိုလည်း ကြိုးစားကြရန် တိုက်တွန်းသည်။ ထိုစကားတို့ကိုတော့ ကျောင်းသားများက

http://www.cherrythitsar.org

သိပ်စိတ်မဝင်စားကြတော့ချေ။ သူနှင့်ပတ်သက်သော ဝေဖန်ချက်များကိုသာ တီးတိုး ပြောဆိုနေကြတော့၏။

ဆရာမထွက်သွားပြီး ကျောင်းစာအုပ်တစ်အုပ်ကို သူ ထုတ်ဖတ်နေချိန်မှာ သီဟရောက်လာ၏။

"ချမ်းငြိမ်း"

သူ မော့ကြည့်လိုက်၏။ သီဟက သူ့ကို စူးစူးကြည့်ပြီး လက်ကမ်းပေးသည်။ သူကလည်း အေးအေးဆေးဆေးပဲ ပြန်လည် လက်ဆွဲနှုတ်ဆက်လိုက်သည်။ မျက်လုံးပေါင်းများစွာက ဝိုင်းကြည့်နေပြီး ထိုအထဲတွင် ဝိုင်းစက်လှပသော မျက်လုံးလေးတစ်စုံလည်း ပါဝင်လေသည်။

(၂)

သူ၏အခန်းသည် အစစအရာရာ ကင်းရှင်း တိတ်ဆိတ်နေသော အခန်းဖြစ်သည်။ အပြာရောင်ဆေးသုတ်ထားသည်က လွဲ၍ အခြား မည်သည့်အဆင်အယင်မျှ မရှိချေ။

သူ့ခေါင်းရင်းနံရံတွင်မူ သချ်ာကိန်းတန်းတစ်ခုကို ရေးထိုးထား၏။ မည်သည့်အဓိပ္ပာယ်ဖြင့် သူရေးထိုးထားသည်ဟုတော့ မည်သူကမျှ မသိကြချေ။ မေးသူလည်း သိပ်မရှိလှသည့်အပြင် မေးသူတိုင်းကိုလည်း သူ မဖြေခဲ့၍ ဖြစ်သည်။ ငယ်စဉ်က ဉာဏ်စမ်းသချ်ာလေး တစ်ပုဒ်ကို ပြင်းထန်တက်ကြွစွာ ဖြေဆိုလိုက်မိသည်၏ နောက်ပိုင်းမှာ ဤကိန်းတန်းကို သူ ရေးထိုးခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်ပိုင်းမှာပင်

http://www.cherrythitsar.org

လောကနှင့် ပတ်သက်သည့် ရှင်းလင်းသော အမြင်တစ်ရပ်ကို သူ ရခဲ့လေသည်။

ထိုစဉ်က သူငယ်ချင်းတစ်ယောက် တွက်မရသော သင်္ချာ ဉာဏ်စမ်းပုစ္ဆာတစ်ပုဒ်ကို အိမ်သို့ ယူလာကာ သူတွက်ခြင်း ဖြစ်၏။ သူ့သူငယ်ချင်းက လက်လျှော့လိုက်ရလောက်အောင်ကို ပုစ္ဆာက လည်း ခက်လေသည်။ သူကြိုးစား ဂရုစိုက်၍ တွက်ရင်း ရှုံချင်ချင် ဖြစ်ခဲ့ရပါသည်။ မည်သို့မျှ တွက်မရခဲ့။ သို့သော် သူကလည်း အရှုံး မပေးခဲ့။

ထိုသို့ဖြင့် ထိုပုစ္ဆာကြီးကို တစ်လနီးပါး အချိန်ပေးတွက်ချက်ခဲ့ ရပြီး နောက်ဆုံးမှာ အဖြေထွက်အောင် သူတွက်လိုက်နိုင်သည်။ ထွက်လာသော အဖြေကိုကြည့်ပြီး သူ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရပြန်သည်။

ထိုပုစ္ဆာကြီးတွင် ကိန်းဂဏန်းများကို အမျိုးမျိုး ပြဋ္ဌာန်း ထိုးကျွေး ထား၏။ မေးခွန်း၏ အလှည့်အကွေ့ကလည်း သပွတ်အူ ဆန်လွန်းလှ ပါသည်။ ထိုပုစ္ဆာကြီးကို ခံစားချက်များစွာဖြင့် သူရင်းနှီးတွက်ချက် ခဲ့ရပြီး နောက်ဆုံးရရှိလိုက်သည့် အဖြေမှန်က [သုည] ဖြစ်သည်။

ဒါများကွာ. . . ဟု ညည်းတွားပြီး နံရံကိုပင် သူဆောင့်ကန် လိုက်မိသေးသည်။ ခုတင်ပေါ်မှာ မောပန်းလှဲလျောင်းရင်း ထိုပုစ္ဆာကြီး

http://www.cherrythitsar.org

သူကြီးစားအဖြေရှာနေရစဉ်က အခါခါဖြစ်ခဲ့ရသည့် ခံစားချက်များကို ပြန်မြင်ယောင်ကာ တစ်စုံတစ်ရာကို နာကြည်းလာမိ၏။

ထိုရက်ပိုင်းအတွင်းမှာပင် လောကကြီးကလည်း ဒီပွဲစွာကြီးလို ပါပဲလား ဟူသောအတွေးကို သူ ရလာ၏။ ဆန့်ကျင်ဘက်တို့ဖြင့် ကုပ်သပ်ရံခွကာ တည်ဆောက် ထောင်မတ်ပြထားသည့် လောကကြီး သည် ရုပ်ဖျက်ထားသည့် 'မာယာ'သာ ဖြစ်သည်။ ပျော်ရွှင်ခြင်း၊ ဝမ်း နည်းခြင်း၊ ချစ်ခင်ခြင်း၊ မုန်းတီးခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသည် တို့ အားပြိုင်မှုများကြားမှ မရှိသည်တို့ကို ရှိသည်ဟု ထင်လာရအောင် မျက်လှည့်ပြနေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် သူ၏ ခေါင်းရင်းဘက် နံရံတွင် [A + B + C - A - B - C = 0] ဟူသည့်ကိန်းတန်းကလေးကို ရေးလိုက်၏။ ဘာကိုမှ ယုံကြည်စရာမရှိသော လောကကြီးထဲမှာ ဘာကိုမှလည်း တမ်းမက်တွယ်တာမှု သူမထားတော့ချေ။

ထို့သို့ဖြင့် သူ့ဘဝမှာ တည်ငြိမ်အေးချမ်းလာ၏။ သာမန် ကျောင်းသားတစ်ယောက်အဖြစ်နှင့်ပဲ တက္ကသိုလ်မှ သာမန်ဘွဲ့ တစ်ခု ကို ယူခဲ့၏။ ပုံမှန်စီးပွားရေးတစ်ရပ် အနေနှင့် ပန်းချီပြခန်း တစ်ခုကို ဖွင့်ထား၏။ တစ်ခါတစ်ခါမှာတော့ သူ့အဖေ၏ အဆောက်အဦ ကန်ထရိုက်လုပ်ငန်းကို အဖေ့ကိုယ်စား ဝင်ရောက် အုပ်ချုပ်ပေးရ တတ်သည်။ ရှုပ်ထွေးလှသော ထိုအလုပ်များကလည်း သူ ကိုင်တွယ်

လိုက်လျှင် ရှင်းလင်းစွာ ပြီးဆုံးသွားကြသည်ပဲ ဖြစ်သည်။ အချို့သော လုပ်ဖော်ကိုင်ဖက်များက သူ့ကို အရမ်းအံ့သြကြလေသည်။]

သူက ကိုယ်ကိုယ်ကိုယ် လေထဲမှာမျောနေသည် ဆပ်ပြာပူဖောင်းလေးတစ်လုံးပဲ သဘောထားသူဖြစ်သည်။ ရှင်းလင်းပေါ့ပါး၏။ တိတ်ဆိတ်ငြိမ်သက်၏။ လျှပ်တစ်ပြက်အတွင်း ကွယ်ပျောက်သွားမည့်သူပဲ ဖြစ်သည်။ သူ့ထံမှာ မည်သည့်အရာမှ စွန်းငြိတွယ်ကပ်၍ ပါမလာခဲ့ပါချေ။ နက်ရှိုင်းသော ဘဝအမြင်တစ်ခုကို ပိုင်ဆိုင်ခဲ့ပြီး ဖြစ်၍ သူ့အတွက် တခြား ပိုင်ဆိုင်စရာလည်း ဘာမှမလိုအပ်တော့. . . ။

သူသည် လွတ်လပ်၏။ အချည်အနှောင် ကင်းမဲ့၏။ တုန်လှုပ်ချောက်ချားမှု ကင်းမဲ့၏။ လောဘကြီးကို ထိုကို သူဖြတ်သန်းခဲ့လေသည်။

တစ်ခါတော့ လမ်းထဲမှ မိတ်ဆွေတစ်ယောက်နှင့် ကိုကာကိုလာထိုင်သောက်ရင်း စကားတစ်ခွန်းပြောခဲ့၏။ နောက်ပိုင်းမှာတော့ ထိုစကားကို မည်သူ့မှ မပြောမိချေ။

ထိုစဉ်က သူမိတ်ဆွေသည် စီးပွားရေးလုပ်ငန်းများထဲ မောဟိုက်စွာ ကူးခတ်နေသူဖြစ်သည်။ လုပ်ငန်း၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုအခြေအနေများ၊ ကြိုးစားမှုထပ်ဆင့် တည်ဆောက်မှုအတိုင်းအတာများကိုလည်း ခန့်ညားဟီးမားစွာ အေးဆေးစွာပဲ နားထောင်နေ

ခဲ့၏။

သူမိတ်ဆွေက ထိုအပင်ပန်းခံခဲ့မှုများကို ဂုဏ်ယူဝင့်ကြွားစွာ ညည်းညူပြပြီးနောက် သူ့ကို တစ်ချက်ကြည့်ကာ 'ခင်ဗျားလို နေချင် စမ်းပါဘိဗျာ' ဟု ပြော၏။ အသံက လှောင်ပြောင်သရော်သံ ဖြစ်သည်။ သူ့ကို နေစိမ့်သူ၊ မလေးနက်သူ၊ အပူအပင်ကင်းသူဟူ၍ သတ်မှတ်ထားသော လေသံဖြစ်သည်။ သူ စိတ်မဆိုးပါ။ မိတ်ဆွေ ပြောနေသည်များကိုသာ ပြုံးလဲ့လဲ့ ဖြင့်နားထောင်နေခဲ့၏။

အတော်ကြာမှ မိတ်ဆွေက မောပြီးစကားပြောရပ်သွား သည်။ ကိုကာကိုလာကို ကုန်အောင်သောက်သည်။ ဟူးခနဲ လေပူကြီးတစ်ချက် မှုတ်ထုတ်ကာ အဝေးကို ငေးနေတော့၏။ ထိုအခါကျမှ သူက. . .

"ဒီလောဘကြီးကို မလွှဲသာဘဲ ဖြတ်သန်းနေရသမျှမှာ ကျွန်တော်ဟာ ဥပဒေသလေးတစ်ရပ်ကို လက်ကိုင်ထားတယ် ဗျ။ 'ဝင်သက်ထွက်သက် ဥပဒေသ' လို့ဆိုကြပါစို့ဗျာ. . "

မိတ်ဆွေက ကြောင်အမ်းအမ်းမျက်နှာထားဖြင့် သူ့ကို လှည့်ကြည့်သည်။ သူက မိတ်ဆွေကို မကြည့်ဘဲ ဆက်ပြောလိုက်၏။

"လူတွေအသက်ရှူကြတဲ့အခါ ဘယ်သူမှ အင်ကြီးအားကြီး စိုက်ထုတ်ပြီး မရှူကြဘူးဗျ။ ပုံမှန် အားလေးတစ်ရပ်နဲ့ပဲ ဘာသိဘာသာ

ရှုသွားကြတာ။ အဲဒီလိုပဲ ကျွန်တော်လည်း ဘဝမှာ အင်ကြီးအားကြီး ပုံအောစိုက်ထုတ်ပြီး မနေခဲ့ဘူး။ သဘာဝကျကျ လည်ပတ်နေတဲ့ ရစ်သမ်တွေ အချိုးအစားပျက်သွားအောင် ဘာကိုမှ မလုပ်ခဲ့ဘူး။ ဘယ်အလုပ်အတွက်မဆို ကျွန်တော်ပေးတဲ့ 'အား' က အသက်ရှုတဲ့ နေရာမှာ ပေးထားတဲ့ 'အား' လောက်ပါပဲ။ Forceless Force ပေါ့ဗျာ။ အဲဒီလို ရပ်တည်တာ ဘယ်လောက်မှန်ကန်ပြီး အဲဒီလို မရပ်တည်မိရင် ဘယ်လောက် အန္တရာယ်များတယ်ဆိုတာကိုတော့ ကိုယ်တိုင် ခံစားရမှ ခင်ဗျားသိနိုင်မယ်။ အဲဒါကတော့ ကျွန်တော့်ဥပဒေသရဲ့ ပထမအချက်ပေါ့ဗျာ"

သူ့စကားများကြောင့် သူ့မိတ်ဆွေ၏ မျက်လုံးတို့က ပြုံးထွက်လာ၏။ ပါးစပ်ကြီးလည်း ဟနေလေသည်။

"ဒုတိယအချက်ရှိသေးတယ်။ လူတွေဟာ ဝင်သက်ထွက်သက်တွေ အများကြီး ရှုရှိုက်ခဲ့တယ်။ နောက်ထပ်လည်း အများကြီး ရှုရှိုက်ရဦးမယ်။ ပင်ပန်းလိုက်တာ၊ ရင်မောစရာကြီးပါလားလို့ ဘယ်သူကမှ မတွေးကြဘူးလေ။ အဲဒါ မှန်တယ် အခုရှုရမယ့် ဝင်သက်ကို ရှုတယ်၊ ပြီးရင် ပြန်ထုတ်တယ်၊ နောက်ရှုတယ်၊ ပြီး. . ထုတ်တယ်၊ လုပ်ရမယ့်အချိန်မှာ လုပ်စရာရှိတာကိုပဲ လုပ်လိုက်တယ်။ ပြီးခဲ့တာတွေကိုလည်း မတွေးဘူး။ မရောက်သေးတဲ့အချိန်ကိုလည်း မပူပင်ဘူး။

ကျွန်တော်ဟာ ဘာကိုပဲလုပ်လုပ်၊ ဒီသဘောအတိုင်းလုပ်တယ်။ အလုပ်တစ်ခုကို ဝင်သက်နဲ့ ရှူပြီး ထွက်သက်နဲ့အတူ ပြန်ထုတ်လိုက်တယ်။ ကျွန်တော့်မှ ဘယ်လို လေးလံဖိစီးမှုမှ မရှိဘူး။ကျွန်တော့် စိတ်ထဲမှာ လက်ရှိအချိန်နဲ့လက်ရှိ အလုပ်ကိုပဲ ယူထားပြီး အဲဒါတွေ မရှိတာနဲ့ ဘာမှမရှိတော့ဘူး။ ခင်ဗျား နားလည် လွယ်ဖို့ အနီးစပ်ဆုံး စကားလုံးပေးရမယ်ဆိုရင်တော့ Now & Here ပေါ့ဗျာ"

ထို့ထက်ပို၍ ဘာကိုမှ သူ. . မပြောလိုက်။ စကားဝိုင်းက အတန်ကြာ ငြိမ်သက်သွားသည်။ ထို့နောက်မှ မိတ်ဆွေက 'ဆောရီး' ဟုဆိုကာ သူ့ကို လက်ဆွဲနှုတ်ဆက်သည်။ ထိုလက်ဆွဲ နှုတ်ဆက်မှုကြောင့် ထိုညက သူ. . သီဟာအကြောင်း စဉ်းစားဖြစ်လေသည်။

ဆယ်တန်းစာမေးပွဲ ဖြေရခါနီး အထက်တန်းကျောင်းမှာ နောက်ဆုံးနေခဲ့ရသောနေ့က သူကို ကျော်အောင်က စကားတစ်ခွန်းပြောသည်။

"ငါ. . . ဒီကျောင်းမှာ တက်တာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ လူနှစ်ယောက်ကို တွေ့ခဲ့တယ်။ အဲဒီနှစ်ယောက်မှာ တစ်ယောက်ကတော့ မင်းပဲ ချမ်းငြိမ်း"

ထိုသို့ ပြောပြီး သူတို့ လူချင်းကွဲသွားကြသည်မှာ ယနေ့ထက်တိုင်ဖြစ်၏။ [တက္ကသိုလ်သို့လည်း ကျော်အောင် ရောက်မလာခဲ့]

ကျော်အောင် ရည်ညွှန်းသွားသော စိတ်ဝင်စားစရာ လူနှစ်ယောက် အနက် ကျန်တစ်ယောက်မှာ 'သီဟ' ဖြစ်လေသည်။

သီဟသည် လူလတ်တန်းစား မိသားစုတစ်ခုမှာ ကြီးပြင်းလာသော လူတော်တစ်ယောက် ဖြစ်သည်။ ငယ်စဉ်ကတည်းက 'ဓား' များကို အလွန်မြတ်နိုးတတ်သည်ဟု တစ်စွန်းတစ်စ ကြားရဖူး၏။ သီဟကငယ်စဉ်က ပွဲဈေးတန်းသွားတိုင်း ဓားကို ပူဆာတတ်ကြောင်း ဘဝမှာ အခက်အခဲ တစ်စုံတစ်ရာတွေ့လျှင် စားပွဲပေါ်မှ ဓားမြှောင် တစ်လက်စိုက်ပြီး ကြည့်ငေးကာ အတွေးနယ်ချဲ့တတ်သော၊ ကွန်ဖူးသင်တန်းတစ်ခုမှာ ဓားပေါက် ပထမဆု ရဖူးသော၊ ကိုယ်တိုင်လည်း ဓားတစ်လက်လို ထက်မြက်သော သီဟသည် အထက်တန်းကျောင်းကို အောင်မြင်ပြီးသောအခါ စက်မှုတက္ကသိုလ်သို့ ရောက်သွားလေသည်။

ဘောလုံးကိုတော့ တစိုက်မတ်မတ် ဆက်ကန်ဖြစ်ပြီး ယခုအခါ ကျော်ကြားသော နိုင်ငံလက်ရွေးစင်ဘောလုံးသမားပင် ဖြစ်နေလေပြီ။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် သူတို့ ငွေးမြင့်သိန်းတို့ ရှိနေခိုက် သီဟတို့ မကြာခဏ လာလည်တတ်သည်။ သီဟနှင့် ပါလာသောလူများမှာ အောင်ခိုင်၊ မောင်မောင်သန်း စသည့် ဘောလုံးဂျပိုးများ ဖြစ်ကြ၏။ သူငယ်ချင်းများ နောက်ပြောင် ဆူညံနေကြပြီဆိုလျှင် သူက ခပ်လှမ်း

လှမ်းမှ ပြုံးရယ် ရပ်ကြည့်နေခဲ့၏။ အထက်တန်းကျောင်းမှ လုံးဝ မရင်းနှီးခဲ့သော သီဟက သူ့ကို အမြဲတမ်းပင် ပြုံးရယ် နှုတ်ဆက်သွား တတ်၏။

သီဟသည် သူ့ရဲကောင်းစိတ်ထားရှိသည့် လူငယ်တစ်ယောက် ဟု နားလည်သည်။ သီဟကို ကြည့်သည်မှာ ရှေးခေတ် ဂျပန်ပြည်မှ ဆာမူရိုင်းတစ်ယောက်ကို ကြည့်ရသလိုလည်း ရှိ၏။ အကြောင်းအရာ တစ်ရပ်ပေါ် လေးနက်တည်ကြည်စွာ စဉ်းစားနေသည့်အခါ ထက် မြက်သော ဓားတစ်လက်ကို ကြည့်မြင်ရသည်နှင့်လည်း တူပါ၏။ တစ်ခု သတိထားမိသည်က စက်မှုတက္ကသိုလ်မှာ ကျောင်းစာ၊ ဘော လုံး စသည်တို့ဖြင့် နာမည်ကြီး လှသော သီဟသည် ရည်းစား လုံးဝ မရှိခဲ့ချေ။ [ဝင်းဝင်းနွယ်ကို ကြိတ်ချစ်နေသည်ဟု အချို့က ပြောကြ သည်။]

သူ. . . ကျောင်းပြီးသွားသောအခါ သီဟနှင့် မတွေ့ဖြစ်တော့ ပါ။ သီဟကလည်း ရည်ရွယ်ချက်ကြီးမားပြီး အလွန်ကြိုးစားသူ ဖြစ်သဖြင့် အားလပ်လည်ပတ်ချိန် နည်းပါးလှပါသည်။ တစ်ခါမှတော့ အမျိုးသားစာကြည့်တိုက်ပေါ် မှ သူဆင်းအလာတွင် သီဟနှင့် ပက်ပင်း တိုး၏။ သူ့ပခုံးကို ရင်းနှီးချစ်ခင်စွာ ပွေ့ဖက် နှုတ်ဆက်ရင်း 'ဝင်းဝင်း နွယ်နဲ့ တွေ့ဖြစ်သေးလား' ဟု မေး၏။ (ဘာကြောင့်မေးမှန်း သူမသိ

ချေ။) 'ဟင့်အင်း မတွေ့ပါဘူး' ဟု ပြန်ဖြေရင်း ကိုယ့်ကိစ္စနှင့်ကိုယ် လူချင်း ခွဲကြရ၏။

ထိုမှ တစ်လခန့်အကြာတွင် မမျှော်လင့်ဘဲ ဝင်းဝင်းနွယ်နှင့် တွေ့ရလေသည်။ ဆယ်တန်းအောင်ပြီးကတည်းက ဤတစ်ခါပဲ တွေ့ခြင်း ဖြစ်၏။ ဘာစကားမှလည်း မည်မည်ရရ မပြောဖြစ်ပါ။ ဝင်းဝင်းနွယ်က ကျောင်းကားပေါ်မှာဖြစ်ပြီး သူက လမ်းပေါ်မှာ ဖြစ်၏။ မီးပွိုင့်မှာ ကျောင်းကားရပ်ထားရစဉ် လမ်းဘေးမှာ လျှောက်နေသော သူ့ကို ဝင်းဝင်းနွယ်က စတင်မြင်ခြင်း ဖြစ်သည်။

"ချမ်းငြိမ်း"

လှည့်ကြည့်လိုက်မိတော့မှ ဆေးတက္ကသိုလ် ကြိုပို့ကျောင်းကား ပေါ်မှာ လှပစွာရှိနေသည့် ဝင်းဝင်းနွယ်ကို သူ တွေ့လိုက်သည်။ လက် ထဲမှာ ပန်းသီးတစ်လုံးကိုင်ထားလျက်က သူ့ကို ချစ်စဖွယ် ပြုံးပြ လေသည်။

သူက ပြန်လည်ပြုံးပြပြီး ပန်းသီးကလေးကို လက်ဝါးဖြန့်ကာ တောင်းဟန်ပြု၏။ ဝင်းဝင်းနွယ်က ရယ်မောပြီး လှမ်းပစ်ပေးလေ သည်။ သူက နောက်ပြီး တောင်းခြင်း ဖြစ်သည်။ ပြန်ပေးမည်ပြုလုပ် သောအခါ ဝင်းဝင်းနွယ်၏ လက်ထဲမှာ နောက်ထပ် ပန်းသီးတစ်လုံး ရောက်နေပြီ ဖြစ်သည်။ သူနှင့် ဝင်းဝင်းနွယ်လည်း တစ်ယောက်

မျက်နှာ တစ်ယောက် ကြည့်ပြီး ရယ်ဖြစ်ကြသေးသည်။ ထိုစဉ်မှာပဲ မီးပွိုင့်စိမ်းပြီး သူတို့ကျောင်းကား မောင်းထွက်သွားပါတော့သည်။

ထိုနောက်ပိုင်းမှာတော့ ဝင်းဝင်းနွယ်နှင့်မှ မဟုတ်ဘဲ မည်သူနှင့်မှ မတွေ့ဖြစ်တော့ချေ။ သူဖွင့်လှစ်ထားသော ပန်းချီပြခန်းလေးထဲမှာပဲ သူ့ဘဝကို ကွယ်အုပ်ထားလိုက်၏။ သို့သော် ငွေးမြင့်သိန်းက ရအောင်လိုက်လာသည်။ သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။ ဟိုအကြောင်း သည်အကြောင်း ဆွေးနွေး ပြောဆိုကြသည်။ များသောအားဖြင့် ငွေးမြင့်သိန်းက ပြောပြီး သူက နားထောင်နေသည်ပဲ ဖြစ်၏။

တစ်ခါက သူ့အခန်းထဲမှ အင်္ဂလိပ် မြန်မာစာအုပ် အများအပြား စုပုံရောက်ရှိခဲ့ဖူး၏။ သမိုင်းစာအုပ်၊ ဒဿနစာအုပ်၊ မနုဿဗေဒစာအုပ်၊ နက္ခတ်ဗေဒင်စာအုပ်၊ အနုပညာစာအုပ်၊ စိတ်ပညာစာအုပ် စသည်ဖြင့် စုံလင်လှသည်။ နေ့တိုင်း သူစာဖတ်သည်။ [မည်သည့် စာအုပ်ကိုမှ ဆုံးအောင် မဖတ်ခဲ့] မလိုအပ်တော့သော စာအုပ်များကို အခန်းပြင်သို့ ပို့ထားရင်း အခန်းထဲမှာ စာအုပ်တွေပါးသွား၏။ နောက်ဆုံးတော့ တစ်အုပ်မှ မကျန်တော့ဘဲ အခန်းထဲမှာ ရှင်းလင်းငြိမ်သက်သွားသည်။ ထိုနေ့မှာ ပရက်စလေ၏ တေးသွားတစ်ပုဒ်ကို တိုးတိုးဖွင့်ရင်း နှစ်နှစ်ခြိုက်ခြိုက် သူ အိပ်ပျော်သွားခဲ့လေသည်။

http://www.cherrythitsar.org

သူ့ဘဝသည် မည်သို့မှ မပြောင်းလဲခဲ့။ ပြောင်းလဲမည်ဆိုလျှင် ပြောင်းလဲစရာတွေ ကြုံခဲ့ပါ၏။ သို့သော် သူက မပြောင်းလဲသဖြင့် အရာရာသည် သူ့ကို ထားခဲ့ပြီး သူတို့ဘာသာ ပြောင်းလဲသွားခြင်း ဖြစ်လေသည်။ သူကား ငြိမ်းချမ်းစွာ ကြွင်းကျန်ရစ် ၏။ သုညလေး တစ်လုံးပမာ တိတ်ဆိတ်စွာ ရှိနေ၏။ သူ့ကို ထားခဲ့ပြီး လမ်းပေါ်မှာ တွေ့ပတ်ချီတက်နေသော တစ်၊ နှစ်၊ သုံး၊ လေးတို့ကို ကြည်လင် အေးချမ်းစွာ ငေးကြည့်ပြီး ကျေနပ်စွာ နေရစ်ခဲ့၏။

ထိုသို့ဖြင့် ကုန်လွန်ခဲ့သော ရက်ပေါင်းများစွာကို မျှောလွင့်နေ သည်။ ဆပ်ပြာပူပေါင်းလေဟာ ပေါ့ပါးလွတ်လပ်စွာ သူ ဖြတ်သန်းခဲ့ လေသည်။

လှပသော နံနက်ခင်းတစ်ခု၌ ခြံထဲမှ ပန်းပင်များကို သူလိုက် ကြည့်နေစဉ် ဒွေးမြင့်သိန်း ဝင်လာ၏။

“ချမ်းငြိမ်း. . . အပြင်သွားရအောင်ကွာ”

“ဘယ်လဲ” ဟု မမေးဘဲ သူ ထွက်လိုက်ခဲ့၏။ လမ်းမှာ ဒွေးမြင့် သိန်းက ပြောသည်။

“ငါ. . . မနေ့က အောင်ခိုင်တို့၊ မောင်မောင်သန်းတို့နဲ့ တွေ့ တယ်၊ တော်တော်လေးကြာအောင် စကားပြောဖြစ်ကြတယ်။ သီဟ အကြောင်းကြားရတာ မကောင်းဘူးကွာ”

'အင်း'

သူတို့ချင်း မပြေလည်ကြဘူးကွ၊ တွဲတုန်းက အရမ်းတွဲခဲ့ကြတဲ့ ကောင်တွေလည်း အခု ခွာပြဲကုန်ပြီ။ ဒါပေမယ့် သီဟက တစ်အုပ်စု လုံးမှာ ဘယ်သူနဲ့မှ မတည့်တော့ဘူးကွ။

"အင်း"

"ငါတို့က အနေဝေးတော့ သိပ်မသိဘူးပေါ့ကွာ။ သူတို့ချင်း ကျတော့ အတွင်းသိဖြစ်နေတာကိုးကွ။ သီဟက အတော် လူလည် ကျတဲ့ကောင်ပဲ။ အချင်းချင်းကိုလည်း ကျော်နင်းပြီး တက်သွားတာ တွေ အများကြီးပဲ၊ ဒီကောင် မကောင်းဘူးကွာ"

အောင်ခိုင်တို့ မောင်မောင်သန်းတို့က သီဟနှင့် ဘောလုံး ကန်ဖော်ကန်ဖက်များ ဖြစ်၏။ သူတို့တွေ အတူကြိုးစားခဲ့ကြခြင်း ဖြစ်သည်။ ယခုတော့ သီဟက နိုင်ငံတကာကစားပွဲများတွင် တိုင်း ပြည်ကိုယ်စားပြုပြီး သွားကစားနေရပြီ ဖြစ်သည်။ စင်ကာပူမှ ပြန် လာသည်ပင် မကြာသေးဟု သိရသည်။ အောင်ခိုင်တို့ မောင်မောင် သန်းတို့က အစပိုင်း၌ သီဟနှင့်မတိမ်းမယိမ်း ထူးချွန်ကြသော်လည်း နောက်ပိုင်းမှာ ပြုတ်ကျန်ခဲ့သည်။ ယခု သူတို့က ပထမတန်း ကလပ် သင်းများတွင် ကစားနေကြလေသည်။

ထို့နောက် စကားလမ်းကြောင်းက ပြောင်းသွားသည်။

"မိုးကောင်းဘုရားပွဲကို မင်းသွားလိုက်စမ်းပါ"

"ဘာဖြစ်လို့လဲ"

လပြည့်ညကျရင် အဲဒီပွဲခင်းထဲက 'ဆုံဆည်းရာ' ဆိုတဲ့ လက်ဖက်ရည်ဆိုင်မှာ တို့အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတွေ အားလုံးလိုလို ပြန်ဆုံကြမယ်တဲ့။ အဲဒီ လက်ဖက်ရည် ဆိုင်ကလည်း မူမူတို့ ဖွင့်တဲ့ဆိုင်တဲ့။

သူတို့၏ အထက်တန်းကျောင်းသည် မိုးကောင်းဘုရား အနီးတွင် ဖြစ်၏။ မိုးကောင်းဘုရားမှာ ပွဲတော်လုပ်လျှင် ကျောင်းသားများ သိပ်ပျော်ကြ၏။ ကျောင်းချိန်အတွင်း ခိုးခိုးသွားကြရသော ပျော်စရာရင်ခုန်စရာဖြစ်၏။ ယခု မိုးကောင်းဘုရားပွဲ ကျင်းပနေပြီ ဖြစ်သည်။ သူ စဉ်းစားနေသည်။

"လူစုံလိမ့်မယ်ကွ၊ ဝင်းဝင်းနွယ်တို့လည်း. . ."

ဒွေးမြင့်သိန်း ဘာဆက်ပြောမှန်းပင် သူမသိလိုက်ချေ။ ပခုံးစွန်းခါခနဲဖြစ်ပြီး နောက်သို့ ယိုင်သွားသည်။ ကိုယ်ကို ထိန်းပြီး ပြန်ကြည့်လိုက်သောအခါ မူးယစ်ဆေးဝါး မှီဝဲထားပုံရသော ကုလားဒိန်တစ်ယောက်ကို တွေ့ရ၏။ ကုလားဒိန်က သူ့ကို မျက်လုံးမှေးစင်းကြည့်ပြီး. . .

"ဘာလဲ ဟေ့ကောင်"

သူက ဘာမှ ပြန်မပြော။

"ငါ မူးနေလို့ တိုက်မိတာကို မင်းက ဘာပြန်ကြည့်တာလဲ။ မင်းဘာလုပ်ချင်လို့လဲ ဟေ့ကောင်"

သူကပြုံးပြီး ကွေ့ရှောင်သွားရန်ပြင်စဉ်မှာပဲ ဌေးမြင့်သိန်း၏ မျက်နှာက တင်းခနဲဖြစ်သွားပြီး ကုလားဒိန်၏ ကော်လာကိုလှမ်းဆွဲ၏။

"ဟေ့ကောင့် မင်း ဘာပြောတာလဲ"

"ဌေးမြင့်သိန်း လာစမ်းပါကွာ"

"ဟာ. . . မဟုတ်ပါဘူးကွ၊ ဒီကောင်က လူပါး၀လို့"

"ထားလိုက်ပါကွာ လာစမ်းပါ"

ဌေးမြင့်သိန်းကို သူရအောင် ပြန်ခေါ်လာခဲ့နိုင်၏။ ဌေးမြင့် သိန်းက ဒေါသဖြင့် မျက်နှာကြီးနီရဲကာ တစ်လမ်းလုံး တတ် တခေါက် ခေါက် ဖြစ်နေ၏။ သူက ရယ်နေသောအခါ သူ့ပခုံးကို လက်သီးဖြင့် ဖွဖွလှမ်းထိုးလေသည်။

"မင်းကလဲ ဘယ်လို ကောင်မှန်းမသိဘူး"

"ဘာဖြစ်လို့လဲ"

"ဟုတ်ပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ မင်းဘာမှ မဖြစ်နိုင်လွန်း လို့ကို ငါက ပြောတာပါ။ မင်း စိတ်မတိုဘူးလား"

"ငါစိတ်တိုတာ မင်းဘယ်တုန်းက မြင်ဘူးလို့လဲ"

ဌေးမြင့်သိန်း ငြိမ်သွားသည်။ ပြီးမှ ‘အေး ဟုတ်တယ်’ဟု ပြော၏။ သူက အမှတ်မထင် ပြောလိုက်သည်။

“ငါက တန်ပြန်ယဉ်ကျေးမှုတွေကို မသုံးဘူးကွာ”

“ဘာလဲကွ၊ တန်ပြန်ယဉ်ကျေးမှုဆိုတာ”

“လူတွေက အဲဒီတန်ပြန်ယဉ်ကျေးမှုကို သိပ်သုံးကြတယ်ကွ”

ဌေးမြင့်သိန်းက သူ့မျက်နှာကို ငေးကြည့်နားထောင်နေသည်။ သူက ဆက်ပြောလိုက်၏။

“အင်မတန်ရိုးရှင်း မှားယွင်းတဲ့ ယဉ်ကျေးမှုပဲ၊ ကိုယ့် အပေါ် ကောင်းတဲ့သူကို ပြန်ကောင်းတယ်။ ကိုယ်အပေါ် ဆိုးတဲ့သူကို ပြန်ဆိုးတယ်။ ကိုယ့်အပေါ် ကောင်းတဲ့သူက ဆိုးသွားရင် ကိုယ်ကလည်း လိုက်ဆိုးတယ်။ ကိုယ့်အပေါ် ဆိုးတဲ့သူက ကောင်းလာရင် ပြန်ကောင်းပေးမယ်။ တစ်ယောက်ကို တစ်ယောက်က ဆွဲငင်ထားတယ်။ ကိုယ့်အကျိုးစီးပွားနဲ့ ချိန်ထိုးပြီး ပြန်လှန်ဆက်ဆံကြတယ်။ အဲဒီလိုနဲ့ ခုပြုံး၊ ခုရယ်၊ ခုငို၊ ခုပဲ လက်ကမ်း၊ ခုပဲ ပုတ်ထုတ်၊ ကိုယ့်ကိုယ်ကို အရူးလုပ်၊ တစ်ယောက်ကို တစ်ယောက် အရူးလုပ်ရင်း စက်ဝိုင်းနက်ကြီးထဲမှာ လည်နေကြတယ်။ တဖြည်းဖြည်းနဲ့ အဲဒီစက်ဝိုင်းနက်ကြီးက စုပ်ဝဲတစ်ခုလို ဆွဲနှစ်သွားတယ်။ အားလုံးဟာ ပူလောင်ရုန်းကန်နေရတော့တယ်။ အဲ့ဒါ ဒီလောကကြီးထဲက ‘လူ’ဆိုတဲ့ သတ္တဝါတွေရဲ့

လက်ရှိဖြစ်နေတဲ့ 'ဘဝ'ပဲ"

ဌေးမြင့်သိန်းက နှုတ်ခမ်းကိုက်တာ ခေါင်းငုံ့ထား၏။ ပြီးမှ သူ တစ်ကိုယ်တည်း ပြောသလိုနှင့်. . .

"တန်ပြန်ယဉ်ကျေးမှု အင်း. . . ဟုတ်တယ်လေ။ အဲဒီ တန်ပြန်ယဉ်ကျေးမှုကိုပဲ သုံးနေရတာပဲ၊ အဲဒါကို မင်းမသုံးရင် ဘယ်လို လုပ်မလဲ"

"ကိုယ့်အပေါ် ကောင်းတဲ့သူကိုလည်း ပြန်ကောင်းရမယ်၊ အဲဒါမှ စက်ဝိုင်းနက်ကြီးအဖြစ်ကို လွတ်လွတ်ကျွတ်ကျွတ် ရောက်သွားလိမ့်မယ်"

သူ့စကားတွေ နားထောင်ရင်း ဌေးမြင့်သိန်း၏ မျက်နှာက တည်ကြည်နေသည်။ ပြောကြဆိုကြရင်း လမ်းခွဲရမည့်နေရာသို့ ရောက်လာ၏။ ထိုနောက်မှ ပြန်လှည့်ကာ -

"လပြည့်ညကျ မင်းသွားလိုက်ဦးနော်"

"မင်းကကော"

"ငါ မအားဘူးကွ၊ အဲဒါ မင်းကို လာပြောတာ မင်းကတော့ သွားဖြစ်အောင် သွားလိုက်စမ်းပါကွာနော်"

သူ စဉ်းစားလိုက်သေး၏။ ထို့နောက်မှ ခေါင်းညိတ်ပြလိုက်သည်။

## (၁)

ရေပန်းကို ဖွင့်လိုက်သည်။ ဖြာမှုန်၍ ကျလာသော ရေစက်ကလေးများကို နံဘေးမှ ကြည့်နေရင်း ရေ၏အေးမြသော ရနံ့ကို ရှူရှိုက်မိ၏။ ထို့နောက် ရေပန်းအောက်တွင် ဝင်ရပ်ကာ စိမ့်အေးသွားအောင် ရေချိုးနေလိုက်။

သူ့ ရေချိုးမှုက မည်သူနှင့်မျှ မတူချေ။

ဦးကင်းမှ ခြေဖျားတိုင် ပွတ်ဆင်းကျလာသော ရေစက်များက သူ့ရုပ်ခန္ဓာကိုတင်မကဘဲ သူ၏ စိတ်ဝိညာဉ်ထဲကိုပါ စိမ့်ယိုဖောက်ဝင်ခဲ့သည်ဟု သူ ခံယူသည်။ ရုပ်ကိုရောစိတ်ကိုပါ သူ ရေချိုးခြင်းဖြစ်သည်။ ဤချိုးရေဖြင့် ရုပ်နှင့်စိတ်တို့ အေးမြစင်ကြယ်ကာ အညစ်

အကြေးဟူသမျှ လျှော့ကျလွင့်ပြယ်သွားပြီဟု သူနားလည်၏။ ရေချိုးသောအခါတိုင်း၌ သူသည် စိုပြည်ချမ်းမြေ့လျက်ရှိလေသည်။

ပွဲတော်သို့ သူထွက်ခဲ့၏။

သူရောက်သောအခါ မိုးကောင်းကင်မှ ကြယ်တာရာများပင် ဝင်းပစုံလင်စပြုပြီ ဖြစ်၏။ ပွဲတော်သည် ဖြူလက်နေသော လျှပ်စစ်မီးများ၊ ဝတ်ကောင်းစားလှနှင့် ပွဲလာကြသူများ၊ တခြိမ်းခြိမ်း ထွက်ပေါ်နေသော ဆိုင်းသံဗုံသံများ ကြိုးချည်ထားသော မိုးပျံပူဖောင်းများ ဟန်ကျပန်ကျ ထွက်ပေါ်နေသည့် ရယ်မောသံများ မီးတောက်ကို ဘယ်ပြန်ညာပြန် ခုန်အုပ်နေသည့် မုန့် လေပွေများ၊ အလှူခံနေသည့် စကားပြောခွက်သံများ စသည်တို့နှင့် စည်ပင်နေသည်။

လူအုပ်ကြားထဲမှာ သူမျောပါသွားသည်။ လူတွေကို သူ လိုက်ကြည့်မိ၏။ လူတွေအားလုံး မျက်နှာဖုံးတွေ စွပ်ထားကြ၏။ စက္ကူ ရာဘာစသည်တို့နှင့် ပြုလုပ်ထားသော အရုပ်မျက်နှာဖုံးများ မဟုတ်၊ သူတို့၏စိတ်က သူတို့၏ မျက်နှာပေါ်မှာ ဖြန့်ကျက်ခြုံအုပ်ထားသည့် သောက မာန စသော အရိပ်မျက်နှာဖုံးများ ဖြစ်ကြသည်။

အချို့မျက်နှာဖုံးများက အသားကျလျက် ချပ်ချပ်ရပ်ရပ် ဖြစ်နေပြီ။ အချို့မျက်နှာဖုံးများကတော့ အသားမကျသေးဘဲ ဘတ်လတ် ဘတ်လတ် ဖြစ်နေသည်။ ချိုလွင်လွတ်လပ်သော ရယ်မောသံများ

ကြားမှာ ကျွတ်ထွက်လာသည့် အချို့မျက်နှာဖုံးများကလည်း လေထဲမှာ ပေါလောမျောနေကြ၏။ ပွဲတော်မှ အပြန်တွင်တော့ သူတို့၏ပိုင်ရှင်များထံ ပြန်လည်လိုက်ပါသွားကြမည် ဖြစ်သည်။

ဆည်းလည်းသံ တိုးဖွဖွကြားမိ၍ စေတီတော်၏ ရင်ပြင် ပေါ်သူ တစ်လှမ်းချင်း တက်ခဲ့သည်။ ဘုရားရိပ် တရားရိပ်သည် အေးသီတိတ်ဆိတ်လျက်။ ဘုရားအာရုံပြုသော လူအချို့မှာ မျက်နှာတစ်ဝက်မျက်နှာဖုံးတစ်ဝက် ဖြစ်နေသည်။ အချို့မျက်နှာဖုံးများကတော့မျက်နှာပေါ်မှာ ကော့လိမ်တွန့်လိပ်နေသည်။ အချို့လူများသာပကတိ မျက်နှာဖြင့် မျက်လွှာချထားကြသည်။ စေတီကိုတစ်ပတ်ပတ်ပြီး သူ ပြန်ဆင်းလာခဲ့သည်။

သတ်မှတ်ထားသော လက်ဖက်ရည်ဆိုင်ကို အခက်အခဲ မရှိရှာတွေ့လိုက်၏။ မီးဆိုင်းများ ချိတ်ဆွဲထားသည်။ 'ဆုံဆည်းရာ'အမည်ရှိ ဆိုင်ဘုတ်အောက်မှာ 'မူမူ'ကို ကြော့ကြော့မော့မော့ မြင်လိုက်မိ၍လည်း ဖြစ်သည်။

"ဟာ ချမ်းငြိမ်းဟေ့"

လက်ဖက်ရည်ဆိုင်ထဲမှာ သူငယ်ချင်းများ အတော်စုံလင်နေ၏။ ဟိုဝိုင်းသည်ဝိုင်းမှ သူ့ကို လှမ်းခေါ်ကြ၏။ သူလည်း အားလုံးကိုပြုံးပြုံးရယ်ရယ်ဖြင့် ပြန်နှုတ်ဆက်ဖြစ်သည်။ အချို့သော သူငယ်ချင်း

များကိုမူ သူမသိ။ [တစ်ကျောင်းတည်းနေခဲ့သူများ ဖြစ်ကြောင်းကို မှတ်မိသည်။] မူမူက သူ့နံဘေးမှ ဝင်ထိုင်ကာ စကားတွေ ဖောင်နေအောင်ပြောသည်။ မူမူ့စကားအဆုံးမှာ အားလုံးကို မျက်လုံးထွေကြည့်ပြီးမှ သူက တစ်ခွန်းမေးလိုက်၏။

"ကျော်အောင်နဲ့ တွေ့သေးလား၊ ဖိတ်ဖြစ်လား။ သူ ဒီကို လာမလား"

မူမူက သွားတတ်ကလေးပေါ်အောင် ရယ်၏။

"မတွေ့ဘူး မဖိတ်ဖြစ်ဘူး။ သူ ဒီမှာလည်း မရှိဘူး"

"ဘယ်မှာလဲ"

"ထိုင်ဝမ်မှာ"

"သြော်"

မူမူက ပြန်မေးသည်။

"ချမ်းငြိမ်းနဲ့ ဝင်းဝင်းနွယ်နဲ့ တစ်ခါတွေ့သေးတယ်ဆို"

"သြော်. . . အင်း ဟုတ်တယ်"

"နောက်ထပ်ကော တွေ့ဖြစ်သေးလား"

"ဟင့်အင်း"

သူ သီဟကို သတိရလာသည်။

"သီဟ မရောက်သေးဘူးလား"

"ဟင့်အင်း ဟိုထောင့်မှာ သူ့အုပ်စုတော့ ရောက်နေပြီ၊ သူ မပါဘူး"

အောင်ခိုင်တို့ မောင်မောင်သန်းတို့ကို ဆိုလိုခြင်း ဖြစ်သည်။ ခုနကပင် သူနှင့် နှုတ်ဆက်လိုက်ကြပြီး ဖြစ်၏။

"သီဟက လာကော လာမှာလား"

"ဖိတ်တော့ ဖိတ်ထားတာပဲဟာ၊ လာမလာ အသေအချာ ငါ မသိဘူး၊ ဟိုကောင်တွေမှ သိမှာပဲ။ သီဟက ပြောင်းလဲနေပြီ"

ထို့နောက် သူက သူငယ်ချင်းများကို တစ်ဝိုင်းပြီး တစ်ဝိုင်းလိုက် နှုတ်ဆက်၏။ အောင်ခိုင်တို့ ဝိုင်းရောက်သောအခါ သူ မေးဖြစ်သည်။

"သီဟ မပါဘူးလား"

သူ့အမေးကို မဖြေသေးဘဲ သူတို့ချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။ ထို့နောက် အောင်ခိုင်က ခနဲ့သံ တစ်ချက်ကို 'ဟင့်'ခနဲပေးပြီး ပြောသည်။

"ဒီကောင်က ဘဝမေ့သွားပြီကွာ"

"ဘာဖြစ်လို့လဲ"

"ဩော် နိုင်ငံကျော် ဘောလုံးသမားကြီးလဲဖြစ် တခြား နိုင်ငံတွေ ကလည်း သူတို့ဆီမှာ လာကန်ဖို့ ကြေးကြီးပေးပြီး အတန်တန် ဖိတ်ခေါ်နေဆိုတော့ ဒီကောင်ဘဝ မေ့သွားပြီကွ၊ ငါတို့ကို မြင်ရင်တောင်

မှတ်မိပါ့မလား မသိဘူး”

ပြောပြီး။ ဝါးခနဲရယ်ကြသည်။ “ချမ်းငြိမ်းကိုတော့ မှတ်မိမှာပါကွာ မင်းကလည်း”ဟု မောင်မောင်သန်းက ဝင်ပြော၏။

“အေး ဟုတ်တယ်၊ မင်းကိုတော့ သူ မမေ့ဘူး ချမ်းငြိမ်းရေ။ ငါတို့ကတော့ ဒီကောင်နဲ့ ပတ်သက်ပြီး အများကြီး ခံစားခဲ့ရတယ်၊ အခုတော့ သဘောပေါက်သွားပြီ၊ ဒီကောင်နဲ့ ငါတို့ မပတ်သက်တော့ဘူး ချမ်းငြိမ်းရ။ ငါတို့ ဒိုင်ယာရီထဲမှာ ဒီကောင့်အတွက် စာမျက်နှာ မရှိတော့ဘူး”

သူ ထိုဝိုင်းမှထသောအခါ စိန်ထွားက ဆွဲခေါ်သွားပါသည်။ စိန်ထွားက အထက်တန်းကျောင်းမှ သူနှင့် အခန်းမတူခဲ့သော သူငယ်ချင်း ဖြစ်၏။ တက္ကသိုလ် ပညာမပြီးဆုံးလိုက်ဘဲ ယခု ကုန်သည်တစ်ယောက် ဖြစ်နေသည်။ ထွေရာလေးပါး ပြောနေကြရင်း စိန်ထွားက. .

“သီဟာ အခုထက်ထိ မရောက်သေးဘူးနော်။ ငါက မင်းတို့သုံးယောက်ကို တွေ့ချင်လို့ ရောက်အောင်လာတာ၊ ဝင်းဝင်းနွယ်ကတော့ လာမှာပါ”

“သီဟာက လာချင်မှ လာမှာတဲ့”

“မဟုတ်ဘူး ရောက်နေပြီ၊ ဒီကို မဝင်သေးတာ၊ ဟိုဘက် ဈေး

ဆိုင်တန်းမှာ ငါနဲ့ လက်လှမ်းပြခဲ့ပြီးပြီ။ ဘာလုပ်နေလို့ ဒီကို မရောက် သေးတာလဲ မသိဘူး”

“ဩော်”

ခဏကြာတော့ မူမူကို ခွင့်တောင်းကာ ပွဲခင်းထဲ သူလမ်း လျှောက်ထွက်ခဲ့၏။ ပြန်လာခဲ့မယ်ဟု ကတိပေးခဲ့ရသေးသည်။ ပြန် မလာရင် ပန်းချီကားတစ်ချပ် လက်ဆောင်ပေးရမယ်ဟု ကတိပေးခဲ့ရ သေးသည်။ ပြန်မလာရင် ပန်းချီကားတစ်ချပ် လက်ဆောင်ပေးရ မယ်ဟု မူမူက ကြိမ်းဝါး၏။ သူရယ်ရင်း ထွက်လာခဲ့သည်။

ဟိုဟိုသည်သည် လျှောက်သွားနေရင်းက သူ့ပခုံးပေါ် လက် တစ်ဖက်ကျလာသည်။

“ချမ်းငြိမ်း”

လှည့်ကြည့်တော့ သီဟကို တွေ့ရသည်။

“မင်း ဝင်သွားကတည်းက ငါတွေ့တယ်၊ ငါခေါ်မလို့ပဲ။ အလှမ်းသိပ်ဝေးနေလို့”

“မင်းက လက်ဖက်ရည်ဆိုင်ကို ဘာကြောင့် လိုက်မလာတာ လဲ၊ မသွားဘူးလား”

သီဟက ခပ်မှုန်မှုန်ပြုံးသည်။

“လာကွာ တစ်ဆိုင်ဆိုင်မှာ ထိုင်ရအောင်”

သီဟက သူ့လက်ကို တင်းတင်းဆုပ်လျက် ကြံ့ရည်ဆိုင်တစ်ဆိုင်ထဲသို့ ခေါ်သွား၏။ ‘ငါမင်းကို အေးအေးဆေးဆေး စကားပြောချင်နေတာကြာပြီ၊ မင်းကတော့ ငါ့ကို နားလည်မှာပါ’ ဟုလည်းပြောသေး၏။

သို့သော် အတန်ကြာသည်အထိ မည်သည့်စကားမှ မပြောသေးချေ။ သီဟစကားပြောဖို့ အားယူနေပုံမှာ ခေးအိမ်ထဲမှ ဖြည်းညင်းစွာ ထွက်လာသည့် ခေးတစ်လက်နှင့် တူလှသည်။

ပွဲတော်ညက လင်းပြာလှပနေဆဲ ဖြစ်၏။ တစ်ဖက် မိုးကောင်းကင်သို့ မျှော်ကြည့်လိုက်သောအခါ လရောင်အောက်မှ တိမ်ခိုးတွေမျောလွင့်နေတာကို တွေ့ရ၏။ ပွဲတော်၏ခေါင်မိုးမှာ နှင်းငွေ့နှင့် မီးခိုးငွေ့တွေ လူးလိမ့်နေသည်။

“ငါက ငယ်ငယ်ကတည်းက ခေးတွေကို သိပ်သဘောကျတယ်။ ခေးတစ်လက်ရဲ့ ဂုဏ်သိက္ခာကိုလည်း လေးစားတယ်”

ပြောပြီး ဂျာကင်အိတ်ထဲမှ ခေးလှလှလေးတစ်လက်ကို ထုတ်ပြ၏။ [ဤပွဲဈေးတန်းမှပင် ဝယ်လိုက်ဟန်တူသည်] ပြီး. . . အိတ်ထဲပြန်ထည့်သည်။

“ငါ့ကိုယ်ငါလည်း ခေးတစ်လက်လို ထက်မြက်အောင် သွေးခဲ့တယ်။ ငါ့ဘဝမှာ ကြိုးစားခဲ့ရတာတွေ အများကြီးပဲ။ စောင့်စည်း ထိန်း

သိမ်းခဲ့ရတာတွေလည်း အများကြီးပဲ၊ ငါကြိုးစားခဲ့တာတွေဟာ အဆင့်တစ်ခုတိုင်အောင် အောင်မြင်ခဲ့ပါပြီ။ ငါ ဘောလုံးသမား တစ်ယောက်အဖြစ် အောင်မြင်နေတာကို မင်းကြားမယ်နော်။ ငါ. . . ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာကိုတော့ မင်းသိချင်မှ သိမယ်။ ငါက ရည်ရွယ်ချက် သိပ်ကြီးခဲ့တယ် သူငယ်ချင်း။ ဘောလုံး လေ့ကျင့်ခန်းတွေကို အပြင်းအထန် လုပ်ခဲ့ရတယ်။ ဆရာကောင်းတွေဆီ ချဉ်းကပ်ရတယ်။ စာအုပ်တွေ အများကြီး ဖတ်ရတယ်။ ဆိုက်ကို ကျင့်စဉ်တွေ၊ ယောဂီကျင့်စဉ်တွေ အလေးအနက် လေ့ကျင့်ရတယ်။ အစစအရာရာ သတိထားပြီး အဲဒီလို ကြိုးစားခဲ့လို့ ဒီလောက်အထိ ဖြစ်လာတာပါပဲ။ ဒါပေမယ့် ဒီကြားထဲမှာ ငါမထင်တာတွေလည်း ဖြစ် လာခဲ့တယ် သူငယ်ချင်းရေ. . . ”

“အစကတော့ ကိုယ်နဲ့ ဝါသနာတူသူ သူငယ်ချင်းတွေနဲ့တွဲပြီး အားကစားလောကထဲကို ရင်ပေါင်တန်း ဝင်ခဲ့တာပဲ။ ငါ့လောက် ကြိုး စားမှုမရှိတော့ သူတို့က တဖြည်းဖြည်း ပြုတ်ကျန်ခဲ့တယ်။ လူတွေက သူတို့ထက် ငါ့ကို ပိုသိ၊ ပိုတန်ဖိုးထား ပြီး ဆက်ဆံလာကြတယ်၊ ငါက ကြိုးစားမှုကို တစ်ထစ်မှ လျှော့မပေးရဲဘဲ ဆက်တိုးဝင်ရင်း မြင့်သည် ထက် မြင့်သွားတယ်။ သူတို့တွေက ကျန်ရစ်ခဲ့ကြတယ်။ အဲဒီအခါ မမျှော်လင့်ဘဲ သူတို့က ငါ့ကို ဝိုင်းပယ်လိုက်ကြတယ်”

“ငါ့အကြောင်း မကောင်းသတင်းတွေလည်း လျှောက်ပြောကြတယ်၊ ငါကိုလည်း သူတို့က ညွှန်ပြ သင်ကြားပေးခဲ့လို့ အဲဒီအဆင့်အထိ ဖြစ်လာသယောင်လည်း လျှောက်ပြောကြတယ်။ တခြားလူတွေက သူတို့ရှေ့မှာ ငါ့ကို ချီးကျူးမိလေလေ၊ သူတို့က ငါ့ကို ရန်သူအဖြစ်၊ မနာလိုစိတ်ကြီးစွာနဲ့ သတ်မှတ်လာလေလေ ဖြစ်နေတယ်။ ငါလည်း သူတို့အပေါ်မှာ ဘာတစ်ခုမှ မဟုတ်တာ မလုပ်ခဲ့ဘူး။ သူများကို မကောင်းကြံဖို့လည်း ငါ့မှာအချိန်မရှိဘူး။ အဲဒီလို အောက်တန်းကျတဲ့ လူတစ်ယောက်အဖြစ်လည်း ငါ့ကိုယ်ငါ ဘယ်တော့မှ တွန်းမပို့ဘူး၊ ဒါပေမယ့် ငါ အထီးကျန်ဖြစ်သွားတာကို ငါ အံ့သြတယ်. . .”

“ဘောလုံးကို ဗဟိုပြုပြီး သူတို့နဲ့ ငါ တွဲခဲ့စဉ်တုန်းမှာ သူတို့ဟာ ငါ့ရဲ့ သေဖော်ရှင်ဖက် အပေါင်းအသင်းတွေပဲလို့ ငါထင်ခဲ့တယ်။ သူတို့ကိုလည်း ငါသိပ်ခင်ခဲ့တယ်။ အခု. . . ဒီလူအုပ်ထဲက ဖောက်ပြီး ငါတစ်ယောက်တည်း အောင်မြင်သွားတဲ့ အချိန်မှာ သူတို့က ငါ့ကို ဘာအကြောင်းမှ မရှိဘဲ ညီညီညွတ်ညွတ် ဝိုင်းပယ်လိုက်ကြတယ်။ ငါ့မှာ အဖော်မရှိတော့ဘူး။ အောင်မြင်ကျော်ကြားတဲ့ အားကစားသမားတစ်ယောက်အနေနဲ့ အခု ငါ့ဘေးမှာ အခြွေအရံတွေ အများကြီးပါ။ ဒါပေမယ့် ဒီလူတွေဟာလည်း ငါ့မှာ အောင်မြင် ကျော်ကြား

http://www.cherrythitsar.org

မှုတွေ မရှိတော့တာနဲ့ တစ်ပြိုင်နက် ငါ့ဘေးက ပြန်ခွာသွားကြမယ့် လူတွေဆိုတာ ငါသိတယ်။ သေချာတာက တစ်ချက်ပဲ ရှိတယ်။ ငါ အင်မတန် မြတ်နိုးတဲ့ သရဖူကိုရလိုက်တဲ့ အချိန်မှာပဲ ငါဟာ တစ်ယောက်တည်း အထီးကျန်ဖြစ်သွားတယ်ဆိုတာပဲ။ လောကက နာကြည်းစရာ ကောင်းလှတယ် သူငယ်ချင်းရာ”

ဆွေးမြေ့နာကျင်သော လေသံဖြင့် ရှည်လျားစွာ ပြောသွား၏။ ထို့နောက် ကိုယ်ကိုဆန့်လိုက်ရင်း. . .

“ဒါပေမယ့် ရပါတယ်လေ. . .၊ ငါ့နာမည် သီဟပဲ။ သီဟဆိုတာ ခြင်္သေ့၊ တစ်ကောင်တည်းနေတဲ့ အမျိုး၊ ကောက်ကျစ်တဲ့ မြေခွေးတွေလို အုပ်ဖွဲ့ထားစရာမလိုဘူး” ဟု ထပ်ပြော၏။ မျက်လုံးတို့ အရောင်ဝင်းလာကာ ကိုယ်ဟန်အနေအထားမှာလည်း [ရန်သူကို တိုက်ခိုက်ရန်] လိပ်ထားရာမှ ဖြေဆင်းချလာသော ကျားပွတ်တစ်ချောင်းနှင့် တူလာပြန်သည်။

သူက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း သီဟကို စကား ပြောမည်ပြုလိုက်၏။ ထိုစဉ်မှာပင် . . .

“ကိုသီဟ”

ဆိုင်ထဲသို့ လူအချို့ဝင်လာသည်။ သီဟ၏ အားကစားပရိသတ်များ ဖြစ်၏။ ပွဲတော်သို့ လာရင်း သီဟကို တွေ့၍ ဝမ်းသာ

အားရ ဝင်နှုတ်ဆက်ကြခြင်း ဖြစ်သည်။ ထို့နောက် လူတစ်ယောက်နှင့် တွေ့ပေးရန်ဟုဆိုကာ သီဟကို အတင်းဆွဲခေါ်ကြ၏။

"လိုက်သွားသီဟ၊ လိုက်သွားလိုက်ပါ။ ငါတို့ကတော့ နောက်မှပဲ အေးအေးဆေးဆေး ထပ်တွေ့ကြသေးတာပေါ့"

သီဟ ထိုလူအုပ်နှင့် ကန့်လန့်ကန့်လန့် ပါသွားလေသည်။

'ဆုံဆည်းရာ' လက်ဖက်ရည်ဆိုင်သို့ သူတစ်ခေါက်ပြန်ရောက်သည်။ "ဝင်းဝင်းနွယ်တို့ အခုပင် စျေးတန်းထဲ ဝင်သွားကြသည်" ဟု မူမူက ဆီးပြောသည်။ လက်ဖက်ရည်ဆိုင်မှာ အတော်ကြာကြာ စကားထိုင်ပြောပြီးနောက် ပွဲစျေးခင်းထဲသို့ သူတစ်ခေါက် ထပ်လျှောက်ထားခဲ့သည်။

ဇာတ်ရုံ၊ ရုပ်ရှင်ရုံများကို သူ ပိုစတာ လျှောက်ကြည့်နေလိုက်သည်။ ဆပ်ကပ်ရုံ တစ်ရုံရှေ့အရောက်မှာ ဘာရယ်မဟုတ်ဘဲ လက်မှတ်ဝယ်ကာ သူ အထဲဝင်ခဲ့သည်။ ဇာတ်ခုံပေါ်မှာ ဂျော်ကီတစ်ယောက်က မြင်းလိမ္မာနှင့် ကစားပြနေလေသည်။

ထို့နောက် မျောက်လိမ္မာ၊ မြွေလိမ္မာ၊ ဆင်လိမ္မာတို့လည်း တစ်ကောင်ပြီးတစ်ကောင် ထွက်လာကြသည်။ မျက်လှည့်ဝိဇ္ဇာ၊ စက်ဘီးဝိဇ္ဇာ စသူတို့ကလည်း အမျိုးမျိုးအဖုံဖုံ ပညာစွမ်းကြ၏။ ပရိသတ်၏ လက်ခုပ်သြဘာသံများကလည်း စည်ညံနေ၏။ ထိုကြားထဲမှပင် မှောင်

ဖျော့သော အလင်းရောင်အောက်ဝယ် သီဟကို သူတွေ့လိုက်ရခြင်း ဖြစ်လေသည်။

သီဟသည် သူနှင့် မနီးမဝေးထိုင်ခုံတစ်လုံးတွင် ထိုင်နေ၏။ သီဟနှင့်သူ မည်သူက အရင်ရောက်ခဲ့သည်ကို သူမသိချေ။ သီဟက လည်း တစ်ယောက်တည်း ဖြစ်၏။ [စိတ်ညစ်ညစ်နှင့် ဝင်ကြည့်ပုံ ရသည်။] သီဟက သူ့ကို မြင်ပုံမရ။ ဇာတ်ခုံပေါ်မှ ပဥ္စလက်ပြကွက် များကို မျက်မှောက်ကြုတ်ကာ ကြည့်နေ၏။

ထို့နောက် 'သည်းထိတ်ရင်ဖို ပြကွက်ကို ရှုစားရပါတော့မယ်' ဆိုသော ကြေညာသံနှင့်အတူ ကန့်လန့်ကာချ၏။ ပရိသတ်တွေ လက် ခုပ်တဝေါဝေါ တီးကြ၏။ ကန့်လန့်ကာ ပြန်ဖွင့်၏။ လက်ခုပ်သံက ပို၍ ညံသွားသည်။

ဆုံလည်စက်ဝိုင်းကြီးတစ်ခုတွင် မိန်းမတစ်ဦးကို ကြိုးဖြင့် ကပ်ချည်ထား၏။ ထိုမိန်းမ၏ ပတ်ပတ်လည်တွင် အမှတ်လက္ခဏာ များကို နေရာတကျရေးထား၏။ သူ့ရှေ့ခပ်လှမ်းလှမ်းမှာ ပေါက်ဓား များကို လွယ်ထားသော လူတစ်ယောက် ပရိသတ်ကို ဦးညွှတ် အရို အသေပြုနေ၏။ အသက်နှင့်ရင်းရသော ဓားပြကွက်ကို ပြတော့မည် ဖြစ်၍ ပရိသတ်က လှုပ်လှုပ်ရှားရှား ဖြစ်နေတော့သည်။ သူ့နံဘေးမှ ပရိသတ်များက အသက်ရှုမြန်ရင်း ပြူးကြောင်စွာ ကြည့်နေကြသည်။

မီးရောင်အောက်မှာ ဓားရောင်က လင်းခနဲ ပျံ့ထွက်သွား၏။ ပရိသတ်တစ်ဦးက 'ဟာ' ဟု အော်လိုက်ချိန်မှာပဲ ပေါက်ဓားက အမျိုးသမီး၏ ဦးခေါင်းအထက်မှာ ကပ်လျက် စိုက်ဝင်နေပြီဖြစ်၏။ လက်ခုပ်သံများ ဟိန်းညံသွားသည်။

ထို့နောက်မှာတော့ ဓားရောင်က တဝင်းဝင်း ပျံသန်းနေတော့၏။ လည်ပတ်နေသော စက်ဝိုင်းကြီး၏ အလယ်ဗဟိုမှာတော့ အမျိုးသမီးက နှုတ်ခမ်းကလေး တွန့်ကွေးကာ ပြုံးမြဲပြုံးလျက်။ သူမ၏ နံဘေးကပ်လျက်ကတော့ ခန္ဓာကိုယ်ကောက်ကြောင်းအတိုင်း ဓားတွေ တစ်လက်ပြီးတစ်လက် စိုက်ဝင်နေသည်။ [ထိုအမျိုးသမီး၏ အပြုံးက အောင်ခိုင်တို့ မောင်မောင်သန်းတို့ မျက်နှာပေါ်မှ အပြုံးနှင့် အတူတူပဲ ဖြစ်၏။]

"... ... ... ... ... ..."

သီဟ၏မျက်လုံးများမှာ အရောင်တဖျပ်ဖျပ် လက်နေသည်။ သီဟ၏မျက်နှာသည် သိမ်မွေ့စွာ မာကြောနေ၏။ သီဟကိုလှမ်းကြည့် မိရင်း သူ့ရင်ထဲမှာ အလိုအလျောက် နားလည်လိုက်၏။ ပစ်မှတ်ဗဟိုကို အခါခါလွဲချော်နေသော 'ဓား'အတွက် သီဟရှက်နေခြင်း ဖြစ်၏။ တစ်ဆက်တည်းမှာ ထပ်၍ နားလည်လိုက်သည်က ဓားတစ်လက်၏ ဂုဏ်သိက္ခာကို သီဟတစ်စုံတစ်ရာနှင့် ကာကွယ်တော့မည်။

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

သီဟာ၏မျက်လုံးတို့က ပစ်မှတ်ဗဟိုမှ အမျိုးသမီးကို မမှိတ် မသုန် စိုက်ကြည့်နေ၏။ ထို့နောက် နှုတ်ခမ်းများကို လျှာဖြင့် သိမ်း လျက်ကာ လက်က ဂျာကင်အိတ်ထဲသို့ ရောက်သွားသည်။

". . . . . . . . .  . . . . . . . . ."

သူ ထိုင်ရာမှ ထလိုက်၏။ မှောင်ဝါးဝါးအလင်းထဲမှာပင် သီဟာ ရှိရာသို့ သူလျှောက်ခဲ့သည်။ သီဟာအနီးသို့ ရောက်လုရောက်ခင် မှာပင် သီဟာ လက်ထဲမှ ထက်မြက်သော ဓားသွားကို သူမြင်လိုက် ရ၏။

"သီဟာ. . . "

ကြားဟန်မတူ၊ မျက်လုံးများက သံမဏိလို တင်းမာလျက် လက်ကို မြှောက်တင်လိုက်သည်။ ထိုအခိုက်မှာပင် ရုံထဲမှာ လျှပ် စစ်မီး ပြတ်တောက်သွားသည်။ မှောင်မည်းသွားသည်။

သို့သော် ချက်ချင်းဆိုသလိုပင် မီးပြန်လင်းလာ၏။ ပစ်မှတ် ပေါ်မှ အမျိုးသမီးမှာ ပြုံးလျက်၊ ဓားများက သူ့အပါးမှာ တဒေါက် ဒေါက် စိုက်လျက်၊ ဓားသမားက ဦးညွတ်နှုတ်ဆက်လိုက်တိုင်းမှာ ပရိသတ်က လက်ခုပ်တီးသြဘာပေးလျက်။

(… … … … … … …
… … … … … … …)

ညဉ့်လေက အေးအေးလွင်လွင် ဖြတ်စီးနေသည်။ သန့်စင်သော ရနံ့တစ်မျိုးကို ရှူရှိုက်လိုက်ရသလို ရှိ၏။ မည်သို့ပင် ဖြစ်စေ နှစ်ယောက်လုံး စိမ့်အေးသွားသည်ကတော့ အမှန်ပင် ဖြစ်သည်။ ယခုအခါ သူနှင့်သီဟတို့သည် ပွဲတော်၏ လူသူရှင်းသော တစ်နေရာကို ရောက်နေကြပြီ ဖြစ်သည်။

စုံညီနေပြီဖြစ်သော မိုးပေါ်မှ ကြယ်တာယာများကို တစ်ချက် မော့ကြည့်ကာ သီဟကို သူ စကားဆိုဖြစ်၏။ "လောကမှာ လူပြိန်း တွေပဲ များတယ် သီဟရဲ့။ အဲဒီစကား ရှင်းပါတယ်။ မင်းလက်ခံတယ် မို့လား"

သီဟက ခေါင်းညိတ်ပြသည်။

"လောကနီတိကတောင် ညွှန်းတယ်မို့လား၊ ရဲရင့်သူကို သင်းခွဲ ပြီး အနိုင်ယူရမယ်တဲ့။ မင်းရဲ့အဖော်တွေဟာ သူတို့ထက် အများကြီး သာနေတဲ့ မင်းကို မနာလိုဖြစ်လာတဲ့အခါ ဒီနည်းကို သုံးလိုက်ကြ တာပဲ"

သီဟ၏ မျက်နှာပေါ်မှာ အရိပ်အမျိုးမျိုး ဖြတ်ပြေးနေသည်။ မျက်လုံးအစုံကလည်း မျှော်လင့်ချက်ဖြင့် အရောင်ဖြာလက်လာသည်။

"ဒါပေမယ့် ဒီအပေါ်မှာ မင်း လွန်လွန်ကဲကဲ ခံစားစရာ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ လူ့သဘာဝမို့လို့ပဲ။ မင်းနေရာမှာ တခြားလူဆိုရင်လည်း မင်းလို အလုပ်ခံရမှာပဲ။ သူတိုနေရာမှာ တခြားသူတွေ ဆိုရင် သူတို့လုပ်သလို လုပ်ကြမှာပဲ။ မင်းမှ. . . သူတို့မှရယ် မဟုတ်ပါဘူး။ အုပ်စုတစ်ခုထဲမှာ တစ်ယောက်က ကျန်သူအားလုံးထက် မြင့်မားသာလွန်နေရင် ကျန်တဲ့သူတွေက သူ့ကို မနာလိုဖြစ်ပြီး စော်ကားတိုက်ခိုက်လာမှာပဲ။ လူ့လောကနဲ့ လူတွေဆိုတာ ဒီလိုပါပဲ သူငယ်ချင်းရယ်။ ပုထုဇဉ် လက်မှတ်ရထားတဲ့ သဘာဝကျကျ အရှုံးတွေဆီမှာ ဒီအတိုင်းဖြစ်နေမှာပဲ"

"လူ့သဘာဝတွေကို မင်းနားလည်မှု ထားပေးလိုက်ပါ။ လူတွေမှာ ကိုယ်ဖြစ်စေချင်တာတွေ ဖြစ်ရင်လည်း ဖြစ်လာမယ်၊ ဖြစ်ချင်မှလည်း ဖြစ်လာလိမ့်မယ်။ လူ့သဘာဝဆိုတဲ့ ဝက်ပါထဲမှာ သူတို့ လှည့်လည်နေတာပဲ။ ကိုယ့်ကိုယ်ကိုယ်မို့လို့ ထောက်ခံနေတာလည်း မဟုတ်ဘူး။ ဆန့်ကျင်နေတာလည်း မဟုတ်ဘူး။ သူတို့ လမ်းကြောင်းအတိုင်း သူတို့ လျှောက်နေရင်း ကိုယ့်ကို ခလုတ်တိုက်နေကြတာပါ။ အဲဒီ သဘာဝကို နားလည်ထားမယ်ဆိုရင် လောကဟာ မင်းအတွက် တစ်ဝက် ပေါ့ပါးသွားလိမ့်မယ်"

"တကယ်တော့ ဒီလောကဟာ တို့အခုဝင်ကြည့်ခဲ့တဲ့ ဆပ်ကပ်

ကလေးထက် အများကြီးပွေလီတဲ့ ဆပ်ကပ်ကြီးပဲ။ ဆပ်ကပ်ပညာသည်တွေ၊ ဆပ်ကပ်ကို သဘောကျလို့ လက်ဖဝါးချင်းပါးရိုက်ပြီး ဩဘာပေးတတ်သူတွေဟာ တို့ပတ်ဝန်းကျင်မှာ ရေမရလောက်အောင် များလှပါတယ်။ လေ့လာသူတစ်ယောက်လို ကြည့်နေပါ သူငယ်ချင်း။ အဲဒီထဲမှာ ပါဝင်မခံစားပါနဲ့။ လောကမှာ သားရဲဘုရင်ဆိုတဲ့ ခြင်္သေ့တွေက မြက်မစားသလို လှည့်ဖျားကောက်ကျစ်တတ်တဲ့ မြေခွေးကလည်း မြက်မစားဘူး။ အဲဒါကိုတော့ အထူးသတိထားပါကွာ။ ကဲ ငါတို့သွားကြရအောင်”

နှစ်ဦးသား ပွဲတော်၏လမ်းများအတိုင်း လျှောက်လာခဲ့ကြ၏။ မည်သူကမှ စကားဆက်မဆိုဖြစ်ဘဲ တိတ်ဆိတ်စွာပင် ရှိပါသည်။ မူမူတို့ လက်ဖက်ရည်ဆိုင်အနီးသို့ ရောက်သောအခါ သူက. . .

“ငါပြန်တော့မယ်သီဟ. . .၊ ငါ. . . မလိုက်တော့ဘူး”

သီဟက သူ့လက်ကို တင်းတင်းဆုပ်ကိုင်ရင်း. . .

“သူငယ်ချင်း. . .”

ဘာမှ ဆက်မပြောနိုင်ဘဲ အ,နေသေး၏။ ပြီးမှ. . .

“ငါ့ဘဝမှာတော့ မင်းကို ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး။ မင်းကို ကျေးဇူးတင်တယ်လို့ ငါမပြောရက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဆင့်ထက် အများကြီးမြင့်ပြီး မင်း ငါ့အပေါ် ကောင်းခဲ့၊ အကျိုး

ပြုခဲ့လို့ပဲ။ ငါ မင်းနဲ့ နောက်တစ်ခါ အေးအေးဆေးဆေး တွေ့ချင်ပါသေးတယ်။ နေဦး မင်းဒီမှာ ခဏနေဦးကွာ၊ ခဏလေး. . .”

ပြောပြီး သီဟ လှစ်ခနဲ ပြေးထွက်သွားသည်။ သူတစ်ယောက်တည်း ဂျာကင်အိတ်ထဲ လက်နှိုက်ပြီး အေးမြသော လေကို ရှူသွင်းနေလိုက်သည်။ ဆိုင်းသံ၊ ဗုံသံ၊ ကြေးနောင်သံများက လေစီးကြောင်းထဲမှာ ငြိမ့်ညောင်းလှပစွာ မျောရွေ့နေသည်။ သူ့ တစ်ကိုယ်လုံးကို လျှော့ချထားလိုက်မိ၏။ သူ လန်းဆန်းလျက် ရှိနေလေသည်။

သူ့နောက်မှ ခြေသံကြားလိုက်ရ၏။

“ချမ်းငြိမ်း”

လှည့်ကြည့်လိုက်သောအခါ လှပသော မျက်လုံးဝိုင်းကလေးများကို တွေ့ရလေသည်။

“ဩော်. . . ဝင်းဝင်းနွယ်”

တစ်ယောက်ကိုတစ်ယောက် အကြာကြီးစိုက်ကြည့်နေပြီးမှ ပြိုင်တူ ရယ်လိုက်မိကြ၏။

ဝင်းဝင်းနွယ်က သူ့ကို ပြောသည်။

“ငါက ဒီညတော့ နင့်နဲ့မဆုံဖြစ်တော့ဘူး အောက်မေ့နေတာ၊ အခုမှ သီဟက နင့်ကို ချမ်းငြိမ်းစောင့်နေတယ်။ သွားလိုက်ဦးဆိုလို့”

“သူက တခြား ဘာပြောသွားသေးလဲ”

"နင့်ကို ဒီဓားပေးလိုက်တယ်"

သီဟ၏ ဓားကလေးကို ဝင်းဝင်းနွယ်က ကမ်းပေး၏။ လှမ်းယူရင်း သူ မျက်မှောင်ကြုတ်မိသေးသည်။ [ဘာရည်ရွယ်ချက်နှင့် ပေးသွားမှန်း သူမသိချေ။]

ဝင်းဝင်းနွယ်က ပြုံးစူစူဖြင့် သူ့ကို ပြောပြန်သည်။

"ငါ. . နင့်ကို သတိရနေတာဟ၊ သူငယ်ချင်းတွေနဲ့ တွေ့တိုင်း ငါ. . . နင့်ကို မေးနေတာ. . ."

သူက မိုးပေါ်ကို မော့ကြည့်မိ၏။

"မိုးလင်းခါနီးမှ ကြယ်တွေက ပိုတောက်လာသလိုပဲ"

"ဟာ. . . နင်ကလည်း၊ ငါပြောတာက တခြား၊ နင်ပြောတာက တခြား. ."

ပြောပြီး ဝင်းဝင်းနွယ်က ရယ်၏။ သူက ဓားကလေးကို လက်ထဲမှာ ခပ်ဆဆကိုင်ရင်း. . .

"နေဦး နင့်ကို ငါမေးဦးမယ်. . . ."

"ဘာမေးမလို့လဲ"

သူက ပြုံးလိုက်ပြီး. . .

"ဓားတစ်လက်ကို အုပ်ချုပ်တဲ့အရာဟာ ဓားအိမ်ဖြစ်သင့်သလား၊ ဓားကိုင်တဲ့လက်ဖြစ်သင့်သလား"

"အယ်. . ."

မျက်လုံးဝိုင်းဝိုင်းကလေးများ ပိုဝိုင်းသွား၏။ သူက ခဲတံကလေး ကို ခဲအိမ်ထဲမှ ဆွဲထုတ်လိုက်၏။ ခဲသွားကို အပေါ်သို့ ပင့်လှန်ပြီး မျက်စိရှေ့မှ လက်ဆန့်တန်းကာ သူ. . . စိုက်ကြည့်နေလိုက်သည်။

လက်တစ်ကမ်းမှာ မြင်ရသည့် ခဲသွားက ထက်မြပါးလွှာနေ၏။ ပတ်ဝန်းကျင်က နှင်းတွေ မှုန်မှုန်ကျနေသည်။ ကောင်းကင်ပေါ် မှာ လရောင်လင်းနှဲ့၏။ ခဲသွား၏ အလျားအတိုင်း လိုက်၍ ပျော့ ပျောင်းစွာ သူစိုက်ကြည့်၏။

လောကကြီး၏ အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံ၊ အတိတ်၊ နိမိတ်၊ အရိပ်၊ အယောင်များက ထက်မြသော ခဲသွားပေါ်တွင် ခုန်ပျံ၍ ကျွမ်းဘား ကစားပြနေသည်ကို တွေ့နေရလေသည်။

*တာရာမင်းဝေ*

*၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ၊ ချယ်ရီမဂ္ဂဇင်း။*

## ဇော်ဇော်အောင်၏ အမှာစာ

**ဝးဝး** ယနေ့ယခု ရေးနေကြသော မော်ဒန်ဝတ္ထုတိုများကို ကျွန်တော် လေးစားနှစ်သက်စွာ ဖတ်ပါသည်။ ထိုအထဲတွင် **တာရာမင်းဝေ** အပါအဝင်ဖြစ်သည်။ ယခု သူ့ဝတ္ထုများ စုထုတ်သောစာအုပ်တွင် အမှာစာရေးရန် ရှိလာပါသည်။ ကျွန်တော်ထပ်၍ဖတ်ရပါသည်။ ကျွန်တော် တွေ့သော အချက်အလက်နှင့် ထူးခြားမှုများကို တင်ပြပါမည်။ စာသားစိစစ်ချက်နှင့် ဝေဖန်ရေး မှတ်ချက်များဟု မှတ်ယူနိုင်ပါသည်။ ထုံးတမ်းစဉ်လာအရ ဝေဖန်ရေး သီဝရီ အခြေခံနှင့် စနစ်တို့ကို ဖော်ပြသင့်သော်လည်း အမှာစာ သဘာဝအရ ယင်းတို့ကို

http://www.cherrythitsar.org

ဖော့၍ ရေးလိုက်ရပါသည်။ လုံးဝမပါဝင်ပဲတော့ ကျွန်တော်မရေးပါ။

**၁း၀း** မော်ဒန်စာပေဝေဖန်ရေးတွင် ဆန့်ကျင်ဘက်အစုံသီဝရီ ($BO_S$) BINARY OPPOSITIONS ဟူ၍ ရှိပါသည်။(ယင်းတို့ကို ငြိမ်အေး အိမ် ဝတ္ထုတိုများ အမှာစာ သစ္စာနီ၏ ပြတင်းပေါက်ကလေး၊ ဆရာမ ဝေနော်၏ ပျံသန်းလာသောအပြာရောင်တို့တွင် ကျွန်တော် တင်ပြပြီး ဖြစ်၍ ထပ်မံ မတင်ပြတော့ပါ။) လိုသလောက်သာ ဖော်ပြ ရှင်း လင်းပါမည်။

**၁း၁း** ယခု **မားသွားပေါ်မှကတဲ့ဆပ်ကပ်** ကို အဆိုပါ သီဝရီ အခြေခံနှင့် ထင်ဟပ်၍ တင်ပြပါမည်။ ထိုဝတ္ထုကို မူလထည့်သွင်း ဖော်ပြသော မဂ္ဂဇင်းတွင် 'ဝတ္ထုရှည်' စဆုံးဟု သတ်မှတ် အမည်ပေး ထားပါသည်။အရှည်အတိုဟူ၍ ပုံသေကားကျ သတ်မှတ်ချက်မျိုး မဟုတ်စေကာမူ ယေဘူယျသတ်မှတ်ချက်ဟူသည် ရှိစမြဲ ဖြစ်ပါ သည်။ ကျွန်တော် တစ်ယောက်သဘော ပြောရလျှင် ဤဝတ္ထုသည် 'အတို' ဖြစ်ပါသည်။ အရှည်မဟုတ်ပါ။ အရှည်ဟုပြောရသော ခိုင်ခိုင် လုံလုံ ရှိကောင်းရှိပါလိမ့်မည်။ သို့သော် ကျွန်တော်ကတော့ 'အတို'ဟု သတ်မှတ်ပါသည်။ ကျွန်တော်တို့အတွက် သည်လို သတ်မှတ်ချက် မျိုးက အရေးကြီးပါသည်။ အရှည်ဟုထင်ရသော အကြောင်းများဟု ကျွန်တော်ဆိုခဲ့ရာတွင် စာလုံးအရေအတွက်၊ စာမျက်နှာ အရေ

http://www.cherrythitsar.org

အတွက်ကို အခြေမခံပါ။

အရှည်ဟုထင်ရသော အခြင်းအရာတွင် ပထမဆုံးတွေ့ရသည့်မှာ **သရုပ်မှန် သမားရိုးကျနည်း** ဖြင့် အချိန်ကို 'ဆန့်' ၍ ရေးထားခြင်းဖြစ်ပါသည်။ အဓိကဇာတ်ဆောင် အထက်တန်းကျောင်းသားဘဝမှ တက္ကသိုလ်ကျောင်းသား၊ ထိုမှ ဘွဲ့ရပြီး ပန်းချီပြခန်းတစ်ခု ဖွင့်သည်အထိ 'အချိန်အတိုင်းအတာ'ကို တွေ့ရ၏။ ခန့်မှန်းခြေအားဖြင့် အထက်တန်းကျောင်းသားဘဝက ဘွဲ့ရသည်အထိ ငါးနှစ်။ ပြခန်းဖွင့်သော အလုပ်၊ အဖေ၏ ကန်ထရိုက်လုပ်ငန်းတို့ကို ဘယ်နှနှစ် လုပ်ကိုင်သည်ဟု မပြော။ သို့သော် သူ့ကျောင်းနေဖက်၊တစ်တန်းတည်းသားတစ်ယောက် အမျိုးသား လက်ရွေးစင် ဘောလုံးသမား ဖြစ်သည့်အချက်ကို ထောက်၍ လေးငါးနှစ်ကြာဦးမည်။ နှစ်ရပ်ပေါင်း (၁၀) နှစ်ဝန်းကျင်ဟု ခန့်မှန်း၍ရနိုင်ပါသည်။ ဆယ်နှစ်တာကာလ အတိုင်းအတာသည် 'နေ့တစ်နေ့' ၂၄ နာရီအတွင်းဖြစ်ပါသည်။ သို့သော် မတတ်နိုင်ပါ။ ဝတ္ထုဆရာက သည်အတိုင်း ရေးထားပါသည်။ ဝတ္ထုရှည်ဟု ထင်ရသောအကြောင်းကို ကျွန်တော်ပြောလိုရင်း ဖြစ်ပါသည်။

နောက်တစ်ချက် **ဇာတ်လိုက်၊ အဓိက ဇာတ်ဆောင်များမှာ သူငယ်ချင်းထည့်ပေးထားခြင်း** ဖြစ်ပါသည်။ ဤလက္ခဏာသည်လည်း 'သရုပ်မှန်၊ သမားရိုးကျ ဝတ္ထုရှည်' တို့၏ လက္ခဏာဖြစ်ပါသည်။ ကျွန်

တော်တို့ဝတ္ထုများမှာ အဓိကဇာတ်လိုက်တွင် သူငယ်ချင်း အမြဲပါတတ်ပါသည်။ အထူးအဖြင့် အချစ်ဝတ္ထုများတွင် သိသာပါသည်။ သုတေသီများ ကျက်စားဖော်ထုတ်သင့်သော နယ်တစ်နယ်ဖြစ်ပါသည်။ အခြားသော (ရုပ်ရှင်၊ ဗီဒီယို) များတွင် ထင်ရှားပါသည်။ ကျွန်တော်တို့ မီသမျှဝင်းဦးပါလျှင် သန်းနွဲ့ပါသည်။ ကောလိပ်ဂျင်မှာလည်း သူငယ်ချင်းနှင့်ပင်။ ယနေ့ ရန်အောင်၊ ကျော်ရဲအောင်တို့အထိ ညီကျော်၊ ထူးသာ၊ ကုသိုလ်၊ ပိုးဖြူ ပါရသည်။ ကွယ်လွန်သူ **ဆရာ ငြိမ်းကျော်**၏ ဝတ္ထုများတွင် ဇာတ်လိုက်၏ သူငယ်ချင်းကို အတော် နေရာပေး၍ ဖော်ပြသည်။ ဇာတ်လိုက်သူငယ်ချင်း၏ အလုပ်က ဘာလဲ။ 'ဇာတ်ပို့ဇာတ်ရံ' ဆိုသော စကားအတိုင်း ဝိုင်းရံ၍ ပို့ပေးသည်။ ဘာကိုပို့ပေးသလဲ။ ဇာတ်လိုက် ကြံစည်ပြောဆိုပြုမူခြင်းတွေ ဇာတ်လိုက်၏ စိတ်ခံစားမှု အခြေအနေတွေ ဝိုင်းရံပို့ပေးသည်။ ဤသရုပ်မှန်၊ သမားရိုးကျနည်းကို ဝတ္ထုထဲမှာ တွေ့ပါသည်။

နောက်တစ်ချက်က **အဓိကဇာတ်ဆောင် (ပထမ ဇာတ်လိုက်နှင့် ဒုတိယဇာတ်လိုက်ကို မတိမ်းမယိမ်း ရေးဖွဲ့ထားသည်။** ဤ ဝတ္ထုတွင် ချမ်းငြိမ်းသည် ပထမဇာတ်ဆောင်၊ သီဟသည် ဒုတိယဇာတ်ဆောင်၊ သီဟ၏စရိုက်လက္ခဏာ CHARACTER ကိုလည်း မြှင့်၍ ရေးဖွဲ့ထားသည်။ စာဖတ်သူအဖို့ ထူးခြားနေသော စရိုက်လက္ခဏာမျိုး

ဖြစ်သည်။ 'ထူးခြားနေသော'ဆိုသော စကားရပ်ကို ကျွန်တော်တို့ သတိပြုပါသင့်သည်။ ချမ်းငြိမ်းရော၊ သီဟရော 'လူတိုင်းမှာ မရှိသည့်' အတွေ့အကြုံ၊ အပြုအမူတွေ ရှိနေသည်။ သမားရိုးကျ CONVEN-TIONAL ဇာတ်ဆောင် သီ၀ရီများနှင့် ချိန်ထိုးကြည့်နိုင်ပါသည်။ (ဆရာ အောင်သင်းတို့ ဆရာ ကျော်စောမင်းတို့ အတော် ပြည့်ပြည့်စုံစုံ ပြော ထားပြီး ဖြစ်ပါသည်။ ထူးခြားသည်မှာ စာဖတ်သူ၏ အာရုံစူးစိုက်မှု၊ ခံစားမှုနယ်မှာ သီဟကို ချမ်းငြိမ်းကို ကျော်၍ မသွား။ ကျော်မသွား အောင် ၀တ္ထုဆရာက ဂရုပြုရေးသားထားသည်ကို တွေ့ရပါသည်။ ဤနည်းလည်း သရုပ်မှန် သမားရိုးကျနည်းပင် ဖြစ်ပါသည်။ ကျွမ်း ကျင်နိုင်နင်းစွာ အသုံးပြုသွားသည်ကိုလည်း တွေ့ရပါသည်။

နောက်တစ်ချက်မှာ **အဖြစ်အပျက်တို့ကို အစီအစဉ်ဖြင့် ရေးဖွဲ့** ထားပါသည်။ ယင်းသည်လည်း သရုပ်မှန်၊ သမားရိုးကျနည်း ပင် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် **ဇာတ်လမ်း** ပါပဲ။ ဇာတ်လမ်းကို မစွန့်ပယ်သလို အစီအစဉ်ကိုလည်း စွန့်ပယ်ထားခြင်း မတွေ့ရပါ။ အထက်တန်း ကျောင်းသားဘ၀ အဖြစ်အပျက်၊ အတွေ့အကြုံများ၊ တက္ကသိုလ်ရောက်၊ ထို့နောက် ဘ၀ထဲကို ရောက်၊ သူငယ်ချင်းများနှင့် ပြန်တွေ့၊ ဆပ်ကပ်ကြည့်။ သီဟနှင့် စကားပြော၊ ၀င်း၀င်းနွယ်နှင့် စကားပြော၊ ၀င်း၀င်းနွယ်က သီဟပေးခဲ့သော ဓားကို သူ့အားပေး၊

ဤအစီအစဉ်များကို တွေ့ရပါသည်။ ယခုအထိ ကျွန်တော်တင်ပြခဲ့သမျှ **ဆရာ တာရာမင်းဝေ** သည် **"သရုပ်မှန်၊ သမားရိုးကျ သဘောများ"** ကို မစွန့်လွှတ်ကြောင်း တွေ့ရပါသည်။ သို့သော် ထိုအထဲမှာပင် **ထူးခြားချက် အရေးအဖွဲ့** များကို တွေ့ရပါသည်။ ထူးခြားချက် အရေးအဖွဲ့ ဆိုသည်မှာ ဤသို့ ဖြစ်ပါသည်။

ဇာတ်ဆောင် ချမ်းငြိမ်း၏ ဇာတ်ကောင် သရုပ်ဖော်အဖွဲ့ဖြစ်ပါသည်။ CHARACTERIZATION ကို ထူးခြားအောင် ရေးဖွဲ့ထားသည်။ လူတိုင်း လူတိုင်းမှာ တွေ့ရသော ဖြစ်ရိုးဖြစ်စဉ် တွေ့ရိုးတွေ့စဉ် စရိုက်သဘာဝ မဟုတ်ကြောင်း ပေါ်လွင်ပါသည်။ ပုံစံမှာ ချမ်းငြိမ်း၏ ဘောလုံးပွဲ အနိုင်အရှုံး သဘောထား၊ စာမေးပွဲတွင် အမှတ် ၇၀-ဖိုးသာ အဖြေ၍လွယ်သော ၃၀ ဖိုး ပုစ္ဆာများ မဖြေခြင်း၊ သူ၏ 'ဝင်သက်ထွက်သက်ဥပဒေသ'၊ 'တန်ပြန်ယဉ်ကျေးမှု အယူအဆ' မည်သူနှင့်မှ မတူသော 'ရေချိုးမှု' တို့သည် သူ့စရိုက် သဘာဝကို ထူးခြားစေသည်။ ဧကန်ဧက မပြောနိုင်သော်လည်း ဇင်/ZEN ၏ အငွေ့အသက်များ **ဖြစ်တည်မှု ပဓာနအတွေးအခေါ်**/ EXISTENTIAL-IST THOUGHT ၏ ရနံ့များ ရလိုက်သလိုလို ရှိ၏။ ဆယ်တန်းကျောင်းသားတစ်ယောက်၏ အတွေးအခေါ် ဖြစ်ရိုးဖြစ်စဉ်ကို **စံသွေး (**FORE-GROUND **လုပ်ထားသည်။)** ထားသည်။ ချမ်းငြိမ်း၏ အတွေးအခေါ်

များ **ထူးခြားလွန်းနေသည်။** (ဆရာကြီး FOSTER တို့ ဆရာ အောင်သန်းတို့၏ 'စရိုက်သေ၊ စရိုက်ရှင်' သီဝရီဖြင့် ကြည့်နိုင်ပါ သည်။) ရှေးဆရာများက **ဘုကျကျ လူ့ခွစာ လူကန့်လန့်**များဖြင့် သရုပ် ဖော်တတ်ပါတယ်။ ယခု **ဆရာတာရာမင်းဝေ** က သူ့စကားလုံး အတိုင်းပြောရလျှင် **အလွန် ရှင်းလင်းကြည်လင်** သော စရိုက် သဘာဝ ဖြင့် ထူးခြားအောင် သရုပ်ဖော်သည်။

ထို့ပြင် အခြား ထူးခြားသော နည်းပညာကလေးများကို လည်း တွေ့ရပါသည်။ ပုံစံအားဖြင့် ရုပ်ရှင်ပြကွက်အရောများလို့ . အချိန်ကာလကို ချုံ့ပစ်ခြင်း၊ ပွဲတော်ပြ မျက်နှာဖုံး စွပ်ထားသော လူ အုပ်များတို့ ဖြစ်ကြပါသည်။ "တကယ်တော့ ဒီလောကဟာ တို့အခု ဝင်ကြည့်တဲ့ ဆပ်ကပ်ကလေးထက် အများကြီး ပွေလီတဲ့ ဆပ်ကပ် ကြီး" ဟူသော အဆိုက တည့်တိုး(ဒဲ့ဒိုး) ပြောထားခြင်းသည် မထူးခြား သော်လည်း ဓားပေါက်ပြကွက်တွင် ဓားသည် ပစ်မှတ်ကို မထိ အခါခါ လွဲချော်နေခြင်းအတွက် သီဟာရှက်နေခြင်းသည် ထူးခြားပါသည်။ ဓား တစ်လက်၏ ဂုဏ်သိက္ခာသည် ဘာလဲ၊ ပစ်မှတ်ကို ထိခြင်းလား။ ဆပ်ကပ်ထဲမှ ပေါက်ဓား၏ ဂုဏ်သိက္ခာသည်ပစ်မှတ်ကို 'မထိ' ခြင်း ဖြစ်ကြောင်းကိုမူ ဆရာ တာရာမင်းဝေက ပြောမထား။ ဤအချက် သည်ပင်လျှင် သီဟာ၏ စိတ်နေသဘာဝ ဖြစ်ပါလိမ့်မည်။

ချုပ်ရလျှင် "ခါးသွားပေါ်မှာ ကတဲ့ဆပ်ကပ်" သည် သရုပ် မှန် သမားရိုးကျဝတ္ထု ဝတ္ထုတစ်ပုဒ်ပင် ဖြစ်သော်လည်း ဇာတ်ကောင် ၏ လောကအမြင်၊ ဇာတ်ကောင်ပြောစကားများကို ထူးခြားအောင် ရေးဖွဲ့ထားသောကြောင့် မော်ဒန်အတွေးအခေါ် လက္ခဏာများ ပါနေ သည်ဟု ထင်မြင်ယူဆဖွယ် ဖြစ်နေပါသည်။ ဝတ္ထုတစ်ပုဒ်လုံးအနေနှင့် **ဆန့်ကျင်ဘက်အစုံ** $BO_S$ **သီဝရီ** ဖြင့် ရှုမြင် သုံးသပ်ပါက **သရုပ်မှန် သမားရိုးကျ/**REALISTIC/ CONVENTIONAL ဝတ္ထုလား၊ **မော်ဒန်/** MODERN ဝတ္ထုလား မကွဲမပြား ရောထွေးရေးဖွဲ့ထားပါသည်။ ဝတ္ထု တိုလား၊ ဝတ္ထုရှည်လား ဟူ၍လည်း မကွဲမပြား ရောထွေးရေးဖွဲ့ထား ပါသည်။ ကျွန်တော်အနေနှင့်တော့ ဤဝတ္ထုသည် (၁) ထူးခြားချက် များ ယှက်ဖောက်ထားသည့် သရုပ်မှန်၊ သမားရိုးကျဝတ္ထုတစ်ပုဒ် ဖြစ်သည်။ (၂) ချမ်းငြိမ်း၏ လောကအမြင်တစ်ခုကို အရအမိ ယူ၍ ပြောနိုင်သောကြောင့် အတိုတစ်ပုဒ် ဖြစ်သည်ဟု ကောက်ချက်ချလို ပါသည်။

၁း၂း **'ပင်လယ်တစ်ဝက် တောင်တန်းတစ်ဝက်ဖြစ်နေတဲ့ ကောင် လေး'** ဝတ္ထုကိုကြည့်ပါဦးမည်။ ဤဝတ္ထုကိုလည်း မူလ ဖော်ပြသော မဂ္ဂဇင်းက ဝတ္ထုရှည်ဟု ကမ္ပည်းတပ်ပါသည်။ အရှည်အတို ပြဿနာ ကို ကျွန်တော် ဘဝင်မကျလှပါ။ ကွယ်လွန်သူ **ဆရာငြိမ်းကျော်** က

တော့ **ဝတ္ထုလတ်** ဟု အမည်ပေးခဲ့ပါသည်။ အချို့သော စာလောက မှ 'အူကြောင်ကြား' များက ပြဿနာမရှိ ပြဿနာ လုပ်သည်ဟု ပြောကောင်း ပြောပါမည်။ စင်စစ်ကျ ပြဿနာသည် ကျွန်တော်တို့ အဖို့ ပြဿနာ ဖြစ်ပါသည်။ ဝတ္ထုရေးသူမှာ ပြဿနာမရှိသော်လည်း ကျွန်တော်တို့မှာ ရှိနေပါသည်။ ဆက်လက် ဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤဝတ္ထုတွင် **မော်ဒန်ဝတ္ထု၏ လက္ခဏာများ အတော်အား ကောင်းနေပါသည်။** "ဓားသွားပေါ်မှာ ကတ္တဲဆပ်ကပ်' ထက် ကျွန်တော် ပိုကြိုက်ပါသည်။ ကျွန်တော့်အကြိုက်မျှသာ ဖြစ်ပါသည်။ ခေါင်းစဉ်ဖြင့် ဖမ်းစားခြင်းသည် နည်းပညာတစ်ခု ဖြစ်ပါသည်။ ပထမဆုံး ကျွန်တော်တွေ့သော အချက်မှာ 'ဝတ္ထုခေါင်းစဉ်' ဖြစ်ပါသည်။ ခေါင်းစဉ်ဖြင့် ဖမ်းစားခြင်းသည် နည်းပညာ တစ်ခု ဖြစ်ပါသည်။ သည် ကောင်လေး ဘာကြောင့် တောင်တန်းတစ်ဝက်၊ ပင်လယ်တစ်ဝက် ဖြစ်ရသလဲ ပြောမထားပါ။ တောင်တန်းက ဘာလဲ၊ ပင်လယ်က ဘာလဲ ပြောမထားပါ။ 'ဖွင့်ထားသော နိမိတ်ပုံ' ဖြစ်နေခြင်းသည်ပင် လျှင် **တာရာမင်းဝေ** ၏ နည်းပညာ ဖြစ်ပါသည်။

နောက် သတိပြုမိသောအချက်မှာ အခန်းစဉ် နံပါတ်ပ၍ ခွဲပုံဖြစ်ပါသည်။ ၁၊၂၊ ၃ပြီးတော့ ၁၊၂၊၃ ပြန်လာသည်။ နောက်ဆုံး

အထက် တန်းကျောင်းသားဘဝ၊ ဒုတိယသုံးခန်းမှာ ဘဝထဲက ဘဝ၊ နောက်ဆုံး တစ်ခန်းမှာလည်း ဘဝထဲက ဘဝဟု ယူဆဖွယ် ဖြစ်ပသည်။ နောက် သတိပြုမိစရာမှာ နံပါတ်ထိုး၍ 'အောက်ခြေမှတ်စုံ' FOOT NOTE များ ပေးခြင်း ဖြစ်ပါသည်။ အောက်ခြေမှတ်စုသည် လေးနက် ခက်ခဲသော ကျမ်းများမှာသာ ပါလေ့ရှိ၏။ **ဆရာမင်းဝေ** ဘာကြောင့်သုံးသလဲ။ အောက်ခြေမှတ်စုပေးရန် မလိုအပ်။ ထူးခြားသော အကြောင်း မရှိ။ ဘာကြောင့် ပေးသလဲ။ ပေးချင်လို့ ပေးသည်။ တမင်ပေးသည် ဟူသော အဖြေသာ ရပါသည်။ ဤလက္ခဏာသည် POSTMODERN ဝတ္ထုများ၏ လက္ခဏာဖြစ်ကြောင်း ကျွန်တော် အသေအချာ ပြောနိုင်ပါသည်။ ဝတ္ထုတစ်ပုဒ်လုံးအနေနှင့် အခြားသော အချင်းအရာများ၊ လက္ခဏာများကို ကြည့်၍ ဆုံးဖြတ်ရလျှင် ဤဝတ္ထုသည် POST-MODERN မဟုတ်ပါ။ သို့သော် ဤအောက်ခြေမှတ်စုနည်းပညာမူ ပို့စ်မော်ဒန်နည်းပညာ ဖြစ်ပါသည်။

အလားတူစွာ 'သူ့ကိုယ်ရေးမှတ်တမ်းထဲမှ စာသားများ' ကို ထည့်သွင်းထားခြင်းသည်လည်း ပို့စ်မော်ဒန်နည်းပညာ တစ်ခု ဖြစ်ပါသည်။ ဝေဖန်ရေးဝေါဟာရမှာ PATISCHE ဖြစ်ပါသည်။ သည်ဝတ္ထုမှာလည်း **ဆရာမင်းဝေ** က ရေးဟန်အားဖြင့်

သိသိသာသာ ကွဲပြားသော စာသားများကို ထည့်သွင်းထားပါသည်။ ထူးခြားချက် တစ်ခုဟု သတ်မှတ်ရပါမည်။

နောက်ထူးခြားချက်တစ်ခုမှာ 'ကွင်းစကွင်းပိတ်' ဖြင့် စာသားအချို့ ဝါကျအချို့ကို ဖော်ပြထားခြင်း ဖြစ်၏။ ဘာကြောင့်လဲ၊ ကွင်းစကွင်းပိတ် ထည့်ဖို့ လိုအပ်သလား။ ထူးခြားသော အကြောင်း ရှိသလား။ ဤတွင်လည်း အဖြေမှာ ထည့်ချင်လို့ ထည့်သည်ဟူသော အဖြေပင် ဖြစ်ပါလိမ့်မည်။ စကားပြေစီးကြောင်းကို ထစ်သွားအောင် တုံ့ဆိုင်းသွားအောင် လုပ်ခြင်းပင် ဖြစ်ပါသည်။ မလိုအပ်ဘဲနှင့် တမင် ထည့်ရေးခြင်းသည်ပင်လျှင် နည်းပညာ တစ်ခု ဖြစ်သည်။ တစ်ယောက်ယောက်က ဒါ မော်ဒန်လက္ခဏာ မဟုတ်၊ စတန့်ထွင်ခြင်း ဖြစ်သည်ဟု ပြောလျှင် ဟိုစတန့်သည်ပင်လျှင် မော်ဒန်လက္ခဏာ နည်းပညာတစ်ခုဟု ကျွန်တော် ပြန်ပြောရပါလိမ့်မည်။ နောက်တစ်ချက်မှာ ယခင်ဝတ္ထုကဲ့သို့ပင် ဇာတ်ကောင် 'ကျွန်တော်' ကို ထူးခြားသော စရိုက်များဖြင့် သရုပ်ဖော်ထားသည်။ ပုံစံအားဖြင့် ကုဋေရှစ်ဆယ် သူဌေးသား စာစီစာကုံးရေးရန် ငြင်းဆန်ခြင်း၊ အိုင်ကျူ မေးခွန်းတွင် အဆင့်မြင့်နေခြင်း၊ သစ်ပင်များ၊ ဓာတ်တိုင်များနှင့် စကားပြောတတ်ခြင်းတို့ ဖြစ်ပါသည်။ ယင်းတို့သည် ဖြစ်ရိုးဖြစ်စဉ် မဟုတ်။ သာမန်ထက် ပိုနေသည်။ ထူးခြားနေသည်။ ဆရာ **မင်းဝေ** သည်

ဤ နည်းကို အလွန် နှစ်ခြိုက်ပုံ ရသည်။ (ဝါ) ဤနည်းပညာကို အလွန် အားကိုးပုံ ရသည်။ သူ့ဝတ္ထုအတော်များများ ထူးခြား ပေါ်လွင်နေသည်မှာ ဤသို့သော် "ဇာတ်ကောင် သရုပ်ဖော်အဖွဲ့၊ စိတ်နေသဘာဝအဖွဲ့" များကြောင့် ဖြစ်မည်ဟု ယူဆဖွယ် ရှိပါသည်။

**စံသွေထားသော (**FOREGROUND **လုပ်ထားသော)** အဖွဲ့ များကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ပုံစံအားဖြင့် သစ်ပင်မိတ်ဆွေများ ရှိခြင်း၊ သစ်ပင်များနှင့် စကားပြောခြင်း၊ သော့ပျောက်သွားပုံ၊ သော့ ပြန်တွေ့ပုံ၊ လေယာဉ်ပျံပေါ်က စာပစ်ချသွားပုံ၊ မိုးခါးရေတွေ အန်ခြင်း၊ အိပ်မက် မက်ခြင်း၊ အိပ်မက်ထဲမှာ ဘောလုံးနှင့် စကားပြော ခြင်းတို့ ဖြစ်ပါသည်။ အိပ်မက်ခန်းကို ကျွန်တော် သဘောမကျပါ။ အိပ်မက်ထဲမှာ မဟုတ်ဘဲ ဘောလုံးကလေးကို သည်အတိုင်း ပြန်တွေ့ လျှင် ပိုကောင်းမည်ဟု ကျွန်တော် ယူဆပါသည်။ သို့သော် ကျွန်တော် ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိပါ။ ဆရာ **မင်းဝေ** သည် အတိုင်း ရေးထားသောကောင့် ထိုအဖွဲ့သည် **စံသွေမှု** ဟု ကျွန်တော် ဆုံးဖြတ်ခဲ့ပါသည်။

နောက်တစ်ချက်မှာ ဘယ်သူဘယ်ဝါ ဖော်ပြမထားသော ဇာတ်ကောင် နှစ်ဦး ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ လက်ဖက်ရည် ဆိုင်မှာ သူနှင့် စကားပြောသော သူနှင့်သူ့ထံ ပန်းချီကား လာဝယ်သူ

တို့ ဖြစ်ပါသည်။ သူနှင့် ဘောလုံးကန်ဖက် (တစ်ဦးတည်းသော) သူငယ်ချင်းသည်လည်း အထက်ပါ ဇာတ်ကောင်နှစ်ယောက်ကဲ့သို့ ဘယ်သူဘယ်ဝါ မသိရ။ မှိန်ဝါး၍ ထားသည်။ ဤအချက်ကား မှတ်သားဖို့ ကောင်းပါသည်။ "မော်ဒန်နည်းပညာ" လက္ခဏာရပ်တစ်ခုအဖြစ် ပီပြင်ပါသည်။

နောက်ဆုံးအခန်း (နံပါတ် '၁' ဟု တပ်ထားပါသည်) သည် အထူးခြားဆုံး ဖြစ်ပါသည်။ **သေခြင်းကို ပြောသလား၊ လွတ်မြောက်ခြင်းကို ပြောသလား၊** ရောထွေးရေး၍ ထားပါသည်။ ရှေ့တွင် နိမိတ်ပြထားသည်မှာ 'သချိုင်း' ဖြစ်ပါသည်။ သချိုင်းကို သချိုင်းတစ်ခု အဖြစ်သူ မြင်တွေ့လိုက်ရခြင်းကို ရသမြောက်သည်ဟု သူ ဆိုထားပါသည်။ ဤစာပိုဒ်၏ သော့ချက်စကားရပ်များမှာ (၁) လောကကမ်းပါး (၂) ချောက်ကမ်းပါး (၃) ချောက်ကမ်းပါး၏ ဟိုဘက်တွင် ရွှေရောင်ပျပျ (၄) ပျောက်သွားသော သော့ပြန်တွေ့မည်ထင်နေခြင်း (၅) ဒုက္ခ ပူပန်မှု ကင်းပလွတ်မြောက်ရာ တစ်ဖက်ကမ်း တို့ဖြစ်ကြပါသည်။ (လောကုတ္တရာ ဝိမုတ္တိရသ. . . စသည်တို့ ကျွန်တော် မသိပါ။ မော်ဒန်ဝတ္ထုသည် လောကီကိစ္စ ဖြစ်ပါသည်။)

ချုပ်ရလျှင် 'တောင်တန်းတစ်ဝက်' ဝတ္ထုသည် . . . သရုပ်မှန် သမားရိုးကျအငွေ့အသက် မကင်းသော်လည်း မော်ဒန်သဘော

လက္ခဏာများ အားကောင်းထင်ရှားသော ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း အသေအချာ ပြောနိုင်ပါသည်။

**၁း၃ "ကျွန်တော်နှင့် ကြယ်ကြွေသတို့သမီး"** သည် အလွန်လှပသော အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု ကျွန်တော် မှတ်ချက်ချလိုပါသည်။ ယနေ့ခေတ်အခါမှာ အချစ်ဝတ္ထုကို ဘယ်လိုစာဖတ်ပရိသတ်မျိုးဖတ်သလဲ ကျွန်တော်မသိပါ။ အသက်၊ ကျား၊ မ၊ အလုပ်အကိုင်၊ ဘဝပတ်ဝန်းကျင်၊ လူတန်းစား စသော အချက်အလက်များနှင့် သုတေသနပြုမှ ပြောနိုင်လိမ့်မည် ထင်ပါသည်။ သို့သော် အချစ်ဝတ္ထုဖတ်သော ပရိသတ်အချို့ ကြိုက်နှစ်သက်ပါလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤဝတ္ထုသည် အလွန်လှပသော သည်ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ဖော်ဆောင်၍ ထိန်းထားသော အချက် '၂' ချက်ရှိပါသည်။ (၁) စကားပြော ရေးဟန်လှပခြင်း၊ (၂) သူ့ထုံးစံအတိုင်း ထူးခြားချက်များ ထည့်သွင်းထားခြင်းတို့ ဖြစ်ပါသည်။

စကားပြောရေးဟန်ကို စိစစ်မည်ဆိုပါက အမှာစာ သဘာဝ၊ ပေးနိုင်သော စာမျက်နှာအရ မဖြစ်နိုင်ပါ။ စကားလုံးအသစ် တွဲစပ်ပုံ၊ နာမ်အထူးပြုပုဒ်များ၊ ကြိယာအထူးပြုပုဒ်များ၊ ဝါကျခွဲများ၊ အဆုံးတူသော အလင်္ကာများဖြင့် အသေးစိတ် ရပါလိမ့်မည်။ ထိုသို့

အသေးစိတ် မပြနိုင်သည့်အတွက် ကျွန်တော် တောင်းပန်ပါသည်။ မူရင်းကိုဖတ်၍ ခံစားကြည့်ပါလျှင် ကျွန်တော်ပြောသော စကားပြေ ရေးဟန်အလှများ ပေါ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ထူးခြားအောင် ရေးဖွဲ့တတ်ခြင်းမှာ ဤသို့ဖြစ်ပါသည်။ ခမောက်အပြာဆောင်းထားတဲ့ ကောင်လေးတစ်ယောက်၊ ကောင်မလေးတစ်ယောက်၏ ပိုက်ဆံအိတ်ကောက်ရ၊ ပြန်ပေး၊ ကောင်မလေးက ရိုးသားသူအဖြစ် ခြံထဲမှာ အလုပ်ခန့်ဖို့ ခေါ်သွား၊ ကောင်လေး လိုက်သွား၊ နောက် ကောင်လေးထွက်သွား၊ မီးရထား အကြိတ်ခံ သေဆုံးသွားပြီဟု နှုတ်ဆက်စာရေးခဲ့. . ဤဇာတ်လမ်း အကြမ်းထည် ကျောရိုးတွင် လှပသော စကားပြောများနှင့်အတူ ထူး ခြားချက် တစ်စုံ တွေ့ရပါသည်။ ထိုထူးခြားချက်မှာ ကောင်လေးသည် ခြေသလုံးအိမ်တိုင် လူဆင်းရဲကလေး မဟုတ်ဟူသော အချက်ဖြစ် သည်။ ထိုအချက်ကို အသေအချာ မပြ။ သူ့အဖေအကြောင်း တစ်စွန်းတစ်စ၊ ရုပ်ရှည်အတော်သန့်သည်ဟု ပြောသော ခြံစောင့်၏ စကား၊ တက္ကသိုလ်က သူငယ်ချင်းတွေဟူသော စကားရပ်၊ အနုပညာ သမား ဖြစ်တဲ့ ကျွန်တော့်လက်ချောင်းများလှသည် ဟူသော စကား တို့ဖြင့် ဝှက်ဖော် ဖော်၍ ထားပါသည်။ တက္ကသိုလ်ကျောင်းသားက သူဌေးသမီး ကောင်မလေးတစ်ယောက်၏ ခြံမှာ ခြံစောင့်လာလုပ်

ခြင်းသည် 'လူကြိုက်များနိုင်သော အကွက်တစ်ကွက်' ဖြစ်ပါသည်။ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ထူးခြားချက် ဆိုသည်မှာ ဤအချက်မျိုးကို ကျွန်တော် ဆိုလိုပါသည်။

နောက် ထူးခြားချက်တစ်ခုမှာ **သိစိတ်အလျဉ်ရေးနည်း/** STREAM OF CONSCIOUSNESS TECHNIOUS ၏ **ရှေးဦး အမျိုးအစား/**PROTOTYPE ဟု ကျွန်တော် သတ်မှတ်သော **တိုက် ရိုက်အလွတ်ပြောစကား/** FREE DIRECT SPEECH ဖြစ်ပါသည်။ ထိုစကားများကို **"ဇာတ်ကျော့" စာသား** TEXT တွင် ယှက်ဖောက် ထည့်သွင်းထားပါသည်။ "ကျွန်တော်" ဆိုသော နာမ်စားကိုသုံး၍ ပုံမှန်ဇာတ်ကြောင်းပြန်နေသော NARRATION ကြားမှ ထူးခြား ပေါ်လွင် တောက်ပနေသည်ဟု ကျွန်တော်မှတ်ခက်ချလိုပါသည်။

**သူဟာ မနက်မိုးစောစောလင်းချိန်မှာ ခြံထဲက စံပယ်ပွင့် ကြွေတွေ လိုက်ကောက်ပါတယ်။ ကျွန်တော် ကူညီကောက် ပေးချင်ပေမယ့် သူ့ရဲ့ ငြိမ်းချမ်းပျော်ရွှင်မှုလေးကို ကျွန်တော့် ကြောင့် ပျက်ပြီးသွားမှာ စိုးခဲ့တယ်။ မကောက်ပေးဖြစ်ခဲ့ပါ ဘူး။**

**(ပုံမှန်ဇာတ်ကြောင်းပြန်)**

**မြောက်ပြန်လေကတော့ ရွှေရောင်ရိုင်းရိုင်းတွေ မှုတ်ထုတ်**

http://www.cherrythitsar.org

**ရင်း ဆောင်းပန်းပုရုပ်ကို ပုံဖော်ဆဲပါ မိသံလွင်။ ငါ့ရဲ့ လာရာလမ်းမှာ မင်းကို လွမ်းရင်းလခြမ်းတွေ ရှုပ်ရှက်ခတ် အောင် ကြွေခဲ့ဖူးတယ်ဆိုတာ ယုံပါ။**

**(F.D.S အလွတ်တိုက်ရိုက်ပြောစကား)**

**ဆံနွယ်ခက်ကလေးတွေကို သပ်တင်လိုက်ပါဦး သံလွင် ရယ်။ ချိုချိုကြွကြွဖြစ်နေတဲ့ ငါ့ဥယျာဉ်ထဲက မီးတစ်ရှုံ့နှစ်ရှုံ ကို မျက်တောင်ကလေး ယိမ်းဝင့် လှုပ်ခတ်ရုံမျှနဲ့ မင်းက ငြိမ်းသတ်နိုင်ပါတယ်။**

**(F.D.S အလွတ်တိုက်ရိုက်ပြောစကား)**

ဤပုံစံသုံးခုမျှနှင့် ကျွန်တော်ပြောလိုသော အချက်ပေါ် လွင် ပြီ ထင်ပါသည်။

နောက်တစ်ချက်မှာ **သရုပ်မှန်လွန်/**SURREALISM ဘက် သို့ ရောက်သော အရေးအသားများကို တွေ့ရခြင်း ဖြစ်ပါသည်။ ပုံစံအားဖြင့် . . ပင့်ကူနိမိတ်ပုံ **မှုန်တလက်လက်၊ အိပ်မက်ဆန်ဆန်၊ နှင်းစက်ရစ်သမ်တွေ ယှက်ဖောက်လို့** နေ့စဉ် **မိုးကောင်းကင်ဆီက မိန်းမပျို တစ်ယောက် တစ်လှမ်းချင်း၊ ဆင်းလာနေတာကို ကျွန်တော် မြင်တယ် . . .** ဟူသော အဖွဲ့တို့တွင် သရုပ်မှန်လွန် အခြင်းအရာများ တွေ့ရပါသည်။

ဤနေရာမှာလည်း 'ပုံမှန်ဇာတ်ကြောင်းပြန်၊ အလွတ်တိုက် ရိုက်ပြောစကား'၊ 'သရုပ်မှန်၊ သရုပ်မှန်လွန်' ဟူသော BINATY OPPOSITIONS/BOs 'မော်ဒန်/အချစ်ဝတ္ထု' တစ်ပုဒ် ဖြစ်သည်ဟု ကျွန် တော် မှတ်ချက်ချလိုပါသည်။ တာရာမင်းဝေကို တာရာမင်းဝေ ဖြစ် စေသော အရေးအသား နွဲ့ပျောင်းမှုများကို တွေ့ရသည်ဟုလည်း ပြောလိုပါသည်။ အဆိုပါ နွဲ့ပျောင်းမှုများ၏ ရေးဟန်ကို အသေးစိတ် စိစစ်တင်ပြခွင့် မသာသည့်အတွက် ကျွန်တော် တောင်းပန်လိုက်ပါ သည်။ နောက်ဆုံးတစ်ချက် တင်ပြလိုပါသည်။

**၂း၀း** မော်ဒန်ဝတ္ထုတိုသည် နည်းပညာ၊ ရေးဟန်တို့အရ အလွန် ထွေပြားပါသည်။ ရေးသူတို့၏ တစ်ဦးချင်း (ဝါ) လက္ခဏာဆောင် သော သဘော IDIOSYNCRACY ဆိုသည်မှာ ရှိစမြဲ ဖြစ်ပါသည်။ အနုပညာတို့၏ ယေဘုယျ သဘောကိုက ထိုသို့ဖြစ်လိမ့်မည် ထင်ပါ သည်။ **တာရာမင်းဝေ** သည် မော်ဒန်ဝတ္ထုရေးရာတွင် ဇာတ်လမ်း ဇာတ်ကွက်ကို လက်မလွှတ်ဘဲ 'ပုံပြင်'ဆန်ဆန် ရေးလေ့ရှိပါသည်။ စကားပြော၏ အလှအပ နွဲ့ပျောင်းမှုကို အထူးအာရုံစိုက်ကြောင်း လည်း တွေ့မြင်ရပါသည်။ အရေးကြီးသည်ဟု ကျွန်တော်ထင်သော အချက်မှာ


**တာရာမင်းဝေသည် တာရာမင်းဝေဖြစ်နေဖို့၊ တာရာမင်း ဝေ၏ ဝတ္ထုများတွင် တာရာမင်းဝေ၏ တံဆိပ်အမှတ်လက္ခဏာများ ပါဝင်ပေါ်လွင်နေဖို့**ပဲ ဖြစ်ပါသည်။ ဝေဖန်ရေးဆရာတစ်ယောက် အနေနှင့် ပြောရလျှင် ကျွန်တော်တို့၏ အကြိုက်နှင့် မှတ်ချက်သည် သိပ်အရေးမကြီးပါ။ ပို၍ အရေးကြီးသည်ဟု ကျွန်တော်ထင်သော အချက်မှာ **တာရာမင်းဝေ ဝတ္ထုတွေ ရေးနေဖို့ပဲ ဖြစ်ပါသည်။**

ဆရာတာရာမင်းဝေ ကျန်းမာလွတ်လပ်ကင်းရှင်းပါစေ

**ဇော်ဇော်အောင်**

**၂၂၊ ၈၊ ၉၆**

http://www.cherrythitsar.org




http://www.cherrythitsar.org